# ပိုပိုင်နှင်းဆီ

## မိုင်းဝေးလမ်းကလိပ်ပြာဖြူ





**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ခိုင်မာပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ယဉ်မိုးပိုင်<br>(ဆောင်းညပြာသို စာပေ)<br>အမှတ်–၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | – | ဒေါ်နီနီခိုင် (၀၇၁၃၅)<br>သီရိမေရောင်စုံပုံနှိပ်တိုက်<br>အမှတ်(၁၉)၊ လမ်း(၉၀)၊<br>ကန်တော်ကလေး၊<br>မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။<br>ဖုံး–၀၁ ၃၉၉၀၆၄ |
| အတွင်းဖလင် | – | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | – | သီရိမေ |
| ကွန်ပျူတာစာစီ | – | (Asia Glory) |
| ပုံနှိပ်ခြင်း | – | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ<br>(ပထမအကြိမ်) |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ |

၈၉၅. ၈၃

မူပိုင်နှင်းဆီ

ဟိုင်းဝေးလမ်းကလိပ်ပြာဖြူ /မူပိုင်နှင်းဆီ – ရန်ကုန်

ဆောင်းညပြာသို စာပေ၊ ၂၀၁၃ ဩဂုတ်လ

၂၀၁ စာ၊ အလျား ၁၂. ၇ စင်တီ၊ အမြင့် ၁၇. ၇၈ စင်တီ

(၁) ဟိုင်းဝေးလမ်းကလိပ်ပြာဖြူ

## ကျေးဇူးတင်လွှာ

ကျွန်မဝတ္ထုထဲက ဇာတ်ကောင်'ညီထိုက်'နှင့်'အသခ်ေျ'အဖြစ် အကောင်းဆုံးသရုပ်ဆောင်ပေးခဲ့သည့်အပြင် ဇာတ်ဝင်ခန်းထဲမှဓာတ်ပုံကို မျက်နှာဖုံးအဖြစ် ပေးသုံးခဲ့သည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မြင့်မြတ် နှင့် စံရတီမိုးမြင့် အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

မူပိုင်နှင်းဆီ

*ဆောင်းညပြာသိုစာပေ*

## Day....1

### 25-11-2012

ဒီနေ့. . . အအေးလှိုင်းဖြတ်မယ်လို့ မိုးလေဝသသတင်းက ကြေငြာထားသည်။ တကယ်လည်း လေတိုက်လိုက်တိုင်း စိမ့်စိမ့်ပြီး အေးနေလေရာ အသချော်သည် ဆွယ်တာအကျႌမှ ခေါင်းဆောင်းကို ခေါင်းမှာ ဆောင်းလိုက်ပြီး အချမ်းပြေစေရန် ကော်ဖီပူပူလေးတစ်ခွက်ကို ကိုယ်တိုင်ထဖျော်ပြီး အခန်းထဲက သူမ စာကြည့်စားပွဲလေးဆီမှာ ပြန်ထိုင်လိုက်သည်။

စိတ်တွေက ဘာလို့များ မတည်မငြိမ်ဖြစ်နေရတာပါလိမ့်. . များမကြာမီမှာ သူမဟာ စွန့်စွန့်စားစားအလုပ်တစ်ခုကို မလွဲမသွေလုပ်ကိုလုပ်ရလိမ့်မည်။ လှုပ်ရှားနေတဲ့စိတ်တွေ သက်သာလိုသက်သာငြား ကျောပိုးအိတ်ကလေးထဲကို အဝတ်အစား သုံး-လေးစုံခန့် ထိုးထည့်ပြီး သူမ သုံးနေကျ two-wayမိတ်ကပ်ဗူးလေးနဲ့ နှုတ်ခမ်းနီလိပ်မှော်ရောင်





လေးတစ်တောင့်ကို မမေ့မလျော့ ထည့်ဖြစ်အောင် ထည့်လိုက်သေးသည်။

ပြီးတော့. . . ဘီးတစ်ချောင်း။ ဒါလည်း လိုအပ်တာပဲလေ။

အသချော်က စားပွဲပေါ်မှာ တင်ထားတဲ့ သူမဖုန်းလေးကိုယူပြီး မနက်က ကိုကိုပို့လာတဲ့ message လေးကို ပြန်ဖတ်မိသည်။

"ဟုတ်ပါတယ်. . ဒီည ခြောက်နာရီ ချိန်းထားတာပဲ၊ ကိုကိုက ငါ့ကိုတော့ မနောက်လောက်ပါဘူးလေ. . ဒါပေမယ့်. . အချိန်မတော် ငါတစ်ယောက်တည်း သွားလို့ ကောင်းပါ့မလား. . အို. . . ဒီလိုသာ ကြောက်စိတ်တွေ များနေရင် ဒီတစ်သက် ကိုကိုနဲ့ငါ နီးရမှာမဟုတ်ဘူး၊ အားတင်းထား အသချော်. . ဒါ. . နင့်ဘဝအတွက် နောက်ဆုံးအခွင့်အရေးပဲ. . ဒီတစ်ဆင့်ကို နင်ကျော်ဖြတ်နိုင်ရင် ကိုကို့ရင်ခွင်ထဲမှာ တစ်သက်လုံး အိပ်စက်ခွင့်ရပြီ. . . ဘာမှတွေဝေမနေနဲ့. . သွားစရာရှိတာ သွားလိုက်. . ကိုကိုလင်းညိုက ယောကျ်ားပီသတာပဲ၊ သူ ငါ့ကို အစောကြီးလာစောင့်နေမှာပါ"

တစ်ယောက်တည်း. . စကားတွေ ပြောပြီး. . . အသချော်က အသချော့်ကို ပြန်ပြီးအားပေးနေမိသည်။

ဒီနေ့. . အအေးလှိုင်းဖြတ်ကာမှပဲ ကိုယ့်အခြေအနေနဲ့ကိုယ့်ဘဝကို ပိုပြီး သတိထားမိလာသည်။ ကြမ်းပေါက်ကြားက လေတိုးလို့

မိုအေးနေတာ သူမ သိသည်။ ဟိုးငယ်ငယ်လေးကတည်းက ပြည့်ပြည့်စုံစုံ ဘာတစ်ခုမှမရှိခဲ့တဲ့ ဘဝ . . ။

စားတော့လည်း ဆန်ကြမ်းနဲ့ငါးပိရည်၊ ကန်စွန်းရွက်။ ဒီ့ထက်ပိုပြီး အဆင့်မြင့်မြင့်စားဖူးတာဆိုလို့ ဘဲဥချဉ်ရည်ဟင်းနဲ့ကြက်ဥကြော်။ ပြီးတော့ . . အမေ့ဆိုင်က ကျန်တဲ့ဟင်းတွေ။ ဒါ . . အသဇ္ဈေရဲ့ဘဝပဲ။

ဒီဖုန်းလေးက ကိုကိုပေးခဲ့တဲ့ တစ်ခုတည်းသောလက်ဆောင်လေးပါ။ အသဇ္ဈေ ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ ကိုကို ပေးခိုင်းခဲ့တာ . . အသဇ္ဈေ အမြတ်နိုးဆုံးပစ္စည်းဆိုလည်း ဟုတ်တာပဲ။ သွားလေရာနေရာတိုင်းမှာ ကိုယ်နဲ့မကွာ အမြဲဆောင်သွားတတ်တဲ့ ဖုန်းလေးပေါ့။

ကိုကိုနဲ့ ဝေးနေရတဲ့ တစ်လလုံးလုံး ဒီဖုန်းလေးထဲက ကြားလာရမယ့် . . ကိုကို့အသံလေးကို နေ့စဉ် တမ်းတရင်း မျှော်နေရတဲ့ အသဇ္ဈေပါ။ ညတိုင်း ခေါင်းအုံးမှာ မျက်ရည်တွေ စွန်းခဲ့ရတာ ခေါင်းအုံးလေးက သက်သေတည်မှာပါ။

ဒီဘဝမှာ ကိုကိုနဲ့ဝေးရရင် အသဇ္ဈေ ရှူးရင်ရှူး၊ မရှူးရင် သေမှာပဲ . . ငွေတွေ . . ဂုဏ်တွေ . . အဆင့်အတန်းတွေက ကိုကိုလင်းညိုနဲ့ အသဇ္ဈေ့ကို ခွဲပစ်မယ့်လက်နက်တွေလား။

သူတို့က ဘယ်လောက်တောင် စွမ်းလို့လဲ . . အရာရာကိုငွေနဲ့လဲယူလို့ရပေမယ့် အသဇ္ဈေ့အချစ်ကို ငွေနဲ့လာမဖိနဲ့ ဒေါ်တင်တင်





တ် . . လုံးဝမရဘူးဆိုတာ ရှင် ကောင်းကောင်းသိလာစေရမယ် . . ကိုက အရွယ်ရောက်ပြီးသား လူတစ်ယောက်ပဲ။

သူ့မှာ . . ဦးနှောက်ရှိတယ်၊ သူ့မှာ နှလုံးသားရှိတယ်။ သူ့မှာ ရဲ့ကိုယ်ပိုင်ဘဝ ရှိကိုရှိရမယ်။

အတ္တအမိန့်နဲ့ ခနလက်နက်တွေ ထုတ်သုံးပြီးရင်း သုံးနေရင် ကို့ဘဝ ဘယ်လိုမှလှပလာစရာအကြောင်းမရှိဘူး။

တကယ်တော့ ကိုကို့ဘဝကို လှပလာအောင် အသဇ္ဈေတစ်ယောက်ပဲ လုပ်ပေးနိုင်တယ်။ စိုပြည်လာအောင်လည်း အသဇ္ဈေ ဖန်တီးပေးနိုင်တယ်။

"ကိုကိုရယ် . . အသဇ္ဈေလေ ကိုကိုနဲ့ဝေးပြီး မနေနိုင်ပါဘူး။ ကို့ကိုလွမ်းရင် . . ကိုကိုပေးခဲ့တဲ့ ကိုကို့အင်္ကျီလေးကိုဖက်ပြီး ငိုနေမြဲပါ၊ အဲဒီအင်္ကျီလေးမှာ ကိုကို့ကိုယ်နံ့လေး ရနေတော့ . . အသဇ္ဈေ့နားမှာ ကိုကို ရှိနေသလိုမျိုး ခံစားရတယ်ကွဲ့ . . မသိတဲ့သူတွေကတော့ အသဇ္ဈေ ရူးနေပြီလို့ထင်ကြမှာပဲ . . ကိုကို့ကို တွယ်ကပ်မိတဲ့အတွက် ကိုကို့အမေက အသဇ္ဈေ့ကို ပိုင်းလုံးမလို့ပြောတယ် . . ဆင်းတာနဲ့ပဲ ပိုင်းလုံးဖြစ်ရရောလား ကိုကိုရယ် . . ဘဝကံအကြောင်းမလှ့ ဆင်းရဲရပေမယ့် အသဇ္ဈေ့မှာ စိတ်ဓာတ်အောက်တန်းမကျပါဘူး . . တစ်နေ့ကျရင် ကိုကို့အမေ သိလာမှာပါလေ"

အသချေ်သည် စီးကျလာတဲ့မျက်ရည်တွေကို သူမလက်ဖမိုးနဲ့ ပွတ်သုတ်ပစ်ပြီး ကျောပိုးအိတ်လေးထဲကို ကိုကိုလင်းညိုရဲ့အကျီလေး ထည့်လိုက်သည်။

ပြီးတော့မှ. . ဗလာစာအုပ်ထဲက စာရွက်တစ်ရွက်ကို ဖြဲယူပြီး အသိပေးစာလို့ ပြောရမလား၊ လင်နောက်လိုက်မယ့်အကြောင်း ပြောတဲ့ စာလား. . ဘာမှန်းမသိပေမယ့် အမေနဲ့ အစ်ကို စိတ်မပူအောင် တော့ ရေးခဲ့ဖို့လိုလို့ သူမ ရေးရပါလိမ့်မည်။

သို့

အမေနဲ့ ကိုပေါက်

အသချေ်ကို ခွင့်လွှတ်ပါ။ မမုန်းလိုက်ပါနဲ့။ မနာကြည်းပါနဲ့နော်။ မလိမ္မာလို့ မိုက်မိတာ မဟုတ်ပါဘူး။ လိုအပ်လို့မိုက်လိုက်ရတာပါ။ အသချေ် ကိုကိုလင်းညိုနောက်ကို လိုက်သွားပါပြီ။ ဒါပေမယ့်. . . တစ်နေ့ကျရင် အသချေ်ပြန်လာမှာပါ။ မေမေတို့နဲ့ပဲ တစ်သက်လုံးနေသွားမှာပါ၊ အသချေ်ကို မမုန်းပါနဲ့နော်၊ မေမေ့ကို ချစ်တယ်။ ကိုပေါက်ကိုလည်း ညီမလေး ချစ်တယ်။ အသချေ် ပြန်လာမယ်။ ဆက်ဆက်လာခဲ့မယ်။ စောင့်နေပါနော်. . .

အသချေ်

စာရေးလို့ပြီးတော့ 'အသချေ်'လို့ ခေါ် သံ ကြားရသည်။





ဒီအချိန်လာတတ်တာဆိုလို့ အသချေ်ရဲ့သူငယ်ချင်း စွဲမြတ်ပဲ ဖြစ်မှာပါ။

"အသချေ်. . . အသချေ်. . နင် အခန်းထဲမှာလား"

"အေး. . ဝင်ခဲ့လေ စွဲမြတ်"

"မိန်းမ. . အခန်းအောင်းပြီး ဘာလုပ်နေတာလဲ၊ ဘာလဲ. . လွမ်းနာကျနေပြန်ပြီလား"

"ငါ့ရုပ်ကို သေချာကြည့်ပါဦးဟဲ့. . လွမ်းနာကျနေတဲ့ရုပ်ဟုတ်လို့လား"

အဲဒီတော့မှ စွဲမြတ်က အသချေ်ကို စေ့စေ့ကြည့်ပြီး

"အေးဟဲ့. . ဒီနေ့ နင့်မျက်နှာ မြူးနေပါလား. . ကိုကိုနဲ့ အဆက်အသွယ်ရပြီဆိုပါတော့"

"ဒီည ငါ သူနဲ့လိုက်သွားတော့မှာ"

"တကယ်. . နင် သူနဲ့ခိုးရာလိုက်တော့မယ်ပေါ့. . ဟုတ်လား၊ မလိုက်ပါနဲ့လားဟယ်. . နင့်အသက် ငယ်ငယ်လေးရှိသေးတဲ့ဥစ္စာ. . ပြီးတော့ ကြီးကြီးမှာ သွေးတိုးရှိတယ်နော်. . နင့်ကြောင့် တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

စွဲမြတ်စကားကြောင့် အသချေ်တောင် စိတ်နည်းနည်းလေးသွားမိသည်။

မေမေ့ကို စိတ်ပူပေမယ့် ဒီဘက်မှာက ဒီလိုလုပ်လို့မရပါ။ ရှုပ်ထွေးနေတဲ့ပုစ္ဆာတစ်ပုဒ်ကိုတွက်နေရသလို သူမခံစားရသည်။ အဖြေမရဘဲ တဝဲလည်လည်ဖြစ်နေသည်။ ဒီကြားထဲ ဟိုမမက တစ်မျောင့်။

"ပြီးတော့ ကိုပေါက်က ဒေါသခပ်ကြီးကြီးရယ်. . သူနဲ့ ဒေါ်တင်တင်လတ်က မျက်နှာကြောတည့်တာ မဟုတ်ဘူး. . . တော်ကြာဟိုက သူ့သားပျောက်လို့လာမေးမှ ပြဿနာတွေတက်ကုန်ဦးမယ်. . ဟိုမိန်းမကြီးပါးစပ်က မှိုချိုးမျှစ်ချိုးတွေပြောလာရင် နင့်အစ်ကိုက တုတ်ဆွဲ ဓားဆွဲတွေဖြစ်ကုန်မှ အားလုံးဒုက္ခရောက်ကုန်မယ်နော်. . နင်ပြန်စဉ်းစားဦး. . ငါ့အထင်တော့ နင်လိုက်မသွားသင့်ဘူးလို့ထင်တာပဲ. . မိန်းကလေးဆိုတာ တစ်သက်မှာ တစ်ကြိမ်ပဲ မင်္ဂလာဆောင်ရတာ. . သူသာ နင့်ကို တကယ်တန်ဖိုးထားခဲ့ရင် မလွဲမသွေ လာပြီးတောင်းရမှာပေါ့. . ခုလိုမျိုး ဟင်းရွက်ကန်စွန်းရွက်လို့. . "

"တော်ပါတော့ စွဲမြတ်ရယ်. . ကိုကိုက နင်ထင်သလို မဟုတ်ပါဘူးဆိုမှ၊ သူ ငါ့ကို ဘယ်လောက်ချစ်သလဲဆိုတာ ငါအသိဆုံး။ ခုဟာက မလွှဲသာလို့ ငါတို့စွန့်စားရမှာ။ ပြီးတော့ သူက တစ်ဦးတည်းသောသားပဲ. . သူ့အမေလည်း သူ့သားကို အကြာကြီးမခွဲနိုင်ပါဘူးဟယ်. . ပြန်ခေါ်မှာပါ၊ အဲဒီအခါကျ မင်္ဂလာလည်း ကြီးကြီးကျယ်ကျယ်ဆောင်ပေးမှာပေါ့"





အသဉ္ဇာက သူ့သူငယ်ချင်းမလေးကို လှည့်ပတ်ပြောပြီး သူ့ဘက်ပါအောင် ဆွဲဆောင်နေသည်။

စွဲမြတ်က အသဉ္ဇာ့ကို ညီအစ်မအရင်းလိုချစ်သူမို့ သနားသည်း သနားသည်။ အသဉ္ဇာ အစွဲအလမ်းကြီးပုံမျိုးတော့ သူတောင် လက်လန်ရသည်။ သူ့ကိုကိုလင်းညိုကို အချိန်ပြည့် ခေါင်းထဲမှာ ထည့်ထားတဲ့ မိန်းမ။

တကယ်လို့ စွဲမြတ်မှာသာ ချစ်သူရှိရင် အသဉ္ဇာ့လိုချစ်နိုင်သည်မထင်ပါ။

သူနဲ့အသဉ္ဇာက ဝလုံးအတူတူဝိုင်းခဲ့တဲ့ သူငယ်ချင်းတွေဆိုတော့ ဒီမိန်းမ ခေါင်းမာတာ၊ ဇွတ်တရွတ်နိုင်တာ၊ စိတ်နုတာ အားလုံးသူက သိပြီးသား။

ခုလည်း သူဘယ်လိုပဲ တားတား ရမှာမှမဟုတ်တာ။

"ပြောလည်း ငါပဲ လေကုန်မယ်ထင်တယ်။ နင်တစ်ယောက်တည်းသွားမှာလား. . ဘယ်မှာချိန်းထားတာလဲ အသဉ္ဇာ"

"၂၈မိုင်မှာ. . ကိုကိုက သူ့သူငယ်ချင်းကားနဲ့စောင့်နေမှာတဲ့ ငါ့ကို ခေါ်ပြီး ရန်ကုန်တန်းပြီးမောင်းသွားမယ် ပြောတယ်. . ပြီးရင် မြန်မာပြည်အနှံ့ ဘုရားတွေဖူးရင်း. . . "

"ဟန်းနီးမွန်းထွက်မယ်ဆိုပါတော့"

စွဲမြတ်က သူမစကားမဆုံးမီ ဖြတ်ပြီးပြောချလိုက်သည်။

"ဒါပေါ့. . နင်တွေးကြည့်စမ်းပါဟာ. . အတွေးနဲ့တင် ပျော်ဖို့ကောင်းလွန်းလို့ ငါ့ရင်တွေ တဒုတ်ဒုတ်နဲ့ခုန်နေတာ"

"အေးပါဟယ်. . ငါလည်း နင်ပျော်နေတာ တစ်သက်လုံးမြင်ချင်ပါတယ်. . . နင်နဲ့ကိုလင်းညို ရာသက်ပန်ရိုးမြေကျ ပေါင်းဖက်နိုင်ပါစေလို့ ငါဆုတောင်းပေးပါတယ်"

"ဒီလိုမှပေါ့. . ဒါကြောင့် ငါက ဟောဒီစွဲမြတ်လေးကို ချစ်နေရတာ. . ဒီနေ့ကျမှ ချမ်းလိုက်တာဟယ်. . နင် ကော်ဖီသောက်မလား ငါသွားဖျော်ပေးမယ်လေ. . ဒီနေ့ကော်ဖီက နောက်ဆုံးဖြစ်ချင်လည်း ဖြစ်သွားနိုင်တယ်နော်. . ငါဖျော်တိုက်တာ သောက်သွားဦး"

"အသဲ်ချေ. . နင် ဘာတွေလျှောက်ပြောနေတာလဲ. . ပြောကောင်းမှန်း မပြောကောင်းမှန်းမသိ"

"ဘာပြောလို့လဲ. . အပျိုဘဝနဲ့ နောက်ဆုံးတိုက်တဲ့ ကော်ဖီလို့ပြောတာ. . ဒီညလွန်သွားရင် ငါ အိုတော့မှာလေ. . "

စွဲမြတ်က အသဲ်ချေရဲ့စပ်ဖြဲဖြဲရုပ်ကို မျက်စောင်းထိုးမိသည်။ အတော်ကို အိုချင်နေတဲ့ မိန်းမ. . . တကတည်း အူမြူးနေလိုက်တာများ၊ အမြင်ကတ်ချင်စရာ။

"အေးပါ. . သောက်ရတာပေါ့. . မြန်မြန်သွားဖျော်ချေ၊ မုန့်





ယူခဲ့နော်. . နင့်မင်္ဂလာဆောင်က ဘယ်တော့မှန်းမသိတော့ သေ ာတာပဲ အရင်စားသောက်ထားလိုက်ဦးမယ်"

သိပ်မကြာပါ။ အသဲ်ချေက ကော်ဖီပူပူတစ်ခွက်နဲ့ ပျော်ဘွယ် နံ့ကြွပ်ပန်းကန်လေးယူပြီး ပြန်ထွက်လာသည်။

"စွဲမြတ်ရေ. . ငါ့အမေကို မကြာခဏလာကြည့်ပေးပါနော်၊ ါမှာ အားကိုးစရာဆိုလို့ နင်တစ်ယောက်ပဲ ရှိတာ. . နော်. . အမေ့ကို စ်မထားပါနဲ့ဟယ်. . "

"အေးပါဟယ်. . ကြီးကြီးက နေ့တိုင်း ဆိုင်ထွက်နေတော့ နင့်ကို သတိရရင်တောင် သူ့အလုပ်နဲ့သူဆိုတော့ အချိန်ပြည့် သတိရနိုင်မှာ မဟုတ်ပါဘူး"

အမေက ပဲခူးရွှေမော်ဓောဘုရားနားမှာ ထမင်းဆိုင်ဖွင့်ထားတာ အသဲ်ချေတို့ငယ်ငယ်ကတည်းက။

အဖေ ဆုံးပြီးနောက်ပိုင်း. . အမေ ပင်ပန်းခဲ့တာ သူမ သိပါသည်။ ကိုပေါက်က ဆိုင်ကယ်ပြင်ဆိုင်မှာ လခစားအလုပ်လုပ်ပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရှာပေးခဲ့သည်။

အသဲ်ချေ့ကို ဆယ်တန်း အောင်,အောင် ဖြေခိုင်းပြီး သူက အနစ်နာခံခဲ့ရသည်။ အဲဒီအတွက်တော့ ကိုပေါက်ကို သူမ မျက်နှာပူမိသည်။

"နင်ပြောသလိုဖြစ်ရင်တော့ ကောင်းတာပေါ့ဟာ. . ငါလည်း အမေတို့နဲ့ ကြာကြာခွဲမနေနိုင်ပါဘူး. . အမြန်ဆုံးပြန်လာခဲ့မှာပါ"

"အသဲ့ေ. . နင်တို့ အမြန်ဆုံးလက်မှတ်ထိုးကြနော်. . ဒါမှ သူတို့အမေက နင်တို့ကို ပြန်ခွဲလို့မရမှာ. . နို့မို့ဆို အဘွားကြီးက သိပ် စိတ်ချရတာ မဟုတ်ဘူးဟဲ့. . သိတယ် မဟုတ်လား. . ဒေါ်တင်တင် လတ်ဆိုတာ ပဲခူးမှာ နာမည်တစ်လုံးနဲ့နေတာလေ"

"ကျေးဇူးပဲ သူငယ်ချင်းရယ်. . ငါ နင်ပြောသလိုလုပ်ပါ့မယ် ခဏနေ အမေပြန်လာတော့မယ် ထင်တယ်. . ငါလည်း သွားရတော့ မယ်"

"နင်ပြောတော့ ညမှချိန်းထားတာဆို"

"ဟုတ်တယ်. . သူ့အမေ ဘုရားကိုးဆူ သွားစရာရှိလို့ အဲဒီ အချိန်ကျမှ သူက ထွက်လာရမှာတဲ့. . ဒါပေမယ့် ညကျတော့ ငါက ဘယ်လိုလုပ်ပြီးထွက်ရမှာလဲ. . အဲဒါကြောင့် အခုထွက်သွားပြီး တစ် နေရာရာမှာ ခိုနေရမှာပေါ့ဟာ"

သူငယ်ချင်းဖြစ်သူက စွန့်စားဖို့ အဆင်သင့်ဖြစ်နေပေမယ့်. . သူမက စိတ်မချနိုင်ဖြစ်နေမိသည်။

"ငါလိုက်ပေးရမလား အသဲ့ေ. . မိုးချုပ်ရင် နင်တစ်ယောက် တည်း ဖြစ်ပါ့မလားဟယ်"





"နေပါစေ စွဲမြတ်ရယ်. . နင်က ငါ့နောက်လိုက်လာပြီး နင် ပြန်သွားတော့ တစ်ခါ ငါက စိတ်ပူနေရဦးမယ်. . ကိုကိုစောင့်နေမှာ ပဲဟာ. . ငါ မကြောက်ပါဘူး"

"ဆိုင်ကယ် Taxi ငှားရင်. . မျက်နှာသိထဲကပဲ ငှားနော်. . အသဲ့ေ"

"အေးပါဟယ်"

ကိုယ့်အပေါ် အစစအရာရာတွေးပူပေးတတ်သော သူငယ် ချင်းမလေးကို အသဲ့ေ နမ်းပြီးနှုတ်ဆက်လိုက်သည်။ စွဲမြတ်က မျက် ရည်လေး တဝဲဝဲနဲ့

"သွားခါနီး ငါ့ကို. . စိတ်မကောင်းအောင်. . လာလုပ်နေပြန် ပြီ"

ပြောပြီး စွဲမြတ်က သူမပိုက်ဆံအိတ်ပြားပြားလေးကိုဖွင့်ကာ ထောင်တန်တစ်ခေါက်ကို ထုတ်ပြီး အသဲ့ေလက်ထဲ ထည့်ပေးလေ သည်။

"အသဲ့ေ. . ရော့. . ဒါလေးတော့ ဆောင်သွားပါဟာ၊ လိုရ မယ်ရပေါ့. . ဒါ ငါစုထားတဲ့ပိုက်ဆံတွေပါ"

"မလိုပါဘူးလို့ မငြင်းတော့ပါဘူး သူငယ်ချင်းရယ်. . . တစ် နေ့ကျရင် ငါပြန်ဆပ်မယ်နော်. . ကြည့်ပါဦးဟယ်. . နင့်ပိုက်ဆံတွေက

သုံးရက်စရာကိုမရှိဘူး. . အသစ်ကလေးတွေ. . နံပါတ်ကလည်း စီနီယာတွေပဲနော်"

"အမယ်. . ဒါ. . ငါ တကူးတက လဲထားရတာ. . နင့်မို့လို့ပေးလိုက်တာဟဲ့. . သိလား"

"သိပါပြီတဲ့ရှင်. . စွဲမြတ်ရေ. . ငါ နင်နဲ့ တစ်ခါတည်းထွက်လိုက်ခဲ့မယ်၊ နင့်အိမ်တော့ မလိုက်တော့ဘူးနော်. . အမေက ငါပျောက်ရင် နင့်အိမ်ပဲ အရင်ဆုံးလာရှာမှာ"

"အေးပါ. . ငါသိပါတယ်၊ ဒီလိုလုပ်. . နင် ငါ့ဝမ်းကွဲအစ်မအိမ်မှာ ခဏခိုနေလိုက်. . ငါလိုက်ပို့ပေးခဲ့မယ်. . လာ. . "

အသင်္ချေတစ်ယောက် ကျောပိုးအိတ်ကလေးလွယ်ပြီး စွဲမြတ်ခေါ်ရာနောက်ကိုပါသွားခဲ့တော့သည်။

♦





ညနေစောင်းကတည်းက သူကြိုက်တဲ့ ဝတ္ထုတစ်အုပ်ကိုဖတ်ပြီး အိပ်ပျော်သွားခဲ့တာ အမေ အတင်းလာနှိုးတဲ့အထိပဲ။

"သားရေ. . ထတော့. . မိုးတောင်ချုပ်နေပြီကွဲ့"

"အာ. . မေမေကလည်း. . မိုးချုပ်ရင် မိုးလင်းတဲ့အထိ အိပ်မှာပဲ"

အိပ်ချင်မူးတူးနဲ့ ညီထိုက်က ပြောတော့ သူ့အမေက သူ့ပေါင်ကို ဖက်လုံးနဲ့ လှမ်းပြီး ရိုက်သည်။

"အိပ်လို့ရမလားဟဲ့. . မင်းအဘွားဆီကို သွားရမှာလေ၊ ပဲခူးမှာ သွားအိပ်ရမယ့်ဥစ္စာ. . မိုးအရမ်းချုပ်နေပြီ. . မြန်မြန်ထတော့. . ထမင်းလည်း ဟိုရောက်မှစားတော့"

ညီထိုက်က ပေကပ်ကပ်ဖြင့် 'ကျွတ်'ခနဲ စုတ်သတ်ကာ

"မေမေရာ. . သားကို မသနားဘူးလားဗျာ. . ပင်လယ်ပြင်မှာ လှိုင်းပုတ်လို့ ပုခက်စီးသလိုအိပ်ခဲ့ရတာ. . သား ဒီအိပ်ရာလေးကို ဘယ်လောက်လွမ်းလဲဆိုတာ မေမေ မသိပါဘူး"

"အမယ်လေး သားရယ်. . မင်းကို ငါက မွေးထားတာပါနော်၊ မသိဘဲ နေပါ့မလား. . ဒီအိပ်ရာမြင်တိုင်း မင်းအိပ်ချင်နေတာလေ"

ညီထိုက်က အိပ်နေရာမှ ငေါက်ခနဲထထိုင်ကာ

"ဟုတ်လား. . ကျွန်တော် အဲဒီလောက်တောင် အအိပ်မက်

နေပြီလား. . ဘေးကလူတွေတောင် သိကုန်ပြီဆိုတော့ ရှက်စရာပဲနော်၊ မထူးပါဘူး ပြန်အိပ်လိုက်ဦးမယ်"

ပြောပြော့ဆိုဆို ညီထိုက်က ခုတင်ပေါ်မှာ ဝုန်းခနဲ ပစ်လှဲချပြီး ပြန်အိပ်မလို့ပြင်သည်မို့ ဒေါ်ဆင့်ဆင့်က -

"ဟဲ့. . သား. . ထပ်မအိပ်နဲ့တော့လေ. . ဒီကလေးနဲ့တော့ ခက်တာပါပဲ. . ပြန်လာပြီးကတည်းက အိပ်ချင်တဲ့အချိန်အိပ်၊ စားချင်တဲ့အချိန် စားနေတော့တာပဲ"

သင်္ဘောပေါ်မှာ နေ့ဂျူတီ၊ ညဂျူတီ ချိန်းနေရတာဆိုတော့ အိပ်ချိန်တွေလည်း မမှန်တော့ပါဘူး။ ဒီကြားထဲ. . ညဆို သူက သရဲကားတွေ၊ စစ်ကားတွေ ကြည့်ချင်ထိုင်ကြည့်သေးစာ. . ဂိမ်းဆော့တာလည်း ပါသေး. . ဆိုတော့ အမေပြောသလို စည်းလွတ်ဘောင်လွတ် ပရမ်းပတာဖြစ်နေတော့တာပေါ့။

"အဘွားကလဲဗျာ. . နောက်နေ့မှခေါ်တာ မဟုတ်ဘူး. . မိုးချုပ်ရင် ကားမောင်းရတာ ပျင်းစရာကြီး၊ အဖော်ပါရင် တစ်မျိုးပေါ့. . သြော်. . ဒီလိုလုပ်ပါလား. . ကျွန်တော် အဖေ့ကိုခေါ် သွားမယ်လေ"

"ဟင်. . မလုပ်နဲ့. . မလုပ်နဲ့. . အိမ်မှာ ငါတစ်ယောက်တည်း မအိပ်ရဲဘူး"

အမေဖြစ်သွားတဲ့ပုံကို ကြည့်ပြီး ညီထိုက် သဘောတွေ ကျ



မြင့်မြင့် စာပေ



နေသည်။ အမေက အင်မတန်မှသရဲကြောက်တတ်တာ။ ခုကျရာမှာလည်း စပါယ်ရှယ်လစ်။

အိမ်အကူကောင်မလေးတွေ ခေါ်မထားတာပဲ ကြည့်လေ။ အားလုံး သူ့ခြေသူ့လက် သူကိုယ်တိုင်လုပ်ရမှ ကျေနပ်သူ။

"အဘွားက ဘာတွေအရေးကြီးနေလို့လဲ. . ဟိုမှာ ဒေါ်ပုလုံးလည်း ရှိနေသားနဲ့"

"အေး. . အဲဒီဒေါ်ပုလုံးကြောင့်ပဲ မင်းကိုခေါ်လိုက်တာ၊ သူ့အဖေအသည်းအသန်ဖြစ်နေလို့ ရွာပြန်သွားသတဲ့လေ. . ငါ့ယောက္ခမအကြောင်း ငါသိတယ်. . သူလည်း ငါ့လိုပဲ သရဲကြောက်တတ်တယ်၊ အဲဒါ မင်း ဒီည မသွားမချင်း သူဖုန်းဆက်ပြီး ခေါ်တော့မှာ၊ မြန်မြန်သွားမှ နားအေးမယ် သားရေ"

"သိပါပြီဗျ. . ထပါပြီခင်ဗျာကျွန်တော့်မှာ အဘွားတစ်ယောက်ပဲရှိလို့ တော်သေးတာပေါ့. . နှစ်ယောက်သာရှိရင် ဒုက္ခ. . မင်္ဂလာဒုံနဲ့ ပဲခူး အိမ်ဦးနဲ့ကြမ်းပြင်ကျနေတာပဲ. . ဟူး. . "

သင်္ဘောက ပြန်လာလို့ အေးအေးဆေးဆေး နားရမလားမှတ်တယ်. . ညီထိုက်က ရေချိုးခန်းထဲဝင်ကာ သွားတိုက်ပြီး ရေချိုးပစ်လိုက်သည်။

ဒါမှ လူက လန်းပြီး ကားမောင်းလို့ကောင်းမှာ. .

ပြီးတော့ တဘက်နဲ့ ကိုယ်သုတ်ရင်း သူဝတ်မည့် တီရှပ်နက်ပြာလေးကို ထုတ်လိုက်သည်။ အောက်ကတော့ ထုံးစံအတိုင်း ဂျင်း(န်)ပဲပေါ့။

ညအိပ်ဝတ်ဖို့ အင်္ကျီက အဘွားအိမ်မှာ ရှိပြီးသားဆိုတော့ နောက်နေ့ပြန်လာရင်ဝတ်ဖို့ အပိုတစ်စုံပါ သူ့အိတ်ထဲထည့်လိုက်သည်။

အဝတ်အစားဝတ်ပြီးတော့ သူ့အိတ်ကိုယူကာ အောက်ထပ်သို့ဆင်းလာခဲ့သည်။

ညီထိုက်တို့အိမ်က အပေါ်ထပ်မှာ လူနေပြီး အောက်ထပ်မှာ စတိုးဆိုင်ဖွင့်ထားခြင်းဖြစ်သည်။

သရေစာမကြိုက်တဲ့ ညီထိုက်အတွက်တော့ အမေ့အိမ်က အားလုံး ကွက်တိဖြစ်နေသည်။ ခုလည်း သူ ကားမောင်းရင်း ဗိုက်ဆာရင် စားဖို့ ပေါင်မုန့်၊ အာလူးကြော်၊ ကွဲရိုင်းသုံးဘူး၊ ရေသန့်နှစ်ဘူး မ,လာခဲ့သည်။

"မေမေ. . သား သွားပြီနော်"

"အေး. . အေး. . သား. . ကားကို ဂရုစိုက်ပြီးမောင်းနော်. . အလျှင်မလိုနဲ့ သိလား"

"ဟုတ်ကဲ့. . မေမေ့အတွက် အပြန်ဘာဝယ်ခဲ့ရမလဲ"

"ထန်းသီးနုနုလေးတော့ စားချင်တယ် သားရယ်"





"ဟုတ်ပြီ. . ကျွန်တော် ဝယ်ခဲ့မယ်နော်"

သူ ထွက်လာတော့ ဒေါ်ဆင့်ဆင့်က ဝယ်သူရောက်လာလို့ အလုပ်ရှုပ်ပြီး ကျန်ရစ်ခဲ့သည်။ အမေ့အလုပ်က တစ်မျိုးတော့လည်း ကောင်းသားပင်. . အိမ်အလုပ်လုပ်ရင်း စီးပွားရေးပါ လုပ်လို့ရတော့ အဆင်ပြေသည်။ ဆိုင်ခင်းတော့လည်း တကူးတကသွားစရာမလိုဘဲ အောက်ထပ်ဆင်းလိုက်ရုံပင်။

ပဲခူးမှာ နေတဲ့ သူ့အဘွား ဒေါ်လေးခင်က အထုပ်ကြီးကြီး ရှိသည်။ အခုချိန်ထိလည်း ငွေတိုးနဲ့ အပေါင်ခံသည်။ ညီထိုက်အဖေ ဦးနေထူးက တစ်ဦးတည်းသောသားဆိုတော့ အဘွားဒေါ်လေးခင်ဆီမှာ အမွေဆက်ခံစရာဆိုလို့ ညီထိုက်ပဲ ရှိတာ မဟုတ်လား။

အဲဒီတော့. . ဒီမြေးကို သူ့မျက်စိအောက်က အပျောက်မခံတာ ဆန်းမှမဆန်းဘဲ။

ညီထိုက်က အိမ်ရှေ့မှာရပ်ထားတဲ့. . သူ့ပြိုင်ကားလေးပေါ် တက်ပြီး မောင်းထွက်လာခဲ့လိုက်သည်။ သူကြိုက်တဲ့ 'ရိန်မိုး'ရဲ့သီချင်းခွေ ထည့်ဖွင့်ပြီး သီချင်းလေး တညည်းညည်းနဲ့ ကားကို ပုံမှန်လေး မောင်းနေမိသည်။

အသက်အစိတ်ရှိတဲ့အထိ ရည်းစားမထားမိတဲ့ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်မိသည်။ အနားမှာ တွတ်တီးတွတ်တာနဲ့ ချွဲနွဲ့မယ့်. .

ကောင်မလေးမှမရှိတာ. . တွတ်ထိုးမယ့်သူ မရှိပေမယ့် စကားပြောဖော်လေးတစ်ယောက်ရှိတော့ တော်သေးတာပေါ့. .

"ဟာ. . ဟိုကောင့်ကို ခေါ်ကြည့်ဦးမယ်. . ဒီနေ့ သူ ပဲခူးပြန်မယ် ပြောထားတာပဲ. . ပြန်တောင်ပြန်သွားပြီလား မသိပါဘူး. . မိုးတောင်ချုပ်နေပြီပဲ"

ကျောင်းတုန်းက သူငယ်ချင်း ကေကို သတိရသွားပြီး. . သူ့ဘောင်းဘီအိတ်ထဲက ဖုန်းကို ထုတ်ပြီး ကေဆီ ဖုန်းခေါ်ကြည့်လိုက်သည်။

ဟိုကောင်က တော်တော်နဲ့ ဖုန်းမကိုင်။

"ဒီကောင်. . အိမ်သာထဲအထိ ဖုန်းယူသွားတတ်တဲ့ကောင်က ဘာလို့များ ဖုန်းမကိုင်တာပါလိမ့်. . something ပဲ"

ညီထိုက်က ကြိုးစားပြီး ဖုန်းကို နောက်တစ်ကြိမ်ထပ်ခေါ်ပြန်သည်။ သုံးကြိမ်လောက်ခေါ်ပြီးတဲ့နောက်မှာတော့ ဘသားချောက ဖုန်းကိုင်တော်မူလေသည်။

"ဟေ့ကောင်. . ဘာလို့ ခုမှလာကိုင်တာလဲ. . မင်းကို ငါဖုန်းခေါ်နေတာ ကြာပြီကွ. . missed callတွေ့ရင်လည်း ပြန်ခေါ်မယ် မရှိဘူး"

"မင်း. . ဘာ. . ဘာ. . ပြောမလို့လဲ. . ညီထိုက်"





"ဟား. . ဟား. . မင်း ဘာဖြစ်နေတာလဲကွ. . စကားတွေ ဘာတွေတောင် ထစ်လို့. . ဘာလဲ မာဆတ်ရောက်နေလို့လား၊ ဒါမှ ဟုတ် KTV မှာလား"

"မ. . မဟုတ်ပါဘူးကွာ၊ ငါ. . ငါ ရန်ကုန်မှာပဲရှိပါတယ်ကွ"

"ဟင်. . မင်း ရန်ကုန်မှာလား. . မင်းပြောတော့ ဒီနေ့ ပဲခူး ပြန်မှာဆို"

"ကိစ္စ. . တစ်ခု ပေါ်လာလို့ မသွားဖြစ်ဘူး"

အမြဲတမ်းတက်ကြွစွာ သွက်လက်နေတဲ့ ကေအသံက ဒီနေ့ ညမှာတော့ ခြောက်ကပ်ကပ်နိုင်နေသည်ဟု သူ ခံစားရသည်။

"မင်းအသံက ညောင်နာနာနဲ့ကွာ. . ဘာဖြစ်နေတာလဲ. . ေက မဟုတ်တဲ့အတိုင်းပဲ၊ ငါ အခု ပဲခူးသွားနေတာကွာ. . အဲဒါ တစ် ယောက်တည်း ပျင်းလို့ မင်းလိုက်ခဲ့ပါလား"

"ဟာ. . ငါ မလိုက်ဘူး. . . မလိုက်ဘူး"

ကေက အသည်းအသန်ငြင်းနေတော့ -

"ဟေ့ကောင်. . ဒါလေးပြောတာနဲ့ ခါးခါးသီးသီး ငြင်းနေ လိုက်တာ. . မလိုက်ရင်လည်း နေကွာ. . ငါတော့ ဒိုးပြီ"

ညီထိုက်က ကေကို အမြင်ကတ်ကတ်နဲ့. . . ဖုန်းကို အရင် း‌အောင် ချပစ်လိုက်သည်။

ဟုတ်တယ် . . ဖြစ်ပျက်နေလိုက်တာ။ ဒီကောင့်မိဘတွေက ပဲခူးမှာ စားသောက်ဆိုင် ဖွင့်ထားပြီး သူကတော့ . . ရန်ကုန်က ခြံမှာ အနေများလေသည်။ တစ်ပတ် တစ်ကြိမ်တော့ ဒီကောင်က ပဲခူးကို ပြန်နေကျ။

သူ ပြန်မယ့်နေ့နဲ့ ညီထိုက် အဘွားဆီသွားတဲ့နေ့ဆုံရင် တစ်ခါတလေ ဒီကောင်နဲ့အတူတူသွားဖြစ်ကြသည်။ ဗိုက်ဆာလာရင် သူတို့ရဲ့ "K-Paradise" Restaurant မှာ ဝင်စားလိုက်ရုံပင်။ ဒီနေ့ကျမှ ဒီကောင် ဆေးစားမှားနေပုံရသည်။

သူတစ်ယောက်တည်း မောင်းလာလိုက်တာ ကားက ဆယ်မိုင်ကုန်းကိုကျော်လာခဲ့ပြီ။ အပြင်လေက အေးနေတာမို့ လေတိုးလိုက်တိုင်း စိမ့်တက်လာရာ ညီထိုက်က ကားမှန်တွေကို တင်လိုက်ပြီး Air. con. ဖွင့်ထားလိုက်သည်။

တိုးဂိတ်ကိုကျော်လာပြီးတော့မှ ကားအသွားအလာရှင်းသွားသည်။ ဗိုက်တောင် တော်တော် ဆာလာပြီ။ သူ့နာရီကို ကြည့်လိုက်တော့ ညရှစ်နာရီခွဲနေပြီပဲ။

အဘွား ဘာဟင်းတွေ ချက်ထားမလဲ မသိပါဘူး။ ဘာပဲချက်ချက် အဘွားလက်ရာက အမေ့ထက်ကောင်းပြီးသားပါ။

အမေက သူ့ဆိုင်မှာ လူကျနေလို့ရှိရင် ကြက်ဥကြော်၊ ကြက်





အူချောင်းကြော်၊ ဘဲဥကြော်၊ မကြော်ရင် ငါးသေတ္တာတွေ ဖောက်ထည့်ပြီး ပြီးပြီးရော ချက်ကျွေးတာ။ ကြုံတုန်းကြုံခိုက် မွေးသမိခင်ကို စော်ကားနေတာ . .

ဟော . . အဘွားကကျ အဲသလိုမဟုတ်ပေါင်။ သူလာမယ်ဆိုတာနဲ့ သူကြိုက်တဲ့ဟင်းတွေ လေးငါးမျိုးလောက် တစ်ခါတည်းချက်ပြီးစောင့်တာ . .

အဘွားတောင် ဘာလိုလိုနဲ့ အသက်ခုနစ်ဆယ်ကျော်နေပြီ။ အဘွားအတွက် ကျန်နေတဲ့အချိန်တွေ အကျိုးရှိဖို့လိုအပ်နေပြီ။

ဟုတ်တယ်၊ ငါ အဘွားကို တတ်နိုင်သလောက်စောင့်ရှောက်ရမယ်။ ပဲခူးက အဘွားအိမ်မှာပဲ အောင်းနေလိုက်ရင် ကောင်းမလား။ ဒါဆို အဝတ်အပိုတစ်စုံပဲ ယူလာတာ နည်းသွားပြီနဲ့တူတယ်။

ကားမောင်းရင်း အဆာပြေ အာလူးကြော်တစ်ထုပ် ဖောက်စားပြီး ကွဲရိုင်းတစ်ဘူးပါ သောက်လိုက်သည်။

ခဏနေတော့ သူ ဆီးသွားချင်လာသည်။ ပတ်ဝန်းကျင်ကို လှေ့လာကြည့်တော့ သူ့ဘက်ပါနေလေရာ ညီထိုက်က ကားပေါ်မှ ဆင်းပြီး သူ့ကိစ္စကို ရှင်းလိုက်သည်။

"အားပါး . . အပြင်မှာ အေးလိုက်တာ . . အအေးလှိုင်းဖြတ်မယ်လို့ပြောထားတာပဲ"

သူ ကားထဲပြန်ဝင်ဖို့ ပြင်စဉ် အဘွားဆီမှဖုန်းလာလေသည်။

"မြေးလေး. . မင်း ဘယ်နားရောက်နေပြီလဲ"

"ဘယ်နားလဲတော့ မသိပါဘူး အဘွားရယ်. . မိုင်နှစ်ဆယ်ကျော် သုံးဆယ်လောက်တော့ရှိရောပေါ့. . ကျွန်တော် ဗိုက်အရမ်းဆာနေပြီဗျ. . အဘွား ဘာဟင်းတွေ ချက်ထားလဲ"

ယောက်ျားကြီးတန်မဲ့နဲ့ အဘွားနဲ့တွေ့ရင် အလိုလို ကြက်ဆူဆီဖြစ်သွားသည်။ ချွဲလို့ပျစ်လို့။ ချွဲစရာက ဒီအဘွားတစ်ယောက်ပဲရှိတာကိုး. .

"ဘာဟင်းတွေလဲဆိုတော့ ငါးမြေးကြိုက်တတ်တဲ့ သုံးထပ်သားဝက်သားပေါင်း၊ ပေါ့. . အအီပြေအောင် မရမ်းသီးငါးပိထောင်းထားတယ်. . ဟင်းချိုကတော့ ဒန့်သလွန်သီးနဲ့ငါးရံ့ခေါင်းချဉ်ရည်ဟင်း. . ဘယ်လိုလဲ. . ဗိုက်ပိုဆာလာပြီ မဟုတ်လား. . အဘွားလည်း မစားရသေးဘူး၊ မြေးလေးကို စောင့်နေတာ"

"ဟာဗျာ. . အဘွားကလဲ. . စားလိုက်တာ မဟုတ်ဘူး၊ ကျွန်တော့်ကိုစောင့်လို့ . . လေတွေခံကုန်ရင် ဘယ်လိုလုပ်မလဲ. . အဘွားကိုယ်အဘွား ကျွန်တော့်လို အသက်အစိတ် အပျိုမလေးများ မှတ်နေလို့လား'

အဘွားကို သူက လူကြီးလုပ်ပြီး မာန်လားမဲလားလုပ်နေစဉ်





အဘွားက -

♫ ဒီအရွယ် တင့်တင့်တို့အရွယ် ကျွန်မ × × ကျွန်မတို့အရွယ် × × တစ်ဆယ်ကျော် ငါးနှစ်ပတ်လည် × × ဒဲ့ × × ဒယ် × × ဒယ် × × ဒယ် ♫

ဆိုပြီး သီချင်း ထ,ဆိုလေရဲ့။

"ဟား. . ဟား. . တော်ပြီ. . တော်ပြီ အဘွား၊ ရယ်ရတယ်တကယ်ပဲ. . တို့အဘွားကတော့လေ. . . ငယ်ငယ်တုန်းကဆို ဘယ်လောက်တောင် ကဲလိုက်မလဲ မသိဘူး"

"အမယ်. . ကျုပ်ကဲလို့ အခု မင်း လူဖြစ်လာတာလေ"

"ဟုတ်ပါပြီ. . မိုးလည်း တော်တော်ချုပ်နေပြီ. . ကျွန်တော် ကားမောင်းလိုက်ဦးမယ်နော်. . အဘွား"

ကားပေါ်ရောက်မှ သူ သတိထားမိတာက ကက်ဆက်။

ကားပေါ်က မဆင်းခင် သူဖွင့်ထားခဲ့တဲ့ သီချင်းက အခုရပ်သွားပြီ။ သတိလက်လွတ် သူကြောင်ပြီး ကြည့်နေတုန်း သီချင်းသံပြန်ထွက်လာသည်။

"ဟာ. . ဒီကက်ဆက်က ဘာကြောင်တာလဲ မသိဘူး"

ကားမောင်းဖို့ထက် သူ့ကက်ဆက်ဆီ အာရုံရောက်သွားကာ လျှောက်ကလိနေမိသည်။

ထိုစဉ် -

"ဒေါက်. . ဒေါက်. . ဒေါက်"

ကားမှန် လာခေါက်တဲ့သူက ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ဖြစ်နေသည်။

ညီထိုက်က ကားမှန်ကို လျှောချလိုက်ပြီး မေးဆတ်ကာ

"ဘာကိစ္စရှိလို့လဲ"

"အကူအညီတစ်ခုတောင်းချင်လို့ပါ. . ရှင် ဒီနားမှာ လူတစ်ယောက်ကို တွေ့မိသလားလို့ပါ"

"လူ. . လူဆိုတာ ယောကျ်ားလား၊ မိန်းမလား"

"သူ့နာမည်က ကိုလင်းညိုလို့ ခေါ်ပါတယ်. . တကယ်လို့များ သူ့ကိုတွေ့ရင် အသချော် ဒီမှာစောင့်နေတဲ့အကြောင်း ပြောပေးပါနော်"

လင်းညို. . တဲ့၊ အသချော်. . တဲ့။

ဘာတွေဇာတ်လမ်းလာထွင်ပြန်ပြီလဲ မသိပါဘူး။ ရုပ်ကလေးကြည့်တော့ သနားကမားနဲ့ ဂေါက်သီးဖြစ်နေပါဦးမယ်။

"ဒီမှာ. . နာရီလေးဘာလေးကြည့်ဦးနော် အမိ၊ ဒီလိုအချိန် ဒီလိုနေရာမျိုးမှာ မင်းတစ်ယောက်တည်း စောင့်နေဖို့ သင့်တော်ရဲ့လားလို့. . လာ. . ကားပေါ်တက်. . မင်းအိမ် ငါလိုက်ပို့ပေးမယ်"





ထူးဆန်းစွာပင် ကောင်မလေးက ခေါင်းခါပြလေသည်။ သူသည်း တင်းသွားပြီး -

"ဘာလဲ. . မလိုက်ဘူးလား. . မလိုက်ရင်လည်း နေခဲ့. . ငါတော့ သွားပြီ"

ဆိုပြီး ကားမောင်းထွက်လာပြီးမှ. . သံယောဇဉ်မကုန်စွာ နောက်ကြည့်မှန်ထဲမှတစ်ဆင့် ကောင်မလေးကို ပြန်ကြည့်ကြည့်တော့ ထိုနေရာမှာ သူမ မရှိတော့။

နည်းနည်းတော့ ထူးဆန်းသည်ဟု ထင်မိသည်။

အဘွားဆီ သူရောက်တော့ အဘွားက အိမ်ဝမှာ ထွက်စောင့်နေရှာသည်။

ညီထိုက်က ကျောပိုးအိတ်ကို လွယ်ပြီး ကားသော့ပိတ်ကာ အဘွားရဲ့ပါးလေးကို ရွှတ်ခနဲ နမ်းလိုက်သည်။ ရှင်မတောင်သနပ်ခါးနံ့လေး မွှေးနေလေရဲ့။

ဒီအလုံးတွေနဲ့ပဲ အဘွားက ပစ်ကျနေတာ. .

"ဘယ်လိုလဲ မြေးလေး. . ပင်ပန်းလာပြီလား. . လာ. . တို့မြေးအဘွားနှစ်ယောက် ထမင်းစားရင်း စကားတွေ တဝကြီးပြောကြမယ်. . ပြီးမှ အဘွားနဲ့အတူတူအိပ်ရမယ်နော်"

"ဟုတ်ကဲ့ပါ"

"အဟင်း . . ဟင်း"

အဘွားပျော်နေတာ . . ကျေနပ်နေတာ ကြည့်ပြီး သူ့ရင်ထဲမှာ ပီတိဖြစ်ရသည်။ ထမင်းစားရင်း အဘွားနဲ့သူ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြသည်။

"မင်းအမေ ချစ်တီးမကလေ . . အပျိုကတည်းက စီးပွားရေးသောင်းကျန်းတာတော် . . သူတို့ခြံထဲမှာ နွားတွေ အများကြီးမွေးထားပြီး နွားနို့လိုက်ပို့ကြတာ . . အဲဒီမှာ နဖူးစာရွာလည်ချင်တော့ မင်းအဖေရန်ကုန်မှာ ကျောင်းသွားတက်ပြီး ပဲခူးပြန်လာတုန်း မင်းအမေက နွားနို့လာအပို့မှာ သူတွေ့သွားတာလေ . . အို . . ဘာပြောကောင်းမလဲ . . မင်းအဖေက မင်းအမေနို့ကို တန်းတန်းစွဲတော့တာပဲ"

"ဟင် . . အဘွား၊ အဘွား မှားနေပြီနော် . . . ခုမှ တစ်ခါပဲတွေ့ဖူးသေးတာ၊ တန်းတန်းစွဲဆိုလည်း နွားနို့ကိုလို့ ရှင်းရှင်းပြောပါအဘွားရယ်"

"အေး . . အေးပါ . . အသက်က ရလာတော့ ပြောချင်တာတွေ သိပ်ပြီး နေရာမကျတော့ဘူး မြေးလေးရဲ့"

♫ × × × × × ×

× × × × × × ♫

သီချင်းသံကို ကြားလိုက်ရသည်။





"ဒီအချိန်ကြီး ဘယ်ကသီချင်းသံလဲ မသိဘူး၊ နေပါဦး . . ဒီသီချင်းသံ ကျွန်တော်နဲ့ ရင်းနှီးနေသလိုပဲ၊ ကျွန်တော့်ကားထဲက ထင်တယ်"

ညီထိုက် ထွက်ကြည့်တော့ သီချင်းသံက ရပ်သွားပြီ။ ဒါပေမယ့် သူ့ပြိုင်ကားရဲ့ရှေ့မီးတွေ လင်းနေကြသည်။

"ငါဆင်းတုန်းက သေချာပိတ်ထားခဲ့ပါတယ် . . ဘာတွေဖြစ်ကုန်ပြီလဲ . . ထူးတော့ ထူးဆန်းနေပြီ"

"ဟဲ့ . . မြေးလေး၊ ဘယ်က သီချင်းသံလဲဟင်"

အဘွားပါ ထွက်လာပြီးမေးတော့ ညီထိုက်က

"ကျွန်တော် နမော်နမဲ့နိုင်လို့ဖြစ်မှာ အဘွားရေ၊ ဟိုမှာကြည့်ပါလား . . နောက်မီးလင်းစရာ မရှိတော့ ရှေ့မီး လင်းနေတာလေ . . အဟားဟား . ."

သူက အရယ်တစ်ဝက်နဲ့ ပြောတော့ အဘွားက သူ့ပခုံးကိုအသာလေးလှမ်းရိုက်ကာ -

"ပြောလိုက်ရင် ပေါက်ကရတွေချည်းပဲ၊ သွား . . ကားမီးတွေသွားပိတ်ဦး . . ညဥ့်နက်ပြီ . . တို့မြေးအဘွား အိပ်ကြတာပေါ့"

အဘွားစကား နားထောင်ပြီး မီးသွားပိတ်တဲ့ ညီထိုက် . . ရှေ့မီးတွေ မဖွင့်ဘဲ လင်းနေတာတွေ့တော့ ခေါင်းနပန်းကြီးကာ အိပ်

ချင်စိတ်တွေပါ ပျောက်သွားခဲ့သည်။ အဘွားက. . အသည်းငယ်ပြီး ကြောက်တတ်သူမို့ သူက

"အဘွား အရင်ဝင်နှင့်လေ. . ကျွန်တော် ကားထဲက သီချင်း ခွေယူပြီး လိုက်ခဲ့မယ်"

ဟု လှမ်းအော်ပြီး ပြောလိုက်သည်။

"အေး. . ပြီးရော. . ပြီးရော၊ အဘွား မင်းသောက်ဖို့ နွားနို့ သွားထည့်ပေးထားမယ်"

အဘွား ဝင်သွားတော့ ညီထိုက် ကားမီးကိုပိတ်ကြည့်သည်။ မီးက လင်းမြလင်းလျက်။

အမယ်လေး. . ကယ်ကြပါ. . ဒီကိစ္စ ဘယ်လိုရှင်းရပါ့။ သူ လည်း ဘာအမှားအယွင်းမှ မလုပ်ခဲ့ပါဘူး. . မီးက ပိတ်လို့ မရမယ့် အတူတူ မထူးပါဘူး လင်းချင်သလောက်သာ လင်းတော့. . ဘက်ထ ရီ အားကုန်ရင် ပိတ်သွားလိမ့်မယ်. .

အမှန်က အဘွားသာ ကြောက်တတ်တာမဟုတ်၊ သူလည်း ကြောက်တတ်တာပဲ။

ဗန္ဓုလသွေးပါသူမို့ ညီထိုက်မှာ အိမ်ထဲကို ပြေးပြီးဝင်သွားပါ သည်။ ပြီးတော့ ကြောက်ကြောက်နဲ့ ချော်လဲရောထိုင်လုပ်ပြီး အဘွား ထည့်ပေးထားတဲ့နွားနို့ခွက်ကို တဂွပ်ဂွပ်နဲ့ မော့ချပစ်လိုက်သည်။





ညီထိုက်က အဘွားအိပ်ဖို့ အိပ်ရာခင်းပေးပြီး သူက အဘွား နံဘေးက ခေါင်းအုံးကို စိတ်လိုလက်ရထိုင်ပြီး ရှိခိုးနေမိသည်။

အဘွားက သူ့ကိုကြည့်ပြီး သဘောတွေကျနေသည်။

သူများတွေက သဘော်သားဆိုရင် ဘာဖြစ်တယ်. . ညာဖြစ် တယ်. . ပြောကြပေမယ့် ဒီမြေးကလေးကတော့ ကမ္ဘာသာ ပတ်လာ တယ်၊ ဟော. . လူကြီးသူမလည်း သိတတ်သလား မမေးနဲ့၊ ရှိသေ ရာမှာလည်း နှစ်ယောက်မရှိဘူး။

ဒေါ်လေးခင်ဆိုတဲ့ သူ့မှာတော့ ဟောဒီမြေးကလေးပဲ အား ကိုးစရာရှိတာပါ။

ညီထိုက်က ဘုရားရှိခိုးပြီးတော့ အဘွားဘက်ကို လှည့်ကာ

"အဘွား. . ကျွန်တော် အဘွားအပေါ်မှာ ကံသုံးပါးနဲ့ ကျူး လွန်မိတာရှိရင် ခွင့်လွှတ်ပါ"

လို့ ပြောပြီး ဦးသုံးကြိမ်ချပြီး ကန်တော့လေသည်။

ဒေါ်လေးခင်က စိတ်လိုလက်ရ ဆုတွေ တစ်လျှောက်ကြီးပေးနေ စဉ် ညီထိုက်က

"အဘွား. . ကျွန်တော့်ကို ဝိညာဉ်တွေနဲ့မတွေ့ပါစေနဲ့လို့. . ဆုပေး ပေးပါ. . နော်"

"အောင်မယ်လေးဟဲ့. . ငါ့ပဲ ကြောက်တတ်သလား အောက်

မေ့တယ်. . ငါ့မြေးကလည်း ငါ့သွေးအပြည့်ပါပဲလား. . ကဲ. . ကဲ. . ငါ့မြေး တောင်းတဲ့ဆုနဲ့ ပြည့်ပါစေတော်"

မြေးအဘွားနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်း. . တဖြည်းဖြည်း ညဥ့်နက်လာသည်။

စကားသံအစား အဘွားထံမှ ဟောက်သံတောင် ထွက်လာပြီမို့ သူလည်း ဇွတ်အတင်းအိပ်ပျော်ဖို့ ကြိုးစားရသည်။

သိပ်မကြာပါ။ ညီထိုက်ဆီမှ အသက်ရှူသံ ပုံမှန်လေးထွက်လာပါသည်။

ဒါဆို ညီထိုက်လည်း အိပ်ပျော်သွားပြီပေါ့. . .

◆





ကားရှေ့မှာ မိန်းမတစ်ယောက် ပိတ်ရပ်နေသည်။ လမ်းအကျယ်ကြီးရှိတဲ့ဥစ္စာ သူ့ကားရှေ့မှာမှ လာရပ်ရသလား။

ညီထိုက်က ကားဟွန်းတီးပြီး လမ်းဖယ်ပေးဖို့ ပြောသည်။ အဲဒီမိန်းမက လုံးဝဂရုမစိုက်ဘဲ ရပ်မြဲအတိုင်း ပေပြီးရပ်နေလေသည်။

ကားကို နောက်ကျောခိုင်းပြီး ရပ်နေသည်မို့ အဖြူအမည်းသဲသဲကွဲကွဲ မသိရပါ။ ညီထိုက်က ကားမှန်ကို အောက်ချကာ ခေါင်းပြူထွက်ရင်း -

"ဟေ့. . လမ်းဖယ်ပေးလို့ပြောနေတာ မကြားဘူးလား၊ သေချင်လို့လား"

ဟု ဘုတော တောလေသည်။ ကောင်မလေးက မျက်နှာကို သူ့ဘက်မလှည့်ဘဲ

"ရှင့်ဆီမှာ အကူအညီလာတောင်းတာပါ၊ ကျွန်မကို ကူညီမယ်မဟုတ်လား"

"ဘာအကူအညီလဲ. . ပြော၊ ငါပေးနိုင်တာဆို. . လုပ်ပေးမှာပေါ့"

"ရှင်လုပ်ပေးနိုင်ပါတယ်"

ပြောပြီး သူမ ပျောက်ကွယ်သွားသည်။မျက်စိရှေ့တင် ပျောက်သွားတာဆိုတော့ ညီထိုက် တော်တော်သွေးပျက်သွားသည်။

ဝူးဝူးဝါးဝါးနဲ့ အိပ်ရာမှ လန့်နိုးလာခဲ့သည်။

ပြန်အိပ်တာ ဘယ်လိုမှအိပ်လို့မရတော့တာမို့ ရေအေးအေး လေးတစ်ခွက်လောက် သောက်ရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ရေခဲသေတ္တာထဲမှ ရေတစ်ခွက် ယူသောက်ပြီး အပေါ် ပြန် မတက်သေးဘဲ သူ့ကားအခြေအနေကို ပြတင်းတံခါး အသာဟ,ကာ ချောင်းကြည့်မိသည်။ သူချောင်းကာမှပဲ မှိတ်နေတဲ့မီးက ပြန်လင်းလာ ပြန်သည်။

အဘွားနိုးလာရင် ဒီကိစ္စကို သူ ဘယ်လိုရှင်းရမလဲ. . တစ် သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးတဲ့အဖြစ်အပျက်တွေ ခုမှပဲ နဖူး တွေ့၊ ဒူးတွေ့ တွေ့နေရသည်မို့ ကျောတောင်ချမ်းချင်လာသည်။

"မဖြစ်ဘူး. . မဖြစ်ဘူး. . မနက်ဖြန်ကျရင် ငါ. . ရန်ကုန်ပြန် တော့မယ်. . ဒီမှာ နေရတာ တစ်မျိုးကြီးပဲ"

လာတုန်းက ပဲခူးမှာ ကြာကြာနေမလို့ စိတ်ကူးလာခဲ့သည်။ ခုတော့. . အဲဒီလောက်အထိ သူနေနိုင်မည် မထင်ပါ။

နောက်တစ်ကြိမ် သူ့ကားကို ပြန်ကြည့်မိတော့ ကားနံဘေး မှာ ဖြူလွလွအရာတစ်ခုကို ဝိုးတိုးဝါးတားတွေ့လိုက်ရသည်။

သေသေချာချာအာရုံစိုက်ပြီးကြည့်မှ မိန်းမပုံသဏ္ဍာန်အရိပ် တစ်ခု ကားနံဘေးမှ လှစ်ခနဲဖြတ်ပြေးသွားတာ သူတွေ့လိုက်ရသည်။





"ဘုရား. . ဘုရား. . အဲဒါ ဘာကြီးပါလိမ့်. . အိပ်မှုန်စုံမွှား ...ါများ မျက်စိမှားလို့လား. . မရတော့ဘူး. . ဒီနေ့ပဲ မိုးလင်းရင် ပြန် ...တော့မယ်"

ဆုံးဖြတ်ချက်ကို ပြန်ပြင်ချပြီးနောက် ညီထိုက်တစ်ယောက် အဘွားဘေးမှာ ပြန်ဝင်ပြီး ကွေးနေလိုက်တော့သည်။

မိုးရယ်. . မြန်မြန်လင်းပါတော့. . .

◆

Day...2

26-11-2012

မနက်မိုးလင်းလာတော့ အဘွားက သူ့ကို ချောဆွဲထားပြန်သည်။ ချက်ချင်းပေးမပြန်။

"ပုလုံးက ဘယ်နေ့မှ ပြန်လာမလဲ မသိဘူး. . ခုတလော. . အအေးလှိုင်း ဖြတ်နေတော့ ခြေထောက်တွေ ကိုက်တယ် မြေးရဲ့. . အဘွားတစ်ယောက်တည်း မနေရဲပါဘူး မြေးရယ်"

ဒီလိုဆိုတော့လည်း အဘွားကို သူသနားသွားသည်။

မနေ့ညက သူတစ်ယောက်တည်း ကျိတ်ပြီး ခံခဲ့ရတာတွေကို ပြန်တွေးမိပြန်တော့. . ဒီအိမ်မှာ တစ်စက်ကလေးမှ သူ မနေချင်ပါ။ သူ့ရဲ့ဘော မကြောင်ပေမယ့်. . သတ္တိနည်းနေတာကိုတော့ ဝန်ခံရပေမည်။

"ဒီညလည်း ဒီမှာပဲ အိပ်ရမှာပေါ့ ဟုတ်လား အဘွား"





"မြေးလေးက သဘောပေါက်လွယ်သားပဲ. . အဲဒါကြောင့် အဘွားက ချစ်နေရတာ"

အဘွားက သူ့မေးဖျားလေးကို ဆွဲဖျစ်ရင်း အသည်းယားစွာ ပြောလာတော့ ညီထိုက်က အဘွားရင်ခွင်ထဲ အလိုလို တိုးဝင်သွားမိသည်။

"ဒီနေ့. . တို့မြေးအဘွား ဘုရားတွေ လျှောက်ဖူးကြမယ်. . ထမင်းလည်း ချက်မနေတော့ဘူး။ အပြင်မှာပဲ ဝယ်စားကြမယ်. . . ဘယ်လိုလဲဟေ့. . မကောင်းဘူးလား"

ညီထိုက်က အဘွားကို စ,ချင်လာသဖြင့်

"အဘွားဘဏ္ဍာတိုက်က ငွေတွေ လျော့ကုန်ပါဦးမယ်"

"အောင်မယ်လေး. . ဟောဒီက ကျုပ်မြေးအတွက်ဆို လျော့ချင်သလောက် လျော့စမ်းပါစေ. . ဘယ်မှာ စားချင်လဲ. . မြန်မာအစားအစာလား. . တရုတ်အစားအစာလား"

"ဒါဆိုလည်း ကေတီဆိုင်မှာပဲ သွားစားကြတာပေါ့. . သူတို့ဆိုင်က ဟင်းတွေ ကျွန်တော် ခံတွင်းတွေ့တယ် အဘွားရဲ့"

"ငါ့မြေးသဘော. . ငါ့မြေးသဘော"

အဘွား ပြုံးနေရင် သိပ်ပြီးချစ်စရာကောင်းတာ။

ဖြူဖြူဖွေးဖွေးဝဝတုတ်တုတ်လေးမို့ ညီထိုက်က သူ အသည်း

ယားလာတိုင်း အဘွားတစ်ကိုယ်လုံးကို သိမ်းကြုံးပြီး ဖက်ထားလိုက်သည်။

ရေမိုးချိုးပြီးတော့ မြေးအဘွားနှစ်ယောက် ပဲခူးက တန်ခိုးကြီးဘုရားတွေကို လျှောက်ဖူးကြသည်။ ရွှေသာလျောင်းဘုရား၊ ရွှေမော်ဓောဘုရားကို ဖူးပြီးတော့ မြွေဘုရားကို မောင်းခိုင်းလို့ ညီထိုက်က ကားမောင်းရင်း -

"အဘွား. . မြွေဘုရားလို့ ဘာကြောင့်ခေါ်တာလဲဟင်"

"ဟုတ်ပ့ါ. . ငါ့မြေးက ဒီဘုရားကို ရောက်မှမရောက်ဖူးဘဲ၊ အဲဒီမြွေမယ်တော်ကြီးက သာသနာပြုဖို့ လာတာကွဲ့"

"ဘယ်ကနေ လာတာလဲ အဘွား"

"ဟိုး. . ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုဘုရားသိုက်နန်းကနေလာတာ. . မယ်တော်ကြီးအမည်က စောနန်းဝေ လို့ခေါ်တယ်. . ဒီကိုလာဖို့အတွက် လမ်းမှာ လေးကြိမ် အသက်ဆုံးရှုံးခဲ့ရဖူးတယ်. . လူတွေရဲ့ရက်စက်မှု. . သဘာဝဘေးဒဏ် တိုက်ခိုက်မှုကြောင့် အကြိမ်ကြိမ် အခါခါ သေဆုံးခဲ့ပြီးမှ နောက်ဆုံးတစ်ကြိမ်မှာ သာသနာပြုဒေသန္တရခရီး ထွက်ဖို့ ဆုတောင်းပြီး အပျိုစင်ဘဝနဲ့ မိုင်ပေါင်း (၁၄၀၀) ဝေးကွာတဲ့ခရီးကို တစ်နေ့ ၂ နာရီနှုန်းနဲ့ ၃နှစ် ၃မိုး ၃လ လာခဲ့ရတဲ့အကြောင်း ၁၅နှစ်အရွယ် ကလေးမလေးကို ဝင်ပူးပြီး





ပြောပြခဲ့တာ. . ပြီးတော့. . သူ့ကို ပဲခူးက ကျိုးတောင်တောရကျောင်းကို ပို့ပေးဖို့ ပြောတယ်တဲ့"

"ဘာဖြစ်လို့လဲ အဘွား"

"ကျိုးတောင်တောရကျောင်းက သက်တော်ရှည်ဆရာတော်ကြီးဘဒ္ဒန္တဇာဂရ ဆိုတာ မယ်တော်ကြီးအရင်ဘဝ လူဖြစ်စဉ်အခါက ရသေ့ဘဝနဲ့ ကျွေးမွေးစောင့်ရှောက်ခဲ့ဖူးတဲ့ကျေးဇူးရှိလို့တဲ့"

အဘွားပြောပြလာခဲ့တဲ့ မယ်တော်ကြီးစောနန်းဝေအကြောင်းကို ကြားရပြီး ညီထိုက် အံ့သြနေမိသည်။

"ဟော. . ဟိုရှေ့မှာတွေ့လား၊ ရွှေတိဂုံပုံတူ ကိုးတောင်ပြည့်ဘော်ကြိုစေတီလေ. . အဲဒါ. . မယ်တော်ကြီး ဒီကိုရောက်ပြီး ကိုးနှစ်ပြည့်အနေနဲ့ အမိဌာန်ပြီး တည်ထားခဲ့တာပဲ"

သိုက်နန်းရှင်မယ်တော်ကြီး စောနန်းဝေကို ဝင်ပြီး ဂါရဝပြုကာ ဆုတောင်းကြသည်။ မယ်တော်ကြီး ဒီထက်မက ပိုပြီး သာသနာပြုနိုင်ပါစေ။

ဘုရားတွေ ဖူးပြီးတော့ ဗိုက်ကလည်း ဆာလာပြီမို့ ဇကတို့ဆိုင်ကို တန်းပြီးမောင်းသွားလိုက်သည်။

ဟိုရောက်တော့. . ဆိုင်ရှေ့မှာ ကားရပ်ပြီး မြေးအဘွားနှစ်ယောက် ဆိုင်ထဲဝင်လာကြသည်။

ဝိတ်တာလေးတွေက ညီထိုက်ကိုသိပြီးသားမို့ နှုတ်ဆက်ကာ စားပွဲဝိုင်းမှာ နေရာချပေးကြသည်။

"ကိုညီထိုက်. . ဆရာဇေ ရောက်နေတယ်. . သွားခေါ်ပေး ရမလား"

"ဟော. . မနေ့ညက ငါ ဖုန်းဆက်တော့ သူ ရန်ကုန်မှာဆို. . ဘာလဲ ဒီနေ့မနက် ပေါက်ချလာတာလား"

သူ အံ့အားသင့်စွာ မေးတော့ ကောင်လေးက -

"သူ ရောက်တာ မနေ့ညကတည်းကပါ. . ကိုညီထိုက်ကို နောက်တာနေမှာပေါ့. . ခုထိ အိပ်ရာက မထသေးဘူးလေ"

"အေး. . ဒါဆိုလည်း ဒီကောင့်ကို ညှဉ်းဆဲရအောင် သွား ခေါ်ခဲ့ကွာ"

အဘွားက menu ဖတ်နေရာမှ ဆိုင်ဝန်ထမ်းတစ်ယောက် ကို လှမ်းခေါ်ကာ -

"သားရေ. . . မှိုကန်စွန်းတစ်ပွဲ၊ ကကတစ်ငါးပေါင်းတစ်ပွဲ၊ စီချွမ်ကြက်ကုန်းဘောင်တစ်ပွဲ၊ ပူစွန်တန်ပူရာတစ်ပွဲ"

"အဘွား ဟင်းတွေက များလိုက်တာ. . စားမှာက ကျွန်တော် တို့နှစ်ယောက်တည်းနော်"

"ငါ့မြေးလေးကို စားစေချင်လို့ပေါ့. . မကုန်တော့ရော. .





ဘာဖြစ်သေးလဲ. . ပါဆယ် ထုပ်သွားပြီး ညကျ. . ပြန်စားလို့ ရတာပဲ ဟာ"

ညီထိုက်က ဇေကို စောင့်ရင်း ကောင်လေးကို အဖေးမှာ လိုက်သည်။

"ညီလေး. . အစ်ကို့အတွက် coke တစ်ဘူးပေး၊ အဘွား ရော ဘာသောက်မလဲ"

"အဘွားကို သံပုရာရည်ချဉ်ချဉ်လေးတစ်ခွက်"

ဇေက တော်တော်နဲ့ကို ဆင်းမလာပါ။ ဟင်းပွဲတွေရောက် လာလို့ သူတို့စားနေတဲ့အချိန်ကျမှ ဘသားချောက ဆင်းလာတော်မူ သည်။

မျက်နှာတောင် သစ်လာခဲ့ရဲ့လား မသိပါဘူး။ ညဝတ်အင်္ကျီ နဲ့ ဆင်းချလာတာ။

"ဟော့ကောင်. . နှမပေးယောက်ဖလေး. . မနေ့ညက ငါဖုန်း ဆက်တော့ မင်း ရန်ကုန်မှာဆို"

ဝိတ်တာကောင်လေး ပြောပြထားလို့ သူသိပြီးသားဆိုပေမယ့် ဒီကောင် ဘာပြောမလဲဆိုတာ သိချင်လို့ တမင်မေးကြည့်ခြင်းဖြစ်သည်။

"ဒီနေ့မနက်မှ ငါ ရောက်တာကွ. . ငါ့အဖေ လှမ်းခေါ်လို့ လာတာ"

နည်းနည်းလေး လွဲနေပေမယ့်. . ညီထိုက်က မသိကျိုးကျွံပြု ထားလိုက်ပြီး -

"ဒါနဲ့ အရှေ့မှာ မင်းကား ရပ်ထားတာလည်း မတွေ့ဘူး. . ဘာနဲ့လာတာလဲ"

"ဒါလား . ဟိုလေ. . ဟိုဟာ. . ငါ့အဖေ ခဏယူသွားတာ"

"မင်း ထမင်းစားပြီးပြီလား. . လာလေ တစ်ခါတည်းဝင်စား လိုက်"

"နေပါစေကွာ. . ဒီဆိုင်က ဟင်းတွေက ငါစားနေကျဆိုတော့ ခံတွင်းမတွေ့တော့ဘူး. . နေ့ခင်းကျမှ အသုပ်သွားစားမလားလို့"

ဒီကောင် နေမျှားမကောင်းလို့လား. . ။

သူကသာ ခံတွင်းမတွေ့တာပါ၊ ညီထိုက်တို့မြေးအဘွားနှစ် ယောက်မှာတော့ စားကောင်းလွန်းလို့ ထမင်းတောင် နောက်တစ်ပန်း ကန်ထည့်ယူရသည်။

"ညီထိုက်. . မင်း လိုတာရှိရင် ပြောနော်. . ငါ ကိစ္စရှိလို့. . ဖုန်း ခဏသွားပြောဦးမယ်. . အဘွား ကျွန်တော့်ကိုခွင့်ပြုပါဦးနော်. . မောင်တူး ထမင်းစားပြီးရင် သစ်သီးပွဲချပေးဦး"

စားပွဲထိုးလေးကို မှာစရာရှိတာမှာပြီး ဧကေ အပေါ်ပြန်တက် သွားသည်။





ထမင်းစားပြီး ရေတွေအသောက်များတော့ သူ အပေါ့သွား ချင်လာသည်။

"အဘွား ကျွန်တော် toilet ခဏသွားလိုက်ဦးမယ်နော်"

ဆိုင်ရဲ့အနောက်ပေါက်ကနေ ခြံထဲမှာရှိတဲ့ toilet ဆီသို့ အသွား. . မြင်လိုက်ရတဲ့ကားကြောင့် သူ အံ့းစားသွားသည်။

ဧကေရဲ့ကားက ခြံနောက်မှာပဲ။ ခါတိုင်း ဆိုင်ရှေ့မှာ ထားနေ ကျပါ။ ခုနကတောင် သူ့အဖေ ယူသွားတယ်လို့ပြောသေးတာပဲ။

ဒီကောင်. . . တစ်ခုခုတော့ ယွင်းနေပါပြီ။

စပ်စပ်စုစုနိုင်တဲ့ သူ့စိတ်က ဘာရယ်လို့မဟုတ်။ ကားနားကို အလိုလိုရောက်သွားမိသည်။ ကားကို စေ့စေ့စပ်စပ်ကြည့်နေတုန်း အနံ့ တစ်ခုကို သူ ရလိုက်သည်။ ပထမရတဲ့အနံ့က သစ်သီးလိုမွှေးတဲ့အနံ့။ ချိုချိုအီအီလေး. . .

ဒီလိုရေမွှေးနံ့မျိုး သူ ရဖူးပါတယ်။ ရင်းရင်းနှီးနှီးကို သိနေ တာ. .

မော်တော်ကားက ဘာဖြစ်လို့ ရေမွှေးနံ့ထွက်နေရတာလဲ။ တဖြည်းဖြည်း သူ ရတဲ့အနံ့က ပြောင်းသွားသည်။ ပုပ်အဲ့အဲ့အနံ့ကြီး က လေတိုက်လိုက်တိုင်း. . အော်ဂလီဆန်ချင်စရာကောင်းလှသည်။ တစ်ကောင်ကောင်များ သေနေလို့လား။

ဧကေ ကားနားမှာ တစ်ကောင်ကောင်သေပြီး ပုပ်နေတာပဲ နေမှာ. . .

အနံ့နှစ်ခု တစ်ပြိုင်တည်းထွက်နေတဲ့ ဧကေ့ရဲ့ကားကို သုတေသနလုပ်နေတုန်း ဝိတ်တာကောင်လေးတစ်ယောက်က သူ့ကို လာခေါ်သည်။

"အစ်ကိုလေး. . အဘွားက ပြီးရင်သွားမယ်တဲ့"

"ဩော်. . အေး. . အေး. . ငါလာပြီ"

ဧကေတို့ဆိုင်မှာလည်း တစ်ခုခု ထူးခြားနေသလိုပဲ။

ဒီတစ်ခေါက် ပဲခူးလာရတာ သူ့အတွက်တော့ ဆန်းနေသည်။ မနေ့ညကလည်း အဘွားအိမ်မှာ လူမသိသူမသိ သရဲခြောက်ခံရပြီးပြီ။ ရန်ကုန်မြန်မြန်ပြန်တာပဲ ကောင်းပါတယ်လေ။

အဲဒီအချိန်မှာပဲ ရေဇတ်တုန်း ရေတွင်းထဲကျဖို့ အကြောင်းက ဖန်လာသည်။

မင်္ဂလာဒုံက အမေက ဖုန်းလှမ်းဆက်လာသည်။

"ပြော. . မေမေ. . ဘာလဲ. . သားမျက်နှာလေးကို တစ်နေ့မတွေ့ရတော့ လွမ်းနေပြီမဟုတ်လား. . ဟဲ. . ဟဲ"

"အရူးလေး. . ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ မနက်ဖြန် မြို့ထဲမှာ ဈေးဝယ်ရမယ် သားရဲ့. . အရေးထဲ မင်းအဖေက ဥဂ္ဂ။





သပြီး ခြေထောက်တွေ ရောင်နေလို့. . အဲဒါ သား. ဒီနေ့ည ပြန်လာပေးလို့ရမလား"

ညီထိုက်က သူ့နံဘေးမှာ ထိုင်နေတဲ့ အဘွား ကြားအောင် အသံကိုမြှင့်ကာ

"စိတ်ချ မေမေ၊ သား ဒီနေ့ည ရောက်အောင်ပြန်လာခဲ့မယ်၊ ဖေဖေမှနေမကောင်းတာ လာရမှာပေါ့. . ဆိုင်မှာလည်း ပစ္စည်းပြတ်နေပြီမဟုတ်လား၊ ဖောက်သည်တွေ ပျက်ကုန်ပါ့မယ်၊ ဒါပဲနော် မေမေ"

သူ ဖုန်းချလိုက်တော့ အဘွားက စိတ်တွေပူပြီး မေးသည်။

"မြေးလေး. . မင်းအဖေက ဘာဖြစ်တာတဲ့လဲ၊ ပြောစမ်း. . ပြောစမ်း. . ငါ စိတ်ပူလိုက်တာကွယ်"

"အိပ်ရာထဲ လဲနေပြီ အဘွား. . လမ်းတောင် မလျှောက်နိုင်ဘူးတဲ့. . အဲဒါ ကျွန်တော် ခဏပြန်မှဖြစ်မှာ. . အဘွား တစ်ယောက်တည်း ဖြစ်ရဲ့လားဟင်"

"မဖြစ်လည်း ဖြစ်ရတော့မှာပေါ့ကွယ်. . မင်းသာ မင်းအမေကိစ္စတွေ ပြီးရင် အဘွားဆီ ပြန်လာခဲ့"

"ဟုတ်ကဲ့ပါ. . အခု အိမ်ပဲ ပြန်မှာမဟုတ်လား အဘွား"

"အိမ်ပြန်ပြီး တစ်ရေးအိပ်မလားလို့. . ညကျရင် အဘွားက ဘုရားထိုင်ရဦးမှာလေ"

"တရားထိုင်ပြီး သိန်းတစ်ရာ အပေါင်ဆုံးတဲ့အကြောင်း. . မတွေးနဲ့နော် အဘွား"

ညီထိုက်က အဘွားကို သူ့ဘော်ဒါလို စ,နောက်နေသည်။ ဒေါ်လေးခင်ကလည်း သူ့မြေးကို ပြန်စနှင့် မြေးအဘွားနှစ်ယောက် ပျော်နေကြသည်။

"မြေးလေး. . ညဘက် ကားမောင်းသွားရင် ဘုရားစာလေးဘာလေး ရွတ်သွားနော်. . ပြီးတော့ လမ်းမှာရှိတဲ့ မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်တွေအားလုံးကို အမျှပေးသွား. . ကြားလား"

"အဘွားကလဲဗျာ. . တစ်ယောက်တည်း ပြန်ရမယ့်သူကို. . လာဖြဲခြောက်နေသလိုပဲ. . ညီထိုက်ကားက ဘာကားလဲ. . ဟဲဟဲ. . ပြိုင်ကားလေ. . မိုင်တစ်ရာ့နှစ်ဆယ်နှုန်းနဲ့ မောင်းသွားမှာပေါ့ဗျ"

"အေး-အဲဒီပြိုင်ကားကြောင့်ပဲ စိတ်မချတာ၊ ရန်ကုန်ရောက်ရင် အဘွားဆီ ဖုန်းဆက်ဦး. . မင်းအဖေကို ဆေးခန်းလေးဘာလေး လိုက်ပြပေးလိုက်ပါ မြေးရယ်. . မင်းအဖေကလေ"

"မင်းအဖေပဲလား. . အဘွားသား မဟုတ်ဘူးလား"

"အေး. . ငါ့သားအကြောင်း ငါ အသိဆုံး. . သောက်ဆေးလည်း ကြောက်. . ထိုးဆေးလည်း ကြောက်နဲ့. . နေမကောင်းဖြစ်ရင် ပေဇာပြီး ကျိတ်ခံတဲ့လူမျိုး"





"ဒါကတော့ အဘွားနဲ့တူလို့ ဖြစ်မှာပေါ့"

ညီထိုက်က အဘွားအိမ်မှာ တစ်ရေးတစ်မောအိပ်ပြီး ညနေစောင်းမှ ပြန်နိုးလာသည်။ အဘွားက ထမင်းပွဲပြင်ပြီး အသင့်စောင့်နေလေရဲ့။ မစားဘူးလို့ငြင်းလည်း ရမှာမှမဟုတ်တာ။

ရန်ကုန်အိမ်မှာ အဖေက goutထနေတော့ အမေက အစားအသောက်တွေ ရှောင်ခိုင်းဦးမှာ၊ အစားဆင်းရဲမှာတော့ အသေအချာပဲ။

"ကေတို့ဆိုင်က ဟင်းတွေ ပြန်နွှေးထားတာလား အဘွား"

"အေးပေါ့. . မြေးလေး မပြန်ခင် စားသွားလို့ရအောင် နွှေးထားတာ. . ကဲ. . စား. . စား. . ဝအောင် စားသွား"

ဒီနေ့ ပြန်သွားပြီးရင် လွတ်ပြီကျွတ်ပြီဆိုပြီး. . ညီထိုက် အဝတွယ်နေသည်။ မနေ့ညက အဘွားအိမ်မှာ ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်တွေ(ရှင်းရှင်းပြောရလျှင် သူ သရဲအခြောက်ခံရတာတွေကိုဆိုလိုခြင်းဖြစ်သည်။)ကို သတိရလာပြီး -

"အဘွား. . ဒီအိမ်မှာ အလှူလေးဘာလေးလုပ်ရင် ကောင်းမယ်ထင်တယ်"

ညီထိုက်က ဟိုကြည့်ဒီကြည့်နဲ့ ပြောနေတော့ ဒေါ်လေးခင် မျက်လုံးပြူးလာသည်။

"ပြောစမ်း . . ပြောစမ်း . . ငါ့မြေးလေး ဘာတွေ့လို့လဲ"

မနေ့ညက သရဲမ တွေ့တယ်လို့ . . ပြောတော့ ပြောချင်တာပေါ့။ အဘွားတစ်ယောက်တည်း နေခဲ့ရမှာ သနားတာနဲ့ သူ့စကားကို ပြန်လျှောချလိုက်ရသည်။

"ဘာမှမတွေ့ပါဘူး . . အလျှုလုပ်တော့ ကျွန်တော်တို့ စားရတာပေါ့ . . အဟီး . . အဲဒါပြောတာ"

အဲဒီတော့မှ သူ့အဘွားလည်း သက်ပြင်းချနိုင်ပုံရသည်။

"မသိပါဘူး . . အဘွားဖြင့် စိတ်ထဲမှာလန့်သွားတာပဲ"

◆





မြန်မြန် ရောက်ချင်ဇောနဲ့ လီဗာကို ဖိပြီး နင်းမိသွားသည်။ ကားက ဟိုင်းဝေးလမ်းပေါ်မှာ တရိပ်ရိပ် ပြေးနေပြီး ၂၈ မိုင်နားကို ရောက်လာတော့ မနေ့ညက တွေ့တဲ့ကောင်မလေးကို သတိရမိသည်။

ဒီကောင်မလေး အသက်က အလွန်ဆုံးရှိမှ ဆယ့်ခွန်၊ ဆယ့်ရှစ်ပေါ့ . . ကိုယ့်ညီမသာဆို နားရင်းချည်း ဖြတ်အုပ်ထားမှာ . . ဘယ့်နှယ် ဒီအသက်ဒီအရွယ်လေးနဲ့ ဒီလိုနေရာမှာလာပြီး ရည်းစားနဲ့ ချိန်းတွေ့ဖို့ စောင့်နေသတဲ့။ မိဘတွေကလည်း မသိကြဘူးလား မသိပါဘူး။

လူရမ်းကားတွေနဲ့များ တွေ့သွားရင် စုတ်ပြတ်ပြီး ဘဝပါပျက်သွားမှာ . . ကောင်မလေးကိုက ဆတ်ကော့လတ်ကော့ . .

"အောင်မယ်လေး"

သူ့အတွေးမှမဆုံးသေးဘူး။ ကားရှေ့မှာ မိန့်မိန့်ကြီးရပ်နေတဲ့ ကောင်မလေးကြောင့် လန့်အော်မိပြီး ဘရိတ်ပါ နင်းပြီးသား ဖြစ်သွားသည်။ မနေ့ညက ကောင်မလေးပဲ။

"အစ်ကို"

"ဘာတုန်း"

ကောင်မလေးအသံက တိုးတိုးလေး . . သူထူးလိုက်တဲ့အသံက ဆောင့်ဆောင့်အောင့်အောင့်ကြီးမို့ ကောင်မလေးမျက်နှာက ချက်ချင်းညှိုးကျသွားသည်။

ပြီးတော့မှ မဝံ့မရဲလေသံလေးနဲ့

“ကိုကိုလင်းညိုကို တွေ့သေးလားဟင်”

ဟာ. . လာပြန်ပြီ။ ဒီမိန်းမတော့ ဂေါက်သီးပဲ။ သူ့ရည်းစား သူ့ဟာသူ မရှာဘဲ သူများကိုလျှောက်မေးနေတယ်။

“နေစမ်းပါဦး. . မင်း ကိုကိုဆိုတဲ့လူကို ငါမှမတွေ့ဖူးတာ. . ဖြူသလား မည်းသလား ပိန်သလား ဝသလား ဆိုတာတောင်မသိဘူး။ အဲဒါ ဘယ်နားမှာ သွားရှာရမလဲ”

“တွေ့ရင် ပြောပေးပါ အစ်ကိုရယ်. . အစ်ကိုပြောမှ. . ရမှာမို့ပါ”

အသနားခံနေတဲ့မျက်နှာလေးက ရှိုးသားပြီး အပြစ်ကင်းစင်လွန်းလို့ ခုနတုန်းက အတွေးထဲမှာ ပစ်မှားမိတာကို အားနာလာသည်။ ဒီလိုအချိန် ဒီလိုနေရာမှာ ဒီကောင်မလေးနဲ့ ဘယ်လိုမှ မအပ်စပ်တာမို့ ချော့မော့ပြီး အိမ်ပြန်ခိုင်းဖို့ သူစဉ်းစားမိသည်။

“ဒီမှာ ညီမလေး. . အစ်ကို ပြောပြမယ်နော်. . လူတိုင်းက အစ်ကို့လိုမျိုးစိတ် ရှိချင်မှရှိမယ်. . မင်း ဒီနေရာမှာ အကြာကြီးနေဖို့ မသင့်တော်ဘူး. . အစ်ကို့စကားနားထောင်ပြီး အိမ်ပြန်ပါကွာ. . မင်း အိမ်က ဘယ်မှာလဲ. . အစ်ကို လိုက်ပို့ပေးမယ်လေ”

ကောင်မလေးက မျက်ရည်လေးဝဲပြီး ခေါင်းခါပြသည်။





သူမမျက်ရည်တွေက သူ့အတွက်တော့ ထူးဆန်းနေပါသည်။

“ညီမ. . ပြန်လို့မဖြစ်ဘူး အစ်ကို. . သူ မလာမချင်း ဒီနေရာလေးမှာပဲ စောင့်နေရမှာ. . သူ လာပြီးမှ ညီမ ဒီနေရာက ထွက်သွားလို့ ရမှာ. . အစ်ကို သူ့ကို ရှာပေးပါနော်. . ညီမကို ကူညီပါ အစ်ကိုရယ်”

“မင်းရည်းစားက ဘယ်မှာနေတာလဲ”

“ပဲခူးမှာပဲ အစ်ကို. . နယူးထိပ်တန်းရွှေဆိုင်ကပါ”

“ဒါဆိုလည်း မင်း ဒီမှာစောင့်မနေဘဲ. , သူ့အိမ်မှာ သွားရှာရောပေါ့”

ကောင်မလေးက ခေါင်းခါပြန်သည်။

“ခက်တော့တာပဲကွာ. . ဒါဖြင့် သူ့ဖုန်းနံပါတ် ငါ့ကိုပေး”

ကောင်မလေးပြောတဲ့ ဖုန်းနံပါတ်ကို သူ့ဖုန်းထဲမှာ မှတ်ထားလိုက်သည်။

“ကဲ. . မင်း ဘာဆက်လုပ်မှာလဲ”

“ဒီမှာပဲ စောင့်နေမယ် အစ်ကို”

ခေါင်းမာတဲ့ကောင်မလေးကို ပြောမရတဲ့အတူတူ ထားပစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်သည်။

“မင်းနာမည်က အသချော်. . နော်”

ကောင်မလေးက ခေါင်းညိတ်ပြပြီး သူ့ကို လက်ကလေး ပြ ကာ ကျန်နေရစ်ခဲ့သည်။

သူ ကားကို မောင်းထွက်လာပြီးမှ . . နောက်ကြည့်မှန်ထဲမှာ ကောင်မလေးကိုရှာကြည့်မိသည်။

ကောင်မလေး ပျောက်သွားပြန်ပြီ။

ထို့အတူ သူ ဖွင့်ထားသော ဘန်နီဖြိုးသီချင်းလည်း ရပ်သွား ခဲ့သည်။

♦



## Day...3

**27-11-2012**

သူ အိပ်ရာက နိုးပြီး ကိုယ်လက်သန့်စင်ပြီးတော့ မနက်စာ စားဖို့ အောက်ထပ်ကိုဆင်းလာခဲ့သည်။

ထမင်းစားစားပွဲမှာ အဖေနဲ့အမေက သူ့ကို ထိုင်ပြီး စောင့် နေကြသည်။ အဖေ့မျက်နှာလေး ကြည့်ရတာ လန်းလန်းဆန်းဆန်းရှိ နေတာမို့ -

"မောနင်း ဖေဖေ. . နေလို့ကောင်းရဲ့လား. . သက်သာတယ် မဟုတ်လား ဖေဖေ"

"အေး. . မဆိုးဘူး သားရဲ့. . မနေ့ညက ဆရာဝန်မ ထိုးပေး တဲ့ ဆေးက တော်တော်စွမ်းတာပဲကွာ. . ချက်ချင်းကို သက်သာသွား တာ. . ယူပစ်သလိုပဲကွ. . ခုပဲ ကြည့်လေ. . ထမင်းစားပွဲကို ငါ့ဘာ သာငါ လမ်းလျှောက်ပြီးလာတာ"

"အမယ်လေး. . တော့်ကို ကျုပ်တွဲလာတာပါတော်. . နေစမ်းပါဦး. . ရှင်တို့သားအဖ ညက ဘယ်ဆေးခန်းသွားကြတာလဲ၊ ခါတိုင်း ပြနေကျ ဆေးခန်း မသွားဘဲ ငမ်းကြောထူချင်လို့ ဆရာဝန်မ ထိုင်တဲ့ ဆေးခန်း ရွေးသွားတာ မဟုတ်လား. . ပြောစမ်း ညီထိုက်. . ဒါ. . နင် မြှောက်ပေးတာ မဟုတ်လား"

ညီထိုက်က သောက်နေတဲ့ကော်ဖီခွက်ကို အမြန်ချကာ

"ဖေဖေက ပြောတယ်. . ခါတိုင်း ပြနေကျ ဆရာဝန်ကြီးက ဆေးမတိုးဘူးဆိုလို့ ကျွန်တော်လည်း အပြောင်းအလဲလေး ဖြစ်သွားအောင် ဆရာဝန်မချောချောလေး ထိုင်တဲ့ဆေးခန်း ခေါ်သွားပေးလိုက်တာ. . ချက်ချင်းသက်သာသွားတာပဲ ကြည့်ပါလား"

ညီထိုက်အပြောကြောင့်. . ဦးနေထူး ကော်ဖီတွေ သီးသွားသည်။

"ဟော့ကောင်. . မင်း ငါ့ကို အချွန်နဲ့ မ,မနဲ့ကွ. . ငါက ခြေထောက်အနာသက်သာသွားလို့ ဝမ်းသာပြီး ပြောမိတာ"

"ဟုတ်တယ်. . ဟုတ်တယ်. . နင် ငါတို့လင်မယားကို သွေးခွဲဖို့ မစဉ်းစားနဲ့. . လုံးဝမရဘူးမှတ်"

အမေ့ကို စ,ချင်လာလို့ သူက

"ညီနေလိုက်ကြတာ. . ကြည့်စမ်း. . အဲဒါ ဖေဖေ့ကို ချုပ်နေ





ဘာ၊ ချုပ်နည်းကတော့ ရှယ်ပဲ. . ကျွန်တော်တောင် အမေ့ဆီက ပြန်သင်ယူရမယ်ထင်တယ် ဟဲ. . ဟဲ'

"ဟဲဟဲ. . လုပ်မနေနဲ့ ခေါက်ဆွဲဆီချက်တွေ အေးကုန်မယ်၊ မြန်မြန်စား. . စားပြီးရင်. . "

အမေ့စကားမဆုံးခင် အဖေက မျက်ရိပ်ပြပြီး တားသည်။

"ဆင့်. . သား စားနေတာ ပြီးအောင်စားပါစေဦးကွာ"

တစ်ခုခု ပြောစရာရှိပုံ ရသည်။ ဥပမာ - မိန်းမပေးစားမယ့်ကိစ္စတွေ ဘာတွေ ဖြစ်မှာပေါ့. . ကိုယ်လိုရာ ကိုယ့် ဆွဲတွေးပစ်လိုက်သည်။

ပြောလာလို့ကတော့ လုံးဝမူမနေတော့ဘူး. .

"ဘာပြောမလို့ စကားပလ္လင်ခံနေရတာလဲဗျာ. . စားလို့မပြီးသေးလည်း ပြောလို့ရပါတယ်"

သူကတော့ သူ့အတွေးနဲ့သူ မြန်မြန်ကြားချင်လို့ ပြောလိုက်တာပါ။

"ဒါဆိုလည်း ပြောပြီဟေ့. . မင်းအဘွားက မင်း မနက်စာစားပြီးရင် ပဲခူးကိုကြွခဲ့ပါတဲ့"

"ဗျာ. . မနေ့ညကပဲ ပြန်လာတာလေ. . ဒီနေ့ထပ်သွားရဦးမယ်. . "

သူ သိပ်ကြိုက်တဲ့. . မာမားခေါက်ဆွဲဆီချက်တွေ ပါးစပ်မှာပလုတ်ပလောင်းနဲ့ ထအော်တော့ အမေက -

"ဟုတ်တယ်. . သူ့သူငယ်ချင်းတစ်ယောက်ရဲ့မြေး ဆိုလားဒီနေ့ အသုဘလိုက်ပို့ချင်လို့ အမီလာပါတဲ့. . စားပြီးရင် မြန်မြန်သွားတော့"

"ဟူး. . ဒီအဘွားတစ်ယောက်နဲ့တော့ ခက်တော့တာပဲဗျာ။ ရန်ကုန်မှာ လာနေပါပြောတော့လည်း မရဘူး"

အဖေက သူ့အမေအကြောင်း သိနေတော့ -

"သားရာ. . မင်းအဘွားက ဒေသစွဲလေ. . ပဲခူးမှာကျတော့ သူ့အပေါင်းအသင်းတွေနဲ့ အိမ်နီးနားချင်းတွေနဲ့ ပြောဖော်ဆိုဖော်လေးရနေတာပေါ့. . ဒီမှာကျတော့ သူတစ်ယောက်တည်း၊ သူ ဘယ်ပျော်မလဲ သားရယ်"

"ဒါဆို. . . အဘွား ပျော်သွားအောင် ရည်းစားတစ်ယောက်လောက် ရှာပေးလိုက်ရင် မကောင်းဘူးလား"

"ဒေါက်"

"အား"

ဒေါ်ဆင့်ဆင့်က ညီထိုက်ခေါင်းကို ခေါက်ထည့်လိုက်သည်။

"မှတ်ထား. . အဖေကိုမြှောက်ပေးတာ အားမရလို့ အဘွား





ပါ ရည်းစားရှာပေးဦးမတဲ့. . စားပြီးရင် သွားတော့၊ တော်ကြာ အသုဘမမီဘဲ နေဦးမယ်"

"ပဲခူးနဲ့ရန်ကုန်. . တကယ်မလွယ်ဘူး အမေရေ"

အဖေကတော့ သူ နားဝင်အောင် ဖျောင်းဖျောင်းဖျဖျနဲ့ပြောသည်။

"သွားလိုက်ပါ သားရယ်. . သားက အဖေတို့ရဲ့တစ်ဦးတည်းသော မျိုးဆက်ပဲ. . အဘွားကို စိတ်ချမ်းသာအောင်ထားလိုက်ပါ. . အဘွားက အသက်လည်းကြီးပါပြီ ပြီးတော့. . အဘွားပစ္စည်းတွေကကျန်ခဲ့ရင် သားအတွက်ချည်းပဲ. . မဟုတ်ဘူးလား"

"ဟုတ်ပါပြီ. . ဟုတ်ပါပြီ. . အဲဒီအပြောတွေနဲ့ပဲ. . မစားရအညှော်ခံ. . ပဲခူးနဲ့ရန်ကုန် လွန်းပျံဆွဲနေရတာ. . ကော်ဖီလေးတော့သောက်ပါရစေဦး မေမေရယ်. . ပြီးရင် သွားပါ့မယ်"

မသွားမဖြစ် သွားရမှာဆိုတော့ ဗိုက်ဝအောင် ဖြည့်ရဦးမှာပေါ့. . ဒါပေမယ့်လည်း ပဲခူးအိမ်မှာ သူကြုံခဲ့ရတာတွေက လူတိုင်းကိုပြန်ပြောပြဖို့ အတော်ခက်လေသည်။

ပြီးတော့. . ဟိုင်းဝေးလမ်းပေါ်က ထူးထူးဆန်းဆန်းကောင်မလေးကလည်း သူ့ကို အာရုံနှောက်စေသည်။

အိုင်တီခေတ်ကြီးထဲမှာ အချစ်ကို ရှာသွပ်ပြီး ကိုးကွယ်နေတဲ့

ခပ်ညှံ့ညှံ့ ကောင်မလေးတစ်ယောက် ရှိနေတာ မဖြစ်သင့်တဲ့ ကိစ္စကြီးပါ။

"သွားပြီ မေမေ. . ဘိုင့်"

ညီထိုက်က အမေ့ကို လက်ပြနှုတ်ဆက်ပြီး အဖေကိုကျတော့

"ဖေဖေ. . ဒီည ဟိုဆရာဝန်မလေးဆီ သွားဖြစ်အောင် သွားလိုက်ဦးနော်. . အဟီး. . အမေ့နားမှာနေရင် ရောဂါတိုးတယ်ဆို"

ရအောင် စ,သွားသေးသည်။

အမေ. . ဆွေ့ဆွေ့ခုန်နေတာ ကြည့်ပြီး ညီထိုက် ပြေးထွက်လာခဲ့သည်။

အမေက သိပ် စ,လို့ကောင်းတာ။

♦





လမ်းကြောရှင်းတာနဲ့ ကားကို speedတင်ပြီး မောင်းလာခဲ့သည်။ ပဲခူး မြန်မြန်ရောက်ဖို့က အဓိက။

အဘွား သွားချင်တဲ့ အသုဘက ဘယ်အချိန် ချမလဲ မသိတော့ မီစေချင်တဲ့ဇောနဲ့ သူမောင်းနေသည်။

၂၈မိုင်နားရောက်တော့ ကောင်မလေးကိုသတိရပြီး ရှာကြည့်သေးသည်။ မတွေ့တော့မှ သူ စိတ်အေးပြီး သက်ပြင်းချနိုင်သည်။ ဒီကောင်မလေးကို ညဘက်တွေမှာ တစ်ယောက်တည်း တွေ့နေတာသည်း စိတ်ထဲ မအေးနိုင်။ ဘဝင်မကျနိုင် ဖြစ်ရသည်။

အုပ်ထိန်းသူမိဘတွေ မရှိတော့လို့များလား. . .

ဒါမှမဟုတ် တစ်ခန်းလွတ်နေတဲ့ဂေါက်သီးလေးလား. .

ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ ကေနဲ့တွေ့ရင် အသင်္ချေ လို့ခေါ်တဲ့ ကောင်မလေးအကြောင်း ပြောပြရဦးမည်။ ဒီကောင့်ဆီက ဘယ်လို မှတ်ချက်မျိုးတွေ ရမလဲတော့ မသိဘူး။

ကောင်မလေးတွေနဲ့ပတ်သက်ရင် ဒီကောင်က ဆရာကြီးဆိုတော့ အသင်္ချေ့ကို အထင်များသေးသွားမလား. . .

ကားမောင်းတဲ့အလုပ်ပဲ ရှိတော့. . လျှောက်တွေးရင်း ပဲခူးကို ရောက်မှန်းမသိ ရောက်လာခဲ့သည်။

အဘွားက သူ့ကို ခြံဝမှာကို ထွက်စောင့်နေရှာတာ။

ဒီလိုကျတော့လည်း အိုကြီးအိုမ အဘွားနားမှာ မနေဘဲ တစ်ယောက်တည်း ထားခဲ့မိတာ စိတ်မကောင်းဖြစ်ရသည်။ သူ လာမယ်ဆို ရောက်မလာမချင်း ဒီလိုပဲ ခြံဝမှာ ထွက်မျှော်နေတာ. .

ညီထိုက်က ကားကိုခြံထဲကွေ့ဝင်ရင်း မျက်နှာကို အတတ်နိုင်ဆုံးပြုံးကာ -

"အဘွား. . ကျွန်တော် နောက်မကျဘူးနော်. . မြန်မာစံတော်ချိန်အတိုင်း အတိအကျရောက်လာပါပြီ. . ဟဲ. . ဟဲ. . "

"အခုမှပဲ အဘွား စိတ်အေးရတော့တယ်ကွယ်. . အချိန်မှီပါ့မလားလို့ စိတ်က တထင့်ထင့်ရယ်. . ကဲ. . မြေးလေး ဗိုက်ဆာပြီလား. . မဆာသေးဘူးဆိုရင် အဘွားတို့ တန်းပြီးသွားလိုက်ရအောင်နော်"

"ကျွန်တော်. . မဆာသေးပါဘူး အဘွားရယ်. . အဘွားကို အရင်လိုက်ပို့ပေးမယ်လေ. . "

အဘွားက ဘယ်လောက်တောင်မျှား. . စိတ်လောနေသလဲ မသိပါဘူး။ အဝတ်အစားပါ အဆင်သင့်လဲပြီး စောင့်နေတာ။

အဘွား ကားပေါ် တက်ပြီးတာနဲ့ ညီထိုက်က ကားကိုခြံထဲမှ မောင်းထွက်လာခဲ့သည်။

"အဘွား. . အိမ်သော့တွေ သေချာခတ်ခဲ့ရဲ့လား. . ခုတစ်





လော လုယက်မှုတွေ သိပ်များတယ်နော်. . မြို့လယ်ကောင်မှာတောင် လူသတ်ပြီး လုနေကြတာ. . အဘွားတစ်ယောက်တည်း စိတ်ကို မချပါဘူးဗျာ. . ပဲခူးက ခြံနဲ့တိုက်ကိုရောင်းပြီး ကျွန်တော်တို့နဲ့ လာနေပါလား အဘွားရယ်. . နော်"

"ဒီမှာ ငါ့မြေး၊ အဘွားအသက်အရွယ်နဲ့ဆို သေမင်း လာခေါ်လည်း ပျော်ပျော်ကြီး လိုက်သွားရုံပဲ၊ ဟော. . အခု အဘွား အသုဘသွားလိုက်မယ့် ကလေးမလေးဆို ကြည့်စမ်း. . ခုမှ အသက် ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်. . ကြွေချိန်မတန်ဘဲ ကြွေသွားပြီ၊ သူ့အမေဆို အရူးတစ်ပိုင်း ခံစားနေရတာ. . သူ့အစ်ကိုဆိုလည်း သတ်မယ် ဖြတ်မယ်. . တကဲကဲပေါ့ကွယ်. . လူငယ်တွေများ အချစ်ကို ကိုးကွယ်လိုက်ကြတာ. . အသက်ပါပေးပြီးတော့များကွယ်"

အဘွားပြောနေတဲ့ အကြောင်းအရာက စိတ်ဝင်စားစရာကောင်းနေတာမို့ သူလည်း တစ်ပိုင်းတစ်စတော့ စပ်စုမိသွားသည်။

"ဒီကောင်မလေးက သွေးရိုးသားရိုးသေတာ မဟုတ်ဘူးလား အဘွား"

"မဟုတ်ဘူး မြေးရဲ့"

အဘွားက ဆက်ပြောမလို့ ပြင်နေစဥ်မှာပဲ. . ရုတ်တရက် အထိတ်တလန့် ထအော်လေသည်။

"ဟိုးထား. . ဟိုးထား. . လမ်းကျော်သွားပြီ၊ ပြန်ကွေ့လိုက် မြေးလေး. . ဟိုနောက်မှာ ကျန်ခဲ့တဲ့လမ်းထဲကို ဝင်လိုက်"

သူလည်း အဘွားပြောတဲ့အတိုင်း လမ်းထဲကိုချိုးကွေ့ဝင်ပြီး လေးငါးအိမ်လောက် ကျော်လာတာနဲ့ အသုဘအိမ်ကိုတွေ့ရသည်။

"ရပြီ မြေး. . ဒီမှာပဲ ရပ်ခဲ့တော့. . အဘွားတို့ လမ်းလျှောက်ပြီးသွားရအောင်"

အသုဘတောင် ချတော့မည်ထင်သည်။ လူတွေ စုရုံးစုရုံးနဲ့ ပြင်ဆင်နေကြပြီ။

အဘွားက သူ့ရှေ့မှအရင် အသုဘအိမ်ထဲ ဝင်သွားသည်။ ညီထိုက်က အိမ်ရှေ့က သင်ပုန်းမှာရေးထားတဲ့ သေဆုံးသူရဲ့အမည်ကို အမှတ်မထင်ဖတ်ကြည့်လိုက်မိသည်။

*မအာသချော် (၁၈နှစ်)*

**(၂၅-၁၁-၂၀၁၂ ည ၇း၀၀နာရီ)တွင်**

**ကွယ်လွန်အနိစ္စရောက်သည်။**

"ဟာ"

သူ့ပါးစပ်မှ အာမေဍိတ်သံပင် ထွက်လာရသည်။

နာမည် တူတာများလား. . ဟိုကောင်မလေးနာမည်လည်း အသချော်ပဲ။





မဝံ့မရဲစိတ်တွေနဲ့ အိမ်ထဲကို သူလှမ်းဝင်လိုက်စဉ် စားပွဲပေါ်မှာ တင်ထားတဲ့ ဓာတ်ပုံကြောင့် ပိုပြီး စိတ်ချောက်ချားသွားသည်။

"ဟိုကောင်မလေးပါလား. . ဒါ. . ဒါဆို. . သူက သေသွားပြီပေါ့"

နှစ်ဆယ့်ငါးရက်နေ့မှာ သေတာတဲ့. . ဟုတ်ပါပြီ. . သူပဲခူးကို လာတုန်းက ညရှစ်နာရီဆိုတော့. . သူ သေပြီးပြီပေါ့။

ညီထိုက် ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ အဘွားနဲ့ဘေးမှာ ဘယ်လိုက ဘယ်လိုဝင်ထိုင်မိသလဲတောင် သူမသိတော့။

အဘွားက နာရေးရှင်မိသားစုတွေနဲ့ စကားပြောနေသည်။

"အဘွား"

"ဘာလဲ မြေးလေး. . သြော်. . ဒါ အဘွားခင်ရဲ့မြေးလေ. . သဘော်သားပေါ့. . ဒီကိုလာချင်လွန်းလို့ သူ့ကိုပဲ ခေါ်ဆွဲလာရတာ"

အဘွားက သူနဲ့မိတ်ဆက်ပေးနေသေးသည်။ ညီထိုက်လည်း သိချင်စိတ်ပြင်းပြနေတဲ့ကိစ္စကို တစ်ပါတည်း ဖွင့်မေးမိသည်။

"ဟိုလေ. . အသချော်က ဘယ်လိုဖြစ်လို့ဆုံးသွားတာလဲဟင်"

အသချော်ရဲ့အမေက သူမေးလိုက်တော့ မျက်ရည်တွေ စီးကျလာသည်။

"အဒေါ့်သမီးလေးကိုယ်၌က မိုက်တာပါကွယ်. . ဒီလောက်

အတန်တန်တားနေတဲ့ကြားက အဲဒီကောင်နောက်ကို လိုက်ဖို့ ၂၈ နားမှာ သွားစောင့်နေတုန်း . . ဟင့် . . ဟင့် . . ဟီး . . . ကားတိုက်ခံ တာပဲ သားရယ် . . အဒေါ် ဘယ်လိုဖြေရမှာလဲကွယ် . . အဒေါ့်သ က အဒေါ့်ရဲ့အနာဂတ်ပါပဲ၊ခုတော့ ပြောင်းပြန်တွေဖြစ်ကုန်ပြီ အသ ခင်ရယ် . . တကယ်တော့ ကျွန်မအသုဘကို သမီးက ပို့ရမှာလေ . . ကျွန်မသမီးလေးက ခုမှ အသက်ငယ်ငယ်လေးပဲ ရှိသေးတာ . . သ အသုဘကို ကျွန်မ ဘယ်လိုအင်အားနဲ့လိုက်ပို့ရမှာလဲ”

ကောင်မလေးရဲ့အမေ ခံစားနေရတာ မပြောနဲ့ . . သူတော မှ ကြားရတာနဲ့တင် ဝမ်းနည်းပက်လက်ဖြစ်နေရသေးတာပဲ။ ကော မလေးရဲ့အစ်ကိုဖြစ်သူက သူ့အမေကိုနှစ်သိမ့်ပြီး ပြုစုပေးနေတာ တွေ ရသည်။

“ကြီးကြီး ကိုယ့်ကိုယ်ကို ထိန်းမှပေါ့ . . ကြီးကြီးမှာက နှ ရောဂါနဲ့လေ . . ကိုပေါက် ကြီးကြီးကို ခဏပေးနားလိုက်လေ . . တေ ကြာနေ အသုဘချရင် ပုံလဲနေပါဦးမယ်”

အသင်္ချေတို့အရွယ် ကောင်မလေးတစ်ယောက်က လာ ဖျောင်းဖျနေပေမယ့် သူမကိုယ်၌က မျက်ရည်တွေနဲ့လေ . .

“သမီးရယ် . . သမီးသူငယ်ချင်းကို ဒီလိုပဲ ပစ်လိုက်ရတော မှာလားကွယ်”





“စွဲမြတ်အမှားပါ ကြီးကြီးရယ် . . သူ ဒီလိုဖြစ်မယ်မှန်းသိရင် ကြီးကြီးတို့ကို အသိပေးပါတယ် . . သူငယ်ချင်းရယ် . . အဖြစ်ဆိုးလိုက်တာ . . ငါဘယ်လိုဖြေရမှာလဲ . . နင်ပြောပါဦး အသင်္ချေရယ်”

စွဲမြတ် . . ဆိုတဲ့ ကောင်မလေးက အသင်္ချေရဲ့ဓာတ်ပုံရှေ့မှာ ထိုင်ပြီး ငိုနေသည်။ ပါးစပ်ကလည်း တတွတ်တွတ်ပြောနေသည်။

ညီထိုက်က ကောင်မလေးနဲ့ပတ်သက်တဲ့အရာ မှန်သမျှကို လိုက်ပြီး မှတ်သားနေမိသည်။ နားထဲမှာလည်း အသင်္ချေပြောတဲ့စကား တစ်ခွန်းကို ထပ်ခါတလဲလဲကြားနေမိသည်။

“ကိုကိုလင်းညီကိုတွေ့လားဟင် . . သူ့ကိုတွေ့ရင် ပြောပေးပါနော် . . အသင်္ချေ ဒီနေရာလေးမှာ စောင့်နေတယ်လို့”

ဘုရား . . ဘုရား . .

ဒါဆို ဒီကောင်မလေးက စိတ်စွဲပြီး အဲဒီနေရာမှာ စောင့်နေတာပဲနေမှာ။

နေပါဦး . . လင်းညီဆိုတဲ့ကောင်က ဘာဖြစ်လို့ ပေါ်မလာတာလဲ၊ သူ့ချစ်သူတစ်ယောက်လုံး ဆုံးသွားတာတောင် မလာဘူးတဲ့လား။ အဲဒီလိုတပ်အပ်ပြောဖို့ကလည်း ခက်သား . . သူမှ လင်းညီကို မမြင်ဖူးတာ . . လာချင်လည်း လာမှာပေါ့။

စွဲမြတ် ဆိုတဲ့ကောင်မလေးကတော့ အသင်္ချေအကြောင်းကို

အတော်များများ သိပုံရလေသည်။ အပြန်ကျမှ ဒီကောင်မလေးအိမ်ကို လိုက်ကြည့်ထားရဦးမည်။ လိုရမယ်ရပေါ့။

အသင်္ချေက ဝိညာဉ်ဘဝနဲ့ သူ့ဆီမှာ အကူအညီလာတောင်းနေတာကိုက ထူးဆန်းနေသည်။ ဒီပြဿနာကို သူဘယ်လိုရှင်းရမလဲ။

သွေးမကြောင်ပေမယ့် ခုလို အကြောင်းစုံသိပြီးမှတော့ အဲဒီနေရာကို သူထပ်သွားဖို့ ဝန်လေးမိတာတော့ အမှန်ပင်။

သုသာန်မှာ အသင်္ချေရဲ့အသုဘကို စိတ်ဝင်တစားလာကြည့်ကြတဲ့သူတွေက အများသားပင်။

အဲဒီမှာ ထူးထူးဆန်းဆန်း ဇကေရဲ့ကားကို သူတွေ့လိုက်သည်။ သူတို့နဲ့လည်း ခင်တယ်ထင်ပါရဲ့။

ဇကေက နေကာမျက်မှန်တပ်ထားပြီး လက်ထဲမှာလည်း ပန်းစည်းလေးကိုင်ထားသည်။ ကိုယ်နဲ့မသိတဲ့သူစိမ်းတွေကြားထဲမှာ ဇကေကိုတွေ့လိုက်ရတော့ ဘယ်လိုပျော်သွားမှန်းမသိ။ အပျော်စိတ်ကြောင့် ဒီကောင့်ကို သူ စ,ချင်လာသည်။ အေးအေးဆေးဆေး တိုင်ပင်စရာလည်းရှိသည်။

ညီထိုက်က အသံမပေးဘဲ ဇကေအနားကို ချဉ်းကပ်သွားသည်။ ပြီးတော့မှ ဇကေအနောက်မှာရပ်ကာ

"ဟော့ကောင်. . မပြေးနဲ့"





လို့ အသံဖျက်ပြီး အော်လိုက်စဉ် ဇကေရဲ့အသံနှင့်ရုပ်မှာ မယုံနိုင်လောက်အောင်ပင် ပြောင်းလဲသွားလေသည်။

"ကျွန်တော့်မှာ ဘာအပြစ်မှမရှိပါဘူး. . တကယ်. . တကယ်ပြောတာပါ"

ဒီကောင် တကယ်ပဲ ဆေးစားမှားလာသလား. . ဒါမှမဟုတ် သူမှန်းသိလို့ပဲ ပြန်နောက်နေသလား မသိပါဘူး။

"ဇကေ. . ငါပါကွ၊ မင်း သွေးရူးသွေးတန်းနဲ့ ဘာတွေလျှောက်အော်နေတာလဲ"

"ဟင်. . ညီထိုက်. . မင်းက ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲ"

ဇကေက သူ့ကို မေးခွန်းပြန်ထုတ်နေသည်။

"ဘာဖြစ်ရမလဲ. . အဘွားကြောင့်ပေါ့၊ သူ့မိတ်ဆွေရဲ့မြေးလေးကို လိုက်ပို့ချင်လို့ပါဆိုပြီး ငါ့ကို ချော့ဆွဲလာတာ၊ မင်းတို့နဲ့ရောခင်လား"

"ဒီလိုပါပဲ. . အမေတို့နဲ့ခင်တာပါ"

"ဒီကောင်မလေး သေတာ သွေးရိုးသားရိုးမဟုတ်ဘူးနော်၊ အခုထိလည်း ကားနဲ့တိုက်သတ်သွားတဲ့သူကို မမိသေးဘူးတဲ့. . လူမဆန်တဲ့တိရစ္ဆာန်ကောင်. . နှမချင်းစာနာစိတ်မရှိဘူး၊ ငါတော့ ကောင်

မလေးကိုပဲ သနားတယ်ကွာ. . သူ့ခမျာ မကျွတ်မလွတ်တဲ့ ဝိညာဉ်ဘဝ နဲ့ ဟိုင်းဝေးလမ်းပေါ်မှာ. . ."

သူ့စကားပင် မဆုံးသေး. . ကေ လှုပ်လှုပ်ရှားရှား ဖြစ်လာ သည်။

"ညီထိုက်. . သူ့သာန်မှာ မင်း ပေါက်တတ်ကရတွေ. . လာ မပြောနဲ့ကွာ. . တော်ပြီ. . ငါ ပြန်တော့မယ်"

"ဟော့. . ဘာလဲ ကြောက်သွားပြီလား. . ဟားဟား. . ငါသိ တဲ့ ကေက သွေးမကြောင်ပါဘူးကွာ"

"ငါ အလုပ်ရှိသေးလို့ ပြန်လိုက်ဦးမယ်"

တကယ်လည်း ပြောပြီး ပြန်မလို့ပြင်နေသည်။ ညီထိုက်ကမူ သူ့လက်ထဲက ပန်းစည်းကိုတွေ့သွားပြီး. .

"အဲဒီပန်းစည်း ငါ့ကိုပေးခဲ့လေကွာ. . ငါ့မှာ ဘာမှပါမလာ တာနဲ့ အတော်ပဲ. . မင်း ယုံမလားတော့ မသိဘူး. . ဒီကောင်မလေး နဲ့ငါ စကားပြောဖူးတာ နှစ်ကြိမ်ရှိပြီ. . သြော်. . သူသေပြီးမှပြောတာ နော်. . ဒီအကြောင်းတွေ မင်းကို ငါ အေးအေးဆေးဆေး ပြောပြ ဦးမယ်"

ကေက မျက်မှန်မချွတ်တော့ သူ့ကို ဘယ်လိုကြည့်နေမလဲ ဆိုတာ ခန့်မှန်းလို့မရပေ။





ဥပမာ - ဒီကောင်အရူးပဲ ဆိုတဲ့ သနားစဖွယ် အကြည့်မျိုး လား၊ ဒါမှမဟုတ် ဘာတွေ လာပြောနေတာလဲ. . ငါ သိပါတယ်ဆို တဲ့ အကြည့်မျိုးလား။ တစ်ခုခုပေါ့။

သူ့လက်ထဲကို ပန်းစည်း ထိုးပေးပြီး ဒီကောင် ပြန်သွားပါ သည်။

ညီထိုက်ဆိုတဲ့သူက သူများပန်းစည်းလှလှလေးနဲ့ အသင်္ချေ့ အုတ်ဂူပေါ်မှာ တင်ပြီး မျက်နှာလုပ်လိုက်သေးသည်။

အသုဘ လာပို့တဲ့သူတွေကလည်း အသင်္ချေ့ရဲ့ အကြောင်း အတင်းရော အဖျင်းပါ စုံနေအောင် ပြောကြလေရဲ့. .

"မအေမုဆိုးမကြီးက ပင်ပင်ပန်းပန်းနဲ့ရုန်းကန်ပြီး ကျွေးနေ တာတောင် မအေကိုပစ်ပြီး ထွက်သွားတာလေ. . ခုတော့ အသေဆိုး နဲ့သေပြီပေါ့"

"သူဌေးသားကိုမက်လိုက်တာ ကောင်မလေး ကံဆိုးတာပဲ၊ ကောင်လေးအမေ တင်တင်လတ်က သိပ်ပြီးဂုဏ်မောက်တာ"

"ဘာပဲ ပြောပြော. . ငယ်ငယ်ရွယ်ရွယ်နဲ့ လိုက်ပြေးဖို့ ပြင် တယ်ဆိုကတည်းက ဗိုက်ကြီးနေလို့ ဖြစ်မှာပေါ့. . အဲဒါကြောင့်ပဲ ရုပ်ရှင်တွေထဲကလို ဟိုဘက်က ကားနဲ့ တိုက်သတ်ခိုင်းသလားမှ မသိ ဘူး. . နော့"

အဲဒီအပြောကတော့ တော်တော်လေးလွန်သွားပြီ။

သူနဲ့ဘာမှမဆိုင်ဘူး၊ အနေသာကြီးဆိုပေမယ့် ကြားထဲက ဝင်ပြီး အမုန်းခံမိသည်။

"ဒီမှာ. . ခင်ဗျားတို့ပြောနေတာတွေက တစ်ဖက်သား ဂုဏ် သိက္ခာကို အရမ်း စော်ကားလွန်းနေပြီ. . သူများမိသားစု ကြေကွဲနေ တဲ့အချိန်မှာ စာနာသမှုနဲ့ ဝိုင်းပြီး ဖျောင်းဖျရမယ်လေ. . အသုဘ လာ ပို့ပြီး အတင်းအဖျင်းတွေ ပြောနေတာကတော့ မကောင်းပါဘူး"

ဒါတောင်မှ အဲဒီမိန်းမတွေက အပြောအဆို ရပ်မသွားကြ ပါဘူး။

သူ မကြားကြားအောင် -

"အမယ်လေးတော်. . မသာမနဲ့ သူနဲ့ ဘာတော်လို့ လာနာ နေလဲ မသိပါဘူး. . ကိုယ့်ပါးစပ်နဲ့ကိုယ်ပြောတာပဲ. . သူ့ပါးစပ် ငှာ ပြောတာကျလို့"

"အေးလေ"

သူ တော်တော်စိတ်ပျက်သွားသည်။

အသင်္ချိုင်း. . အသင်္ချိုင်း မင်္ဂလာအသုဘကို လာတဲ့သူတွေက တစ် စက်ကလေးမှ ပါးစပ်စည်းမရှိကြဘူး။

ငါ ပြန်တော့မယ်ကွာ. .





အဘွားကိုခေါ်ပြီး သူ အိမ်ပြန်လာခဲ့သည်။

တစ်လမ်းလုံး သူ တွေးလာတာက. . ကောင်မလေးရဲ့ရည်းစား လင်းညိုက ဘာလို့ မလာရတာလဲ. . ရည်းစားတစ်ယောက်လုံး သေတာတောင် မလာဘူးဆိုတော့ ခုနကမိန်းမတွေ ပြောသလိုများ ဖြစ်နေမလား။

အသင်္ချိုင်းကို မစော်ကားချင်ပေမယ့် သူ့စိတ်ထဲမှာ တွေးစရာ တွေက ရှိလာခဲ့ပြီ။

◆

ညကျတော့ အဘွားအိပ်သွားတာနဲ့ အပြင်ထွက်ဖို့ သူကြံပြီး အသာလေး ထွက်လာခဲ့သည်။ ခေတ်လူငယ်ဆိုတော့ လက်တွေ့ကျမှ ပဲ ယုံမယ်ဆိုတဲ့သဘောပေါ့. .

သူ့ပြိုင်ကားလေးက ပဲခူးမြို့ပြင်သို့ ဦးတည်နေသည်။

အသချို်နဲ့သူ တွေ့ချင်သေးသည်။ အသချို် လိုအပ်နေတဲ့ အကူအညီကို သူ ပေးချင်သေးသည်။

တွေ့ချင်စိတ်ရှိသလို တွေဝေစိတ်ကလည်း နောက်ကလိုက် ပါလာသည်။ သေပြီးတဲ့ကောင်မလေးတစ်ယောက်ကို ဘယ်လိုသတ္တိ နဲ့ စကားပြောရမှာလဲ. .

၂၈မိုင်နားသို့ ရောက်ခါနီးလေ. . ကြက်သီးတွေ တဖြန်းဖြန်း ထ,လေပင်။ ဒီလိုမှန်းသိရင် ဧကကို သူဝင်ခေါ်ခဲ့ပါတယ်။

ကားကို ရှေ့ဆက်သွားသင့်မသွားသင့် ချီတုံချတုံဖြစ်နေလို့ လီဗာကို အရှိန်လျှော့ရင်း အချိန်ယူကာ စဉ်းစားနေရသည်။

မီးရောင်ကြောင့် လမ်းမပေါ်မှာ ရှင်းရှင်းလင်းလင်းဖြစ်နေ တာ သူတွေ့နေရသည်။ ဒီလိုရှင်းလင်းနေတဲ့ကြားက စက္ကန့်ပိုင်းအတွင်း မှာပင် ဖျတ်ခနဲမှ တကယ့်ကို ဖျတ်ခနဲပါ. .

သူ့ကားရှေ့မှာ အသချို် ပေါ်လာခဲ့ပြီ။

ညှိုးရိပ်သန်းနေတဲ့မျက်နှာလေးကြောင့် ကြောက်နေတဲ့စိတ်





တွေ နည်းနည်း လျော့သွားသည်။ ပြန်လှည့်ပြေးဖို့ပြင်နေတဲ့ စိတ်တွေ ကို ကောင်မလေးက ထိန်းချုပ်ပေးလိုက်ပြီ။

ညီထိုက်ရဲ့ပြိုင်ကားလေးက ကောင်မလေးရှေ့မှာ အလိုလို ရပ်တန့်သွားသည်။

"အစ်ကိုရောက်လာပြီနော်. . ညီမလေးက အစ်ကို ဒီနေ့. . မလာတော့ဘူးလို့ထင်ထားတာ"

ဒီနေ့တော့ ပြောစရာစကားတွေ များနေတာမို့ ကားတံခါး ဖွင့်ပြီး သူအောက်ဆင်းလာခဲ့သည်။

"ဒီနေ့ ညီမလေးရဲ့အသုဘကို အစ်ကိုလိုက်ပို့ခဲ့တယ်၊ အစ်ကို ခံစားရတယ် ညီမ. . ဒီလိုအသက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ညီမဘဝ ကို အဆုံးသတ်ပေးလိုက်တာ ဘယ်သူလဲဟင်. . သူ့ကို တရားဥပဒေ အရ အပြစ်ပေးရမှာပေါ့. . ဖော်ထုတ်ရမှာပေါ့. . အစ်ကို့ကိုပြောစမ်း ပါ. . ညီမလေးကို ဘယ်သူသတ်တာလဲ"

သူမက လမင်းမရှိတဲ့ကောင်းကင်ကို မော့ကြည့်ပြီး မျက်ဝန်း က စကားတွေအများကြီးပြောနေသည်။

နာကြည်းစိတ်နဲ့အတူ အေးစက်စက်မျက်ဝန်းတွေက သူမ သေဆုံးခဲ့ရတာကို ဘယ်လိုမှမမေ့နိုင်ဘူးဆိုတာ ဖော်ပြနေသည်။

"ညီမ. . သူ့ကို မုန်းတယ် အစ်ကို. . အရမ်းမုန်းတယ်. . သူ့

ကြောင့် ညီမ ကိုကိုလင်းညိုနဲ့ ဘဝချင်းခြားခဲ့ရတာ. . ဘယ်တော့မှ ပြန်မဆုံနိုင်တဲ့အဖြစ်တွေနဲ့ ဝေးခဲ့ရပြီလေ. . အစ်ကိုက ညီမကို သနား လို့ ကယ်တင်မယ်ဆိုရင်တောင်မှ. . ညီမက အသက်ပြန်ရှင်လာမှာမှ မဟုတ်တာ”

သနားစရာကောင်းတဲ့ ကောင်မလေးကို သူ ဘယ်လိုဖြေသိမ့် ပေးရမလဲ. .

“ဒါတော့ ဒါပေါ့ ညီမရယ်. . အစ်ကို အခု ညီမဆီ ရောက် လာတာက အချက် နှစ်ချက်ရှိတယ်. . တစ်အချက်က ညီမကို သတ် သွားတဲ့ တရားခံကို အစ်ကိုရအောင် ဖော်ထုတ်ပေးမယ်. . နှစ်အချက် ကတော့ ညီမကို ဒီလိုမျိုး မကျွတ်မလွတ်တဲ့ဘဝမှာ အစ်ကို မထားနိုင် ဘူး. . အဲဒါကြောင့် ညီမဖြစ်ချင်တာတွေ အစ်ကို အတတ်နိုင်ဆုံးကူ ညီပေးမယ်. . ဒါပေမယ့် ညီမလေးကလည်း အစ်ကို့စကားနားထောင် ရမယ်နော်. . ညီမဆန္ဒတွေ ပြည့်ဝသွားရင် ရက်လည်တဲ့နေ့မှာ ညီမ လေး ဒီဘဝထဲကနေ အပြီးထွက်သွားပါတော့. . အဲဒါ. . ညီမ့အပေါ် ထားတဲ့ အစ်ကို့ရဲ့စေတနာပဲ”

အသနျှေက အစ်ကိုစကားကို နားထောင်တဲ့ ညီမလေးတစ် ယောက်လို ငိုပြီး ခေါင်းလေးညိတ်ပြရှာသည်။

“ညီမကိုသတ်တဲ့ တရားခံက. . ”





ဆက်မပြောဘဲ သူ့မျက်နှာကိုပဲ အားကိုးတကြီးကြည့်နေလို့ သူက -

“ပြောလေ. . ညီမ၊ ဘယ်သူလဲ. . ”

လို့ ထောက်ပေးတော့ -

“ညီမ မပြောပါရစေနဲ့လား အစ်ကို၊ အဲဒီလူကို အစ်ကို သိ ပါတယ်. . ညီမအတွက်နဲ့ အစ်ကိုတို့နှစ်ယောက် စိတ်ဝမ်းမကွဲစေချင် ဘူး. . ”

အဲဒီစကားကြောင့် ညီထိုက် ရှော့ခ်ရသွားသည်။

“ဘာ. . ဘာပြောတယ်. . ဒါဆို အဲဒီလူက အစ်ကို့အသိထဲ ကပေါ့. . ဟုတ်လား”

သူမက ခေါင်းညိတ်ပြသည်။

“ဟာ. . ဘယ်သူပဲဖြစ်ဖြစ်ကွာ၊ အမှန်တရားကို အစ်ကို လျစ် လျူမရှုနိုင်ဘူး. . ညီမလေး၊ ပြောပြ. . အစ်ကို့ကို ပြောပြစမ်းပါ. . အဲဒီ လူက ဘယ်သူလဲ”

အမေးရှိပေမယ့် ထွက်လာမည့်အဖြေအတွက်တော့ သူကိုယ် တိုင် ချောက်ချားနေမိသည်။

“သူ့ကားနံပါတ်က xx/xxxx”

“ဟာ. . . ”

ညီထိုက်ဆီမှ အာမေဋိတ်သံ အကျယ်ကြီးထွက်လာသည်။

ဒီ. . ဒီကားနံပါတ်က ကေရဲ့ကားပဲ။

"အစ်ကို အံ့ဩနေပြီ မဟုတ်လား. . ညီမ ပြောတာ ယုံပါ

အစ်ကို. . အဲဒီလူက ဒီနေ့မနက် အစ်ကို့ကို ပန်းစည်းပေးခဲ့တဲ့လူပါ"

သေချာသွားပြီပေါ့. . ကေနဲ့ ပတ်သက်တာတွေကို သူ ပြန်

စဉ်းစားကြည့်မိသည်။

၁။ သူ ဖုန်းဆက်တုန်းက ရန်ကုန်မှာဆိုပြီး ပဲခူးကိုရောက်နေ

တာ။

၂။ စားသောက်ဆိုင်အနောက်ဘက်မှာ ကားထားထားတာ။

၃။ အဲဒီကားနားက အပုပ်နံ့တွေ တထောင်းထောင်းထွက်

နေတာ။

၄။ ဒီနေ့မနက်. . ဒီကောင် အသင်္ချေ့အသုဘကို ခိုးကြောင်

ခိုးဝှက်နဲ့လာတာ။

၅။ ကေမျက်နှာ. . ခါတိုင်းနဲ့မတူဘဲ ပျက်ပျက်နေတာတွေ. .

အဲဒါတွေက အကြောင်းမဲ့တိုက်ဆိုင်မှုမှမဟုတ်တာ. . ဖုန်း

ပြောရင်လည်း သွက်သွက်လက်လက်မရှိဘဲ အယောင်ယောင်အမှား

မှားနဲ့ အ,ထစ် အ,ထစ်ဖြစ်နေတာတွေ သူ့အာရုံမှာပေါ်လာသည်။

ဒါဆို ကေက အသင်္ချေရဲ့အသုဘကို မျက်နှာပြောင်တိုက်ပြီး





လာတာလား. . ဒါမှမဟုတ် သူ သတ်ခဲ့တဲ့လူကို လိပ်ပြာမလုံလို့ လာ

ပြီး အကဲခတ်လေ့လာတာလား. .

"တောက်"

ခံပြင်းစိတ်နဲ့ အတူ တက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်

လိုက်မိသည်။

"လူကြည့်တော့ မခုတ်တတ်တဲ့ကြောင်လိုလိုနဲ့ သရုပ်ဆောင်

ကောင်းနေလိုက်တာ"

လူစိတ်မရှိတဲ့ ယုတ်မာတဲ့ စိတ်ဓာတ်၊ သူ့ရဲဘောကြောင်တဲ့

လုပ်ရပ်မျိုးကိုတော့ သူ လုံးဝသည်းမခံနိုင်ပါ။ ငယ်သူငယ်ချင်းအရင်း

ခေါက်ခေါက်ကြီးဆိုပေမယ့် အသင်္ချေ့အဖြစ်ဆိုးအတွက် ငယ်စာရင်း

က ဖျက်ရမလိုဖြစ်နေပြီ။

"ကိုယ် လုံးဝသည်းမခံနိုင်ဘူး အသင်္ချေ. . မနက်ဖြန်ကျရင်

ဒီကောင်နဲ့ စာရင်းရှင်းရမယ်"

တစ်ယောက်တည်း အော်ဟစ်ပေါက်ကွဲနေတဲ့ သူ့ကို ဖြတ်

သွားတဲ့ ဆလွန်းကားတစ်စီးက အသေအချာ စိုက်ကြည့်သွားသည်။

ကားပေါ်မှာ ပါလာတဲ့သူတွေက သူ့ကို အရူးလို့ ထင်ကောင်းထင်ကြ

လိမ့်မည်။ ဒါကြောင့်လည်း မလှမ်းမကမ်းမှာ ကားရပ်ပြီး စပ်စုနေကြ

လို့ အသင်္ချေက

"အစ်ကို ခဏာလောက် စကားမပြောဘဲနေပါလား. . ဟိုမှာ အစ်ကို့ကို ဝိုင်းကြည့်နေကြလို့"

"အေး. . မင်းပဲ ကောင်းပါတယ်. . ဝိညာဉ်ဆိုတော့ ဘယ်သူမှမမြင်ရဘူး"

"အစ်ကို ညီမကို မြင်ရတယ် မဟုတ်လား"

အသချေ မေးတော့မှ သူလည်း စဉ်းစားမိသည်။ အသချေကို မြင်ရတဲ့လူက သူတစ်ယောက်တည်းလား။

ခုနက ရပ်ကြည့်နေတဲ့ကား ပြန်ထွက်သွားသည်။ သေချာပါတယ်. . သူ့ကို ဂေါက်သီးလို့ပဲ ထင်သွားမှာပေါ့. .

"ညီမကို မြင်တာ အစ်ကိုတစ်ယောက်တည်းလားဟင်"

"ဟုတ်ပါတယ် အစ်ကိုရယ်. . အဲဒါကြောင့် အစ်ကို့ကို အကူအညီတောင်းရတာပါ။ ညီမ လူတွေနဲ့ဆက်သွယ်လို့ရအောင်. . အထူးသဖြင့် ကိုကိုလင်းညိုနဲ့ဆုံလို့ရအောင် အစ်ကို ကူညီမှရမှာ"

လောကကြီးမှာ အဲဒီလိုကိစ္စတွေ တကယ်ရှိလို့လား. .

ဩော်. . ရှိလို့ပဲ အခု ကြုံနေရပြီပဲ ညီထိုက်ရယ်. . မင်းက ငတုံးကောင်ပဲ။ သူ့ကိုယ်သူ အပြစ်တွေတင်ရင်း

"ကဲပါ. . ညီမလေး သိပ်ချစ်တဲ့ လင်းညို. . ဆိုတာ ဘယ်လိုလူမျိုးလဲ. . ဘာ့ကြောင့် သူ့ကို စောင့်နေတာလဲ"





အသချေ ငိုနေပြန်ပြီ။ ဝိညာဉ်မလေး ငိုတာ ဘယ်သူမြင်မြင် မမြင်မြင် သူကတော့ မြင်နေရသည်။

ရှိုက်သံတစ်ဝက်နဲ့ သူမ ပြောပြတာက. .

"တစ်နေ့မဟုတ်တစ်နေ့ ဝေးရမယ်ဆိုတာ သိပေမယ့် အခုလိုအဖြစ်ဆိုးမျိုးနဲ့ ကိုကို့မျက်နှာလေးကိုတောင် မမြင်ရတဲ့ဘဝအခြေအနေမျိုးနဲ့ဝေးရမယ်လို့ အသချေ မထင်ခဲ့ဘူး အစ်ကို. . အသချေက အမြဲတမ်း ကိုကို့ကိုပဲ အားကိုးခဲ့တာ. . ဖက်တွယ်ခဲ့တာ. . အခုတော့ ဘဝခြားနေတဲ့ ညီမကမ္ဘာလေးထဲကို ချစ်သူက မရောက်လာနိုင်တော့ဘူး. . ချစ်သူကို ဟိုးအဝေးကနေ ညီမ စောင့်နေဦးမှာပါ. . သူ့ကို ပြောချင်တာတွေ၊ မှာချင်တာတွေ ရှိသေးတယ်. . နောက်ဆုံးအနေနဲ့ သူ့ပုံရိပ်ကလေးကို မြင်သွားချင်လို့ပါ အစ်ကို"

"ညီမလေးရယ်. . အစွဲအလမ်းကြီးလှချည်လားကွယ်"

ညီထိုက်က စိတ်မသက်သာစွာ ပြောမိသည်။

"ဟုတ်ပါတယ်. . ညီမက အချစ်ကိုကိုးကွယ်ခဲ့တဲ့ မိန်းကလေးပါ အစ်ကို. . သူ့ကို ဘာအတွက်၊ ဘာမျှော်လင့်ချက်မှမပါဘဲ အချစ်တစ်ခုတည်းအတွက် ရွေးချယ်ခဲ့တာပါ"

"အစ်ကိုကြားတာကတော့ သူ့အမေက ညီမနဲ့သဘောမတူဘူးဆို. . အဲဒါ ဟုတ်လား"

"သူ့အမေက အရာရာကို ငွေတွေ . . ဂုဏ်တွေနဲ့ပဲ တန်ဖိုးဖြတ်တာ . . လူ့အဆင့်အတန်းကို ဂုဏ်နေတွေနဲ့ အလွှာခြားစေတဲ့သူမျိုးပေါ့ . . ဒါပေမယ့် ကိုကိုကတော့ ညီမကို တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးနဲ့ကို ချစ်တာပါ . . တစ်နေ့ကျရင် . . နှစ်ဦးတစ်ဘဝ ထူထောင်ဖို့အတွက် ယုံကြည်ချက်တွေနဲ့ ညီမတို့ ရှေ့ဆက်ခဲ့တယ် အစ်ကို . . ရှေ့လက်တွဲဖို့ မတူညီတဲ့ ဘဝနှစ်ခုမှာ . . အခက်အခဲတွေကတော့ အများကြီးပေါ့ အစ်ကိုရယ် . . အချစ်အတွက် ရူးမိုက်တဲ့အထဲမှာ ညီမတို့နှစ်ယောက်လုံးပါတယ် အစ်ကို"

အသဲ့ျကြက ကုန်လွန်ခဲ့တဲ့ သူမရဲ့အတိတ်က ပုံပြင်ဟောင်းလေးဆီသို့ သူ့ကို ဆွဲခေါ်သွားသည်။

♦





ရင်ခုန်သံတွေ အဖြူစင်ဆုံး . .

ရင်ခုန်သံတွေ အသန့်စင်ဆုံး . . . အချိန်မှာ လင်းညိုဟာ အသဲ့ျကြရဲ့ First Love ဖြစ်ခဲ့သည်။ First Love ဆိုတဲ့အတိုင်း သူဟာ သူမဘဝမှာ ပထမဆုံးဘဝနဲ့ဖြစ်တည်လာတဲ့ ပထမဆုံးချစ်ဦးသူပေါ့ . .

သူနဲ့တွေ့တဲ့အချိန်တုန်းက . .

အသဲ့ျကြဟာ သနပ်ခါးပါးကွက်ကျားလေးနဲ့ ဆံပင်နှစ်ဖက်ကို ခွဲချည်ထားပေမယ့် စွဲမက်စရာကောင်းတဲ့ ကောင်မလေးမို့ အရွယ်ရောက်ပြီးသူတွေနဲ့ အလှချင်းပြိုင်ရင် သူမပဲ နိုင်မှာ သေချာတဲ့အလှမျိုးတွေနဲ့ပေါ့ . .

ငှက်ကလေးတွေ ဝဲပျံနေတဲ့ . . နေညိုညိုကောင်းကင်ကြီးရဲ့အောက်မှာ . .

အသဲ့ျကြက စွဲမြတ်နဲ့အတူ speaking သင်တန်းမှအပြန် သူမ ကြိုက်တဲ့ နို့အေးချောင်းလေး စားရင်း . . စကားတပြောပြောနဲ့ သဘောတွေကျကာ တခစ်ခစ်ရယ်နေတုန်း အနက်ရောင် Surf ကားလေးတစ်စီးက မြင်ကွင်းရှေ့ကိုရောက်လာသည်။

စွဲမြတ်က သူမ အဲဒီကားကို ငေးနေတာ တွေ့ပြီး လက်ကို လှမ်းတို့သည်။

"အဲဒါ နယူးထိပ်တန်းရွှေဆိုင်ပိုင်ရှင် ဒေါ်တင်တင်လတ်ရဲ့ တစ်ဦးတည်းသောသားလေ. . အရမ်းဖြောင့်တယ် မဟုတ်လား"

ဖြောင့် မဖြောင့်တော့ မသိပါဘူး. . အသချော်က ဆေးကောင် ကောင်းနဲ့ဝေးနေတာ ရေခဲချောင်းစားဖို့တောင် မေ့သည်။

အမယ်. . ဟိုလူကလည်း သူမကို မျက်တောင်မခတ်တမ်း ငေးနေတာ။

"ဩော်. . နှစ်ယောက်သား အပြိုင်ငေးနေလိုက်ကြတာ. . ဟဲ့. . မိန်းမ၊ ကွန်ခြေလေးဘာလေး ဆယ်ဦး. . တကတည်း. . ရေခဲ ချောင်းတောင် အရည်ပျော်ကုန်ပြီ"

အသချော်ကလည်း စွဲမြတ်ဆီမှာ မရှက်တမ်းကို ဝန်ခံပစ်လိုက် သည်။

"စွဲမြတ်. . နင်က ရေခဲချောင်းအရည်ပျော်တာပဲ မြင်တယ် နော်. . ဟိုလူကြီးအကြည့်တွေကြောင့် ငါ့နှလုံးသားပါ အရည်ပျော်ကုန် ပြီဟ"

သူတို့နဲ့မျက်နှာချင်းဆိုင် လမ်းရဲ့ဟိုဘက်မှာရပ်ထားတဲ့ ကား လေးက ဂငယ်ကွေ့ ကွေ့လာပြီး သူတို့နောက်မှာ ဖြည်းဖြည်းချင်းကပ် ပါလာသည်။

"ဟယ်. . ဘယ်လိုလုပ်ကြမလဲဟင်. . ဟိုမှာ ပါလာပြီ"





စွဲမြတ်ရဲ့အထိတ်တလန့်အော်သံအဆုံးမှာ အသချော် ကြည် ကြည်နူးနူးလေး ပြုံးမိသွားသည်။

အချစ်မှာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတယ်လို့ သူတွေ အလကားပြောကြတာမှမဟုတ်တာ။

နောက်ပြန်လှည့်ကြည့်လို့ မကောင်းတတ်လို့သာ. . နို့မို့ဆို . . အဲဒီမျက်နှာချောချောကလေးကို တမေ့တမောကြည့်ချင်သေးတာ။

"စွဲမြတ်. . ဟိုလူကြီးရုပ်က နုဖတ်သန့်စင်နေတာပဲနော်. . ယောကျ်ားလေးဖြစ်ပြီး အသားအရေကလည်း ဝင်းမွတ်နေတာပဲ"

ခဏလေးတွေ့တာနဲ့တင် သူ့အသားအရေလှတာ သိသာ နေသည်။

ဝတ်ထားတဲ့ ဆင်စွယ်ရောင်တီရှပ်နဲ့သူ့အသားက တစ်သား တည်းဖြစ်လို့နေသည်။

"သူက ဘယ်အထိ လိုက်လာမှာလဲ မသိဘူးနော်. . တော် ကြာ. . နင့်အစ်ကို ကိုပေါက်နဲ့တိုးနေမှ ဒုက္ခ"

"သူလိုက်လာတာ ငါတော့ ကျေနပ်တယ်. . ကိုပေါက် ကျေ နပ်တာ မကျေနပ်တာက ကိုပေါက်ကဏ္ဍပဲ. . လိုက်ပြီး တွေးပူမနေနဲ့ နော်. . ယောင်းမ. . နင်ဟာလေ ကိုပေါက်ကိုဆို အရိပ်တကြည့်ကြည့် နဲ့. . ဟွန်း"

ကားကလည်း ဘီးလှိမ့်ရုံသာ လှိမ့်နေသည်။

လှိမ့်ဆို. . သူတို့နှစ်ယောက်က ခြေထောက်နဲ့ လျှောက်နေ

ရတာ မဟုတ်လား. .

"စွဲမြတ်. . သူ့နာမည် ဘယ်လိုခေါ်လဲဟင်"

"အဲဒါတော့ ငါမသိဘူးလေ"

"အမယ်လေး. . ဒီခေတ်ကြီးထဲမှာ သိချင်တာကို ချက်ချင်း

သိအောင်လုပ်လို့ရတဲ့နည်းရှိတယ်. . ကြည့်ထား"

ပြောပြောဆိုဆိုပင် အသင်္ချေက အနောက်ပြန်လှည့်ပြီး ခေ

လှမ်း သုံး-လေးလှမ်းလောက် လှမ်းလာတော့ လင်းညိုလည်း ကြောင်

ပြီး ကားကိုရပ်လိုက်မိသည်။

စွဲမြတ်မှာသာ အူကြောင်ကြောင်နဲ့ အသင်္ချေ ဘာလုပ်မလဲ

ဆိုတာ ရင်တမမနှင့်ငေးကြည့်နေရသည်။

အသင်္ချေက ကားနံဘေးမှာရပ်ပြီး သူ့ကို စေ့စေ့ကြည့်ကာ

"ဟော့လူကြီး. . ရှင့်နာမည် ဘယ်လိုခေါ်လဲ"

ခပ်တည်တည်ပင် သွားမေးလေသည်။ အနီးကပ်မြင်ရမှ ဒီ

လူကြီး ဘယ်လောက်မိုက်တယ်ဆိုတာ သိရတာ. .

ဟုတ်တယ်လေ၊ ချောလွန်းလို့ ပစ်ရက်စရာမှမရှိတာ။ အပြစ်

ပြောစရာလည်း ဘာတစ်ခုမှမရှိဘူး။





"ကိုယ့်နာမည် လင်းညိုလို့ ခေါ်ပါတယ်. . ညီမနာမည်လေး

ကိုယ် သိခွင့်ရှိမလားဟင်"

ရုပ်ချောရုံတင် မကဘူး. . အပြောအဆိုကလည်း နူးညံ့သိမ်

မွေ့လိုက်တာ. .

ဒါပေမယ့် ဒီလူကလည်း ခေသူမှမဟုတ်တာ. . နာမည်တွေ

ဘာတွေတောင် ပြန်မေးလို့။

"သိချင်ရင် တစ်ပတ်စောင့်. . ဘာဖြစ်လို့ အသင်္ချေ့နောက်

က လျှောက်လိုက်နေတာလဲ. . ဟိုမှာ အိမ်ရောက်ပြီ. . ပြန်တော့"

လင်းညိုက လွန့်လွန့်လေး ပြုံးသည်။

ကျေးဇူးတင်ပါတယ် ကောင်မလေးရယ်. . . မင်းက လှည့်

ကွက်လေးသုံးပြီး နာမည်လည်း ပြောသွားတယ်. . အိမ်လည်း ပြသွား

တယ်. . မင်းရဲ့မိန်းကလေးအထာက သိပ်ပါးနပ်လွန်းလို့ Heart Rate

တွေတောင် ပိုမြန်လာသလိုပဲ။

"ဒါဆို. . ကိုယ် ပြန်တော့မယ် အသင်္ချေ. . ဒါပေမယ့် နောက်

နေ့တွေတော့ လာလို့ရတယ် မဟုတ်လား"

သနပ်ခါးပါးကွက်ကျားလေးနဲ့လည်း လှနေတာပါပဲလား. .

ကောင်မလေးရယ်. .

အသင်္ချေ့ရဲ့ ခေါင်းလေးငဲ့ပြီး ပြုံးနေတဲ့ ပုံစံလေးက ဆည်း

ဆာနှင့် တကယ်ကို လိုက်ဖက်ပါသည်. . . အေးအေးချမ်းချမ်းရှိလွန်းလို့ပါ။

"ဘာဖြစ်လို့ လာချင်တာလဲ"

ဗုဒ္ဓေါ. . တဲ့တိုးကြီးမေးစရာလား အသင်္ချေလေးရယ်. . မင်းကို လာကြောင်တာလို့ ချက်ချင်းကြီးဖြေရမှာလား. .

ဒီကလည်း လူပျိုပဲလေ. . ရှက်တတ်တာပေါ့။

"ဘာလဲ. . ရှင် ရှက်သွားပြီမဟုတ်လား. . ကဲပါ. . အသင်္ချေ သွားတော့မယ်. . see you"

ပွင့်ပွင့်လင်းလင်းရှိတဲ့ ကောင်မလေးကို သူ ပိုပြီးစွဲမက်သွားသည်။

လူငယ်ပီပီ သွက်သွက်လက်လက်နဲ့ ချစ်စရာကောင်းတဲ့ ပုံစံလေးကလည်း တစ်မျိုးဆွဲဆောင်မှုရှိတာပဲ။

ပြေးထွက်သွားတဲ့ သူမနောက်ကျောလေးကို ငေးကြည့်ပြီး သူ့ကားကို မောင်းထွက်လာခဲ့သည်။

"ဟဲ့. . မိန်းမ၊ နင် ဘာသွားပြောတာလဲ. . ကေန္တ. . နာမည်သွားမေးတာတော့ မဟုတ်ပါဘူးနော်"

အသင်္ချေက အရှက်ပြေတစ်ချက်ရယ်သည်။ ပြီးမှ -

"ဟုတ်တယ်. . သူ့နာမည် လင်းညို. . တဲ့"





"ဟယ်. . အသင်္ချေရယ်၊ နင်လုပ်တာနဲ့ မိန်းမတွေ ဈေးကျတော့မယ်"

အသင်္ချေက သူ့ထုံးစံအတိုင်း ပခုံးလေးနှစ်ဖက်ကို ဟန်ပါပါတွန့်ကာ မပွင့်တပွင့်ရယ်ပြီး

"အဲဒါတွေကိုက နင့်ရဲ့အတွေးအခေါ်တွေ မလန်းတော့တာ၊ နင်က မိန်းမတွေကို ကုန်ဈေးနှုန်းလိုသဘောထားပြီး အတက်အကျ ခန့်မှန်းနေမှတော့. . ငှက်ပျောတုံးပဲ ဖက်တော့ပေါ့. . ငါက ဈေးကွက် စီးပွားရေးအရ ကြုံတုန်းလေး ကြော်ငြာသွားဝင်တာ၊ အဟိ. . promotion ဆင်းတာပေါ့ဟယ်"

"အေး. . ကြော်ငြာဝင်နေ၊ နင့်အမေ သိရင် ရှောက်သီးလုံးနဲ့အပေါက်ခံနေရဦးမယ်"

"ရတယ်. . အဲဒီလူကြီးကိုသာ ရလို့ကတော့ ရှောက်သီးမကဘူး. . ဘောလုံးနဲ့ပစ်လည်း ခံနိုင်တယ်"

ပြောမရဆိုမရ အကဲပိုနေတဲ့ မိန်းမကို စွဲမြတ်က မြင်ပြင်းကတ်လာသည်။

"နောက်နေ့တွေ သူလာမယ်လို့ တစ်ထစ်ချ ယုံနေတာလား အသင်္ချေ"

"သူ မလာရင် ငါသွားမှာပေါ့၊ ဒါများ ဘာဆန်းလို့လဲ"

"ဘုရားရေ. . နင့်ကိုယ်နင် မိန်းမဆိုတာရော သိသေးရဲ့လား

ဟင်. . "

"ငါ မိန်းမမို့လို့ သူ့ကို မျက်စိထဲတွေ့တာပေါ့ဟဲ့"

"တော်ပြီ. . အိမ်ပြန်တော့မယ်"

စွဲမြတ်က စိတ်ကောက်ပြီး အိမ်ပြန်သွားသည်။

အသဒ်ေျကတော့ ဆယ်ကျော်သက်အရွယ်မှာ ပထမဆုံး

တွေ့တဲ့ First Love မှာပင် လုံးဝဉသုံကျရှုံးသွားပြီဖြစ်သည်။

နောက်နေ့တွေမှာလည်း မိန်းမပီပီပင် သွားလေရာမှာ သူ

များ ပါလာမလားလို့ တမျှော်မျှော်နဲ့ပေါ့. .

ဒါပေမဲ့ ကိုကိုလင်းညို. . လို့ သူ့ရင်ထဲမှာ အုခါမလပ်ခေါ်

နေတဲ့ လူကြီးကတော့ ကိုယ်ယောင်ဖျောက်နှင်းဆီ ဖြစ်လို့ နေသည်။

သူသာ နေကောင်းရင် ကျိန်းသေလာမှာပဲလို့ သူမ မသိစိတ်ထဲက ယုံ

ကြည်နေသည်။

တစ်ပတ်လောက် ကြာတော့. . စိတ်မြန်ကိုယ်မြန် ရှိသော

အသဒ်ေျက လင်းညိုတို့ပိုင်တဲ့ နယူးထိပ်တန်းရွှေဆိုင်ရှေ့မှာ ယောင်

လည်လည်နဲ့ အကဲခတ်နေသည်။

သူမ စောင့်ကြည့်နေတုန်းမှာပဲ လင်းညိုတို့အမေ ဒေါ်တင်

တင်လတ် ပေါက်ချလာသည်။





ကားဒရိုင်ဘာမောင်းလာတဲ့ ကားပေါ်မှာ အခန့်သားထိုင်ပြီး ဒရိုင်ဘာက တံခါးလာမဖွင့်ပေးမချင်း ခြေထောက် မြေမချတဲ့ မိန်းမကြီးပေါ့။ ဒေါ်တင်တင်လတ် ဆိုင်ထဲဝင်သွားတော့ ဝန်ထမ်းကောင်မလေးတွေက ခါးတွေကုန်း၊ ခေါင်းတွေငုံ့ပြီး ကြိုကြသည်။

အဲဒီမှာ. . အသဒ်ေျ သိချင်တာလေးတစ်ခုကို သိခွင့်ရဖို့. . အကြောင်းက ဖန်လာသည်။ ဒေါ်တင်တင်လတ်က ကားဒရိုင်ဘာကို လှမ်းအော်ပြီးပြောသည်။

"ဖိုးထူးရေ. . ဆေးရုံမှာ သားကို ထမင်းချိုင့်သွားပို့ပြီးမှ ပြန်လာခဲ့. . ကြားလား၊ ဟိုနှစ်ကောင်ကို သေသေချာချာမှာခဲ့ဦး. . ငါ့သား အနားမှာပဲနေလို့. . "

အဲဒီတော့မှ ဆိုင်က ကောင်မလေးတွေကလည်း ဝိုင်းမေးကြသည်။

"အန်တီ. . ကိုလင်းညို ဘာဖြစ်လို့လဲဟင်"

"အူအတက်ပေါက်လို့ သမီးရေ. . ကံကောင်းလို့ မသေတာပေါ့. . ဟိုတစ်ပတ်လောက်ကတည်းက နာတယ်၊ နာတယ်နဲ့ ပေပြီးတော့ နေနေတာ၊ မနေ့ကတော့ အထိမခံနိုင်အောင်နာပြီး လူးလှိမ့်နေလို့ ဆေးရုံတက်ပြီး ခွဲထားရတာ"

ဟယ်. . လူကြီး သနားပါတယ်။

ဒါကြောင့် သူ ပျောက်ချက်သားကောင်းနေတာကိုး. .

အဲဒီလူကြီးကို သွားကြည့်ချင်လိုက်တာ ဘယ်လိုလုပ်ရမလဲ။ သူ့အမေက ဒီမှာဆိုတော့ ဆေးရုံမှာ လမ်းကြောင်းရှင်းလောက်တယ် ဟုတ်တယ်. . သူ့ကို ငါသွားပြီး အားပေးရမယ်။ ငါ့ကို တွေ့ရင်. . သူ ပျော်သွားမှာပါ. .

တကယ်လည်း သူမ ဆေးရုံကို လိုက်သွားပါသည်။ လူနာစောင့်ကောင်လေးနှစ်ယောက်က ဂျာနယ်ဖတ်နေကြသည်။ သူကတော့ ကုတင်ပေါ်မှာ ပက်လက်အနေအထားနဲ့ dripတွေ ချိတ်ထားရသည်။ မျက်လုံးမှိတ်မထားတော့ သူမအတွက် ကောင်းသွားသည်။

အသင်္ချေက လင်းညိုရဲ့ကုတင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားပြီး ပိုင်စိုးပိုင်နင်းပင် -

"ကိုကိုလင်းညို"

ဟု ခေါ်ပြီး နှုတ်ဆက်လိုက်သည်။ အဲဒီလိုခေါ် လို့ ပိုက်ဆံမှပေးစရာမလိုတာနော့. .

လင်းညိုက အသင်္ချေကို တွေ့လိုက်တာနဲ့. . ကုတင်ပေါ်မှ အတင်း ထ,မလို့ပြင်သည်။ ဘေးနားက ကောင်လေးတွေက ဖတ်နေတဲ့ ဂျာနယ်တွေ ပစ်ချပြီး အတင်းပြန်ဆွဲထားကြသည်။ ကိုကိုလင်းညိုကို သနားပေမယ့် မြင်ရတဲ့မြင်ကွင်းက တကယ့်ကို ဟာသပင်။





"ဘာလို့ ငါ့ကို ဆွဲထားတာလဲ"

"အစ်ကို ထလို့မရဘူးလေ. . ဆီးပိုက်တောင် မဖြုတ်သေးတဲ့ ဥစ္စာ"

ဆီးပိုက်တန်းလန်းနဲ့မို့ ကောင်မလေးရှေ့မှာ သူ အတော်လေးရှက်သွားပုံရသည်။

"အဲဒါ မင်းပြောစရာလား. . သွားကြ ဟိုမှာ. . ငါ့ဧည့်သည် လာတယ်. . အအေးနဲ့မုန့်သွားဝယ်လာခဲ့စမ်း"

"တစ်ယောက်သွားရမလား၊ နှစ်ယောက်သွားရမလား ဆရာ"

"နှစ်ယောက်လုံးသွား"

သူ ဟောက်လိုက်မှ ဟိုနှစ်ကောင် ထပြေးသွားသည်။ သူ့အမေရဲ့လက်စွဲတော် တောင်ဇွေးတွေလေ. . လူကိုများ အရိပ်တကြည့်ကြည့်နဲ့ စိတ်ပျက်စရာကောင်းလိုက်တာ။

"အသင်္ချေ. . ဒီကို ဘာလာလုပ်တာလဲဟင်"

"ကြည့်ပါလား။ မေးပုံကိုက. . လူကြီးကို စိတ်ပူလို့ပေါ့. . . ဘာလဲ မလာရဘူးလား"

လင်းညိုက အသင်္ချေ့မျက်နှာလေးကို မျက်လုံးမဖယ်တမ်းကြည့်ကာ-

"လာရမှာပေါ့. . အသင်္ချေ့မျက်နှာလေးကို မြင်ပြီး လွမ်းနေ

တာ. . လူက ထွက်လာလို့မရလို့. . ဒေါသတွေ ထွက်နေရတာ၊ အခု အသင်္ချေလာလို့ ရောဂါလည်း တစ်ဝက်သက်သာသွားပြီ. . အားလည်း ရှိသွားပြီ. . ဟဲ. . ဟဲ. . ”

“ဒါဆို ကိုကိုလင်းညို ဆေးရုံက မဆင်းမချင်း အသင်္ချေလာမယ်လေ. . ရလား”

“ရတာပေါ့. . တစ်ခုပဲ ကိုယ်စိုးရိမ်တာ. . အမေနဲ့တွေ့ရင် အသင်္ချေ စိတ်အနှောင့်အယှက်ဖြစ်ရလိမ့်မယ်”

“အန်တီမရှိတဲ့အချိန် အသင်္ချေ လာမယ်လေ”

“ကတိနော်. . ကတိ. . နေ့တိုင်း မျှော်နေမှာ. . ကတိမပျက်ကြေး”

ငယ်ပေါင်းကြီးဖော်တွေလို အပေးအယူတွေ တည့်နေကြသည်။ ဒရိုင်ဘာကိုဖိုးထူးက ထမင်းချိုင့်ထည့်ထားတဲ့ ခြင်းကြီးဆွဲပြီး ဝင်လာသည်။

“လင်းညို. . အန်တီက စွပ်ပြုတ်ပို့ခိုင်းလိုက်တယ်. . ၂၄နာရီ မပြည့်သေးလို့ ဆန်ပြုတ်မသောက်နဲ့ဦးတဲ့. . ဒါနဲ့ ဟိုနှစ်ကောင်ရော”

မေးပြီး ဒရိုင်ဘာက သူမကို အကဲခတ်နေသည်။ အဲဒီအချိန်မှာပဲ ဟိုနှစ်ယောက် ပြန်ရောက်လာသည်။

“အစ်ကို. . ဒီမှာ ဆန်းကစ်ဖူးနဲ့ ချိစ်ပေါင်မုန့်ဝယ်လာတယ်”





“အသင်္ချေ. . အအေးသောက်ပါဦး၊ မုန့်လည်း စားနော်”

ကုတင်ပေါ်က လူနာက. . ကောင်မလေးကို အကဲပိုစွာ ဂရုစိုက်နေလို့ ကိုဖိုးထူးနဲ့မြင့်ထွေးတို့နှစ်ယောက် မျက်စတွေ ပစ်ပြီး အသံတိတ်မေးခွန်းထုတ်နေကြသည်။

လူစုံတက်စုံရောက်လာပြီဆိုတော့ ကောင်မလေးက အိမ်မပြန်သေးဘဲ ခြင်းထဲက စွပ်ပြုတ်ချိုင့်ကို ဆွဲထုတ်ကာ ဇွန်းယူပြီး

“အသင်္ချေကို သောက်စေချင်ရင် ကိုကိုလင်းညိုလည်း စွပ်ပြုတ်ကုန်အောင် သောက်ရမယ်၊ အား. . ဟ. . အသင်္ချေခွံ့ကျွေးမယ်”

ဒီလိုအဆင်တွေဖြစ်နေတော့ ဟိုသုံးယောက်က အလိုလိုနေရင်း ရှောင်ထွက်သွားကြသည်။

လင်းညို အပျော်ကြီးပျော်နေသည်။ အနားမှာ ဒီလိုသာပြုစုပေးမယ့်သူရှိရင် တစ်သက်လုံးကုတင်ပေါ်က မဆင်းဘဲ လူနာလုပ်ပြီး သူနေနိုင်ပါသည်။

ကိုဖိုးထူးက မြင့်ထွေးနဲ့ပေါက်စကို လက်တို့ပြီး အပြင်ခေါ်ထုတ်သွားသည်။

“ဒီကောင်မလေးက ဘယ်သူလဲကွ. . ကြည့်ရတာတော့ ငါ့ဘို့ဆရာကို အိတ်ထဲထည့်ထားပုံပဲ”

“စကားပြောတာတော့ ညက်တယ်နော်”

"ရဲလည်း တော်တော် ရဲမယ့်ပုံပဲ. . ငါတို့ရှေ့မှာ. . စွပ်ပြုတ်တောင် ခွံ့ကျွေးတယ်ဆိုမှတော့ကွာ"

သူတို့အမြင်မှာတော့ အမြင်မတော် ဆင်တော်နဲ့ခလောက်လို ဖြစ်ချင်ဖြစ်နေမှာပေါ့။ ဒါပေမယ့် အသဒ္ဓေရဲ့စိတ်ရင်းအမှန်နဲ့ အရိုးခံ စိတ်ကလေးကိုတော့ သူတို့သိနိုင်မည်မထင်ပါ။

လင်းညိုက ပိုက်ဆံရှိလို့၊ သူဌေးမကြီးရဲ့တစ်ဦးတည်းသော သားမို့လို့ အပိုင်ချိုင်ပြီး ချူဆီထည့်တာလို့ မြင်ချင်လည်း မြင်ကြမှာပါ။

ဘယ်သူတွေ ဘာပဲပြောပြော. . လင်းညိုနဲ့ အသဒ္ဓေက သံယောဇဉ်တွေကို အထပ်ထပ်နှောင်ဖွဲ့ရင်းနဲ့သာ. .

လင်းညို ဆေးရုံတက်ပြီး သုံးရက်မြောက်တဲ့နေ့မှာပဲ သူတို့ နှစ်ဦး တရားဝင်ချစ်သူဘဝကို ကူးပြောင်းခဲ့ကြသည်။

အချစ်ကလွဲလို့. . အရာရာကို မေ့လျော့နေခဲ့ကြသည်။ တစ်ယောက်ကို တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် သည်းသည်းလှုပ်နေကြတုန်း။ ချစ်သူသက်တမ်း သုံးရက်မြောက်တဲ့နေ့တွင် အသဒ္ဓေက လင်းညိုရဲ့လက်ကလေးကို သူမ လက်နွေးနွေးလေးနဲ့ နွေးထွေးစွာ ဆုပ်ကိုင်ထားပြီး ချစ်စရာကောင်းတဲ့ မျက်နှာလေးနဲ့ အတူ ချိုသာတဲ့ဆည်းလည်းသံလေးကြောင့် လင်းညိုက အသည်းယားစွာ သူမရဲ့ဆံပင်လေးတွေကို ဖွပစ်လိုက်သည်။





"အား. . ကိုကိုနော်. . သူများဆံပင်တွေ ပွကုန်ပြီ၊ သွား. . ချစ်တော့ဘူး"

"ဟဲ့. . ဒါက ဘယ်လိုဖြစ်နေကြတာလဲ. . ဆေးရုံဆိုတာ ည်း သတိလေးဘာလေးထားကြပါဦး၊ လူမြင်ကွင်းကြီးမှာ လာပြီး လာတိုက်နေရအောင် နင့်အဆင့်အတန်းက ဘာလဲ. . ပြောစမ်း. . ကို"

အသဒ္ဓေရဲ့အနောက်မှာ ဒေါသတွေ တစ်ပုံတပင်နဲ့ရပ်ပြီး န်မဲနေတဲ့ ဒေါ်တင်တင်လတ်ကို တွေ့တော့ အသဒ္ဓေခမျာ ကြောက် ီး မျက်နှာလေး ချက်ချင်းငယ်ကျသွားသည်။

.တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်နေသည်။

အသဒ္ဓေက ကြောက်လေ၊ အားကိုးရှာပြီး လင်းညိုရဲ့လက် ောင်းကို တွယ်ဖက်ထားလေမို့ ဒေါ်တင်တင်လတ်ရဲ့မျက်လုံးထဲမှာ ုတ်လိုဖြစ်နေသည်။

"မေမေ. . . . ဒါ. . သားချစ်သူ အသဒ္ဓေပါ"

လင်းညို ဝင်ရှင်းပြမှ. . အခြေအနေက ပိုပြီး ရှုပ်ထွေးသွား ည်။

"အမယ်လေး. . လေး. . ဘုရားပဲ သိတော့မယ်ပေါ့. . ဆေး ပေါ်ရောက်မှပဲ သုံးရက်အတွင်း ရည်းစားတစ်ယောက် ရတော့တယ်

တဲ့. . ပြောစမ်းပါဦး လင်းညိုရဲ့. . နင့်ရည်းစားအကောင်းစားမလေ

အကြောင်းကို"

ဒေါ်တင်တင်လတ်က ရွဲ့ပြီး ငေါ့တော့တော့မေးနေပြီ။ လင်း

ညိုက မိခင်ကို ရင်ဆိုင်ဖို့အတွက် အားမွေးပြီး အသ‌ချော့လက်ကလေး

ကို ဆုပ်ကိုင်လိုက်ကာ -

"သားအတွက် အချစ်မှာ အဆင့်အတန်းမရှိဘူး မေမေ. .

ဂုဏ်ဓနက အချစ်အတွက် ပြယုဂ်မဟုတ်ဘူး. . သူ ကျွန်တော့်ကို

နေဖို့ပဲ လိုတာပါ. . "

ဒေါ်တင်တင်လတ်က လင်းညိုစကားမဆုံးခင် လက်ကာ

ပြီး ဖြတ်ပြောလာသည်။

"ဟုတ်ပြီ. . ဒီလောက်ဆို ငါသဘောပေါက်ပြီ၊ မင်းကောင်

လေးက ဆင်းရဲပြီး အဆင့်နိမ့်တယ်လို့ မင်းဝန်ခံလိုက်ပြီပေါ့. . သူ

အခု ချက်ချင်း အဆက်ဖြတ်လိုက်ပါ လင်းညို. . ဒါငါ့အမိန့်ပဲ"

လင်းညိုမျက်နှာတစ်ပြင်လုံး ဖြူဆုတ်ကာ အားလျော့သွား

သည်။ မိခင်ဖြစ်သူကို အံ့သနားခံသလို မျက်နှာငယ်လေးဖြင့် ကြည့်

ကာ. . .

"သား. . သူ့ကို မခွဲနိုင်ဘူး မေမေ. . သားတို့ကို မရက်စက်

ပါနဲ့"





"မင်းက ငါရက်စက်တယ်ဆိုတော့လည်း ရက်စက်တယ်ပေါ့

ကွာ. . ဒါပေမယ့် ငါသေချာပြောနိုင်တယ်. . ဒီကောင်မလေးရဲ့ရင်ထဲ

မှာ အချစ်မရှိဘူး. . မင်းကို ချစ်တာမဟုတ်ဘူး. . မင်းကို မက်နေတာ၊

ရှင်းလား. . မင်းသာ သူဌေးသားဆိုတဲ့ အရေခွံကို ခွာကြည့်လိုက်ပါ

လား. . သူ မင်းကို ချစ်ပါဦးမလား"

သူ ဘာပဲပြောပြော အသ‌ချော့ ငြိမ်ပြီးနားထောင်နေပေမယ့်

ဒီတစ်ခါ စော်ကားတာက တရားလွန်လာပြီမို့ -

"အန်တီ. . ကျွန်မကို တော်ရုံပဲ အထင်သေးပါရှင်. . ကျွန်မ

ကိုကို့ကို ဘာမက်မောမှုမှမပါဘဲ အဖြူရောင်အချစ်နဲ့ချစ်ခဲ့တာပါ၊ ဒါ

ကိုမှ မယုံဘူး. . စမ်းသပ်ချင်တယ်ဆိုရင် အခုပဲ ကိုကို့ကို အဝတ်တစ်

ထည် ကိုယ်တစ်ခုနဲ့ ကျွန်မလက်ထဲ ထည့်ပေးလိုက်ပါ. . ဘယ်လိုလဲ"

ဒေါ်တင်တင်လတ်ရဲ့လက်တစ်ဖက်က လေထဲကို အလိုလို

မြောက်တက်လာပြီး ဖြူနုနေတဲ့ အသ‌ချော့ရဲ့ပါးပြင်ထက်ကို လျင်မြန်စွာ

ပင် ကျရောက်သွားခဲ့သည်။

"ဖြန်း. . . "

အသ‌ချော့ရဲ့မျက်နှာလေး တစ်ဖက်သို့ လည်ထွက်သွားသည်။

လင်းညိုက ကုတင်ပေါ်မှပြေးဆင်းလာကာ -

"မေမေ. . ဒါ ဘာလုပ်တာလဲ"

“ပါးရိုက်တာလေ. . မင်း မမြင်ဘူးလား”

“တစ်ဖက်သားကို လေးစားပါ မေမေ. . . နာကျင်အော
ဒဏ်ရာ့တွေ ပေးနေတာ မကောင်းပါဘူး”

“မင်းပါးစပ်ကို ပိတ်ထား လင်းညို၊ ဒီမှာ အသင်္ချေ. . ငါ့သ
ကို ခေါ်သွားချင်ရင် ငါသေမှပဲ ရမယ်. . အကောင်သေးသေးလေး
အစွယ်လာထောင်ပြမနေနဲ့. . ထွက်သွား. . ငါ့မျက်စိရှေ့က အခုထွ
သွား”

အသင်္ချေ ငိုပြီး ထွက်ပြေးသွားသည်။

လင်းညိုက အသင်္ချေ့နောက်ကို ပြေးလိုက်မလို့ပြင်စဉ် ဒေ
တင်တင်လတ်က မြင့်ထွေးတို့နှစ်ယောက်ကို -

“သူ့ကို ဆွဲထားလိုက်စမ်း. . ဒီနေ့ပဲ ဆေးရုံက ဆင်းမယ်
ဆရာဝန်ကြီးကို ငါသွားပြောမယ်. . မင်းတို့ အဆင်သင့်ပြင်ထား”

ရက်ပိုင်းပဲ ရှိသေးတဲ့ သူတို့နှစ်ဦးရဲ့ချစ်သူသက်တမ်းဟာ
လိုပဲ အဆုံးသတ်လိုက်ရတော့မှာလား။

လင်းညိုရင်ထဲတွင် ဗလောင်ဆူပြီး မီးစနှင့်ထိုးသလို ပူလော
လှသည်။

“လွှတ်. . ကျွန်တော့်ကို လွှတ်ပေး၊ ခင်ဗျားတို့မှာ ကိုယ်ချင်
စာတရားမရှိဘူးလား၊ ဟိုမှာ အသင်္ချေ ကျွန်တော့်ကိုအထင်လွဲသွားပြ





ပေါက်စက လင်းညိုကို တိုးတိုးလေးရှင်းပြသည်။

“အစ်ကို. . ခဏလောက် သည်းခံပြီးမှ. . အခြေအနေကြည့်
ပြီး မီးစင်ကြည့် ကသင့်တယ်ထင်တယ်နော်. . အန်တီက တစ်ယူသန်
မား. . ဖွတ်တိုးလာမှာ. . အိမ်မှာ ခဏနားပြီးမှ လှုပ်ရှားကြတာပေါ့
ဗျာ. . ကျွန်တော်တို့ အစ်ကို့ဘက်မှာရှိနေမှာပါ”

“မင်း တကယ်ပြောတာနော်. . ငါလုပ်ချင်တာ မင်းလုပ်ပေး
မှာလား”

“ကတိပေးတယ်ဗျာ. . ကတိ. . ကတိ”

လင်းညို ဆေးရုံက ဆင်းပြီးနောက်ပိုင်းမှာတော့ ပေါက်စက
သူ့ကတိအတိုင်း အသင်္ချေနဲ့ စာပေးစာယူလုပ်ပေးပါသည်။

အသင်္ချေ့မွေးနေ့မှာ လင်းညိုက ဟန်းဒ်ဖုန်းတစ်လုံးကိုလက်
ဆောင်ပေးတော့ သူတို့နှစ်ယောက် အမြဲတမ်း ဖုန်းအဆက်အသွယ်
ရှိခဲ့ကြသည်။

သူ့အမေ လစ်ရင်လစ်သလို အသင်္ချေနဲ့ အဆက်အသွယ်
လုပ်ကာ ခိုးတွေ့ဖြစ်ကြသည်။ အဲဒီလို ခိုးကြောင်ခိုးဝှက်တွေ တွေ့ပြီး
အိမ်ပြန်ချိန်ခွဲခွာကြရရင် နှစ်ယောက်သား မျက်ရည်ဝဲရသည်။

ဝေးကွာနေရတဲ့ ခံစားချက်ကို မခံစားနိုင်တဲ့အဆုံး လင်းညို
က အသင်္ချေ့ကို ခိုးပြေးဖို့ message ပို့လိုက်သည်။

အသဒ္ဒ်ေ့စကားတွေကို နားထောင်ပြီး ညီထိုက် ဒေါသထွေ ထွက်လာသည်။

"မင်းချစ်သူက ဘာလဲကွာ. . ခိုးပြေးမယ်လို့ message ပို ပြီး ဘာကိစ္စရောက်မလာတာလဲ. . သူ ယောကျ်ားမဟုတ်ဘူးလား. . ပြီးတော့ကွာ. . မိန်းကလေးတစ်ယောက်တည်းကို ဒီလိုအချိန် ဒီလို လမ်းပေါ်မှာ ချိန်းစရာလား. . ဒီလိုကောင်မျိုးကိုများ မင်းက ဒီအချိန် ထိ မျှော်နေရတယ်လို့ကွာ. . ချိန်းပြီး သူမှမလာတာ. . အစ်ကိုတောင် ပန်ပါတယ် ညီမလေးရာ. . သူ့ကိုမေ့ပစ်ပြီး ဘဝသစ်တစ်ခုကို သွားပါ တော့ကွာ"

အသဒ္ဒ်ေက ခေါင်းလေးခါပြီး သူမကျောပိုးအိတ်လေးထဲက ဖုန်းကို ထုတ်ပေးပါသည်။

"ညီမသေတဲ့နေ့က သူ့တပည့် ညီမဆီကို ဖုန်းတွေဆက်ထား တယ်၊ တောက်လျှောက်ပဲ. . ဒါပေမယ့်. . ညီမ သူ့ကို ဆက်သွယ်လို့ မရဘူး အစ်ကို"

အထူးအဆန်းပါပဲလား. . . အသဒ္ဒ်ေက သူဆက်သွယ်ချင် တဲ့လူနဲ့ကျ အဆက်အသွယ်လုပ်လို့မရဘူးဆိုပဲ။

"ဒီဖုန်းက ညီမဆီမှာ ဘာလို့ ရှိနေတာလဲ. . ရဲတွေနဲ့အတူ ပါမသွားဘူးလား"





"ညီမ ကားတိုက်ခံရတဲ့အရှိန်က ပြင်းတော့ အိတ်က ချုပ်တ ကိုရောက်သွားတာ၊ ဒီအိတ်လေးထဲမှာ ကိုကိုနဲ့ပတ်သက်တဲ့ အမှတ် ရတွေက အများကြီးပဲ. . ကိုကို့အကျႌလေးလည်း ရှိတယ်"

ငတော်တော် အစွဲအလမ်းကြီးတဲ့ကောင်မလေးပဲ။ ညီထိုက် သူမ ပေးလာတဲ့ဖုန်းလေးကို ဖွင့်ပြီး နားထောင်ကြည့်သည်။

"အစ်မ. . ကျွန်တော် ပေါက်စပါ။ အစ်ကို့ကို အန်တီ အခန်း ်ထားလို့ ထွက်မရဖြစ်နေတယ်. . ဖုန်းလည်း သိမ်းထားလို့ ကျွန် ာ် PCO ကနေ ဆက်နေတာ. . ဒီနေ့ည ချိန်းပြီးရောက်မလာနိုင် အတွက် ခွင့်လွှတ်ပါတဲ့"

"ဒါ. . သူ့တပည့်လား. . မင်း ဆုံးပြီးမှဆက်ထားတာပဲ"

"အဲဒါပဲ အစ်ကို. . သူ နေမှကောင်းရဲ့လားလို့. . အသဒ္ဒ်ေ ်တ်ပူနေတာ"

ညီထိုက် ကောင်မလေးကို လက်လျှော့လိုက်ရသည်။

တဆက်တည်း ကတိပါပေးလိုက်ရသည်။

"ကောင်းပြီလေ. . မနက်ဖြန်ကျရင် အစ်ကိုဆက်သွယ်ကြည့် ်က်မယ်"

"အသဒ္ဒ်ေ့ကို ကူညီနိုင်တာ အစ်ကိုတစ်ယောက်ပဲ ရှိလို့ပါ င်. . ဒီနေရာလေးမှာပဲ အသဒ္ဒ်ေ စောင့်နေမယ်နော်. . "

ဒီကောင်မလေးရဲ့စိတ်အစွဲတွေကို သူချွတ်ပေးမှဖြစ်မှာ..

"မင်းဆန္ဒတွေ ပြည့်အောင် ဖြည့်ဆည်းပေးပြီးရင် အစ်ကိုပြ စေချင်တာ ပြန်ပြီးလုပ်ပေးရမယ်နော် ညီမလေး"

ရှိုးသားတဲ့ မျက်လုံးလေးနှစ်လုံးက မျက်ရည်ရစ်သိုင်းကာ သူ့ ကို ခေါင်းညိတ်ပြလာသည်။

နှမြောစရာကောင်းလိုက်တာ.. လူ့လောကကြီးမှာ သူမ နေ မယ်ဆို အချိန်တွေအများကြီးရှိသေးတာပဲ။ ဒါပေမယ့် ကေက ကောင် မလေးကို သတ်ခဲ့ပြီ..

ညီထိုက် စိတ်မကောင်းဖြစ်ပြီး ကားကိုမောင်းထွက်ခဲ့သည်

♦



**Day...4**

**28-11-2012**

အပြာရောင် ညမီးရောင်အောက်မှာ လင်းညီ့တစ်ကိုယ်လုံး ဇောချွေးတွေ ပြန်နေသည်။ ပါးစပ်ကလည်း ကယောင်ကတမ်းတွေ အော်နေသည်။

"မေမေ မကောင်းဘူး.. မေမေ အရမ်းရက်စက်တယ်... အသင်္ချေ.. အသင်္ချေရေ.. ကိုကို့ဆီ လာခဲ့ပါကွာ"

ပေါက်စက အနားမှာ စောင့်အိပ်နေရင်း လင်းညီ့အသံကြား လို့ လန့်နိုးလာသည်။

"အစ်ကိုလေး.. အစ်ကိုလေး သတိထားဦးလေ၊ ရေသောက် မလား.. ကျွန်တော် သွားခပ်ပေးမယ်"

လင်းညီ့က ကုတင်ပေါ်မှာ ထထိုင်လိုက်ပြီး

"သူ နေမှကောင်းရဲ့လား မသိဘူး"

"နေကောင်းမှာပါ. . အစ်ကိုလေး စိတ်အစွဲအလမ်းကြီးလို့ နေမှာ"

"မဟုတ်ဘူး. . သူ့ကို ငါ ချိန်းပြီး ရောက်မသွားနိုင်ခဲ့ဘူး. . ငါ ယောကျ်ားမဟုတ်တော့ဘူးကွာ. . အဲဒီအတွက် ငါ အရမ်းခံစားရတယ်"

"အကျိုးအကြောင်း ဖုန်းနဲ့ပြောပြီးပြီပဲ အစ်ကိုလေးရာ. . သူ နားလည်မှာပါ"

ပြေရာပြေကြောင်း ပြောဆိုနှစ်သိမ့်ပြီး ပေါက်စက ရေတစ်ခွက် ထ,ခပ်ပေးသည်။

လင်းညိုက ရေသောက်ပြီး ပြန်မအိပ်သေးဘဲ ဆက်ပြောလာပြန်သည်။

"ငါ သူ့ကို အရမ်းတွေ့ချင်တာပဲကွာ. . သူလည်း ငါ့ကိုတွေ့ချင်နေမှာပဲ. . ပေါက်စ. . ငါ ခေါင်းတွေ ကိုက်ပြီး၊ အာခေါင်ပူသလိုပဲကွ. . ငါ ဖျားပြီထင်တယ်"

ပေါက်စက လင်းညိုနဖူးကို စမ်းကြည့်ပြီး အထိတ်တလန့် အော်လေသည်။

"ဟာ. . ပူခြစ်နေတာပဲ. . ကျွန်တော် ပြဒါးတိုင်ယူပေးမယ် တိုင်းကြည့်ပါလား အစ်ကိုလေး"

*အောင်ညပြာသိုစာပေ*



လင်းညိုက ငယ်ငယ်လေးကတည်းက ချူချာသူ ဖြစ်သည်။ သည်းနည်းလေး အနေအထိုင်မှားပါက ချက်ချင်းဖျားတော့တာ. . ဒါကြောင့် သူ့အမေ ဒေါ်တင်တင်လတ်က သူ့ကို ပိုးမွေးသလို မွေးပြီး ယုယုယယထားခဲ့တာဖြစ်သည်။

ခုလည်း. . အဖျားက တစ်ရာ့နှစ်ဒီဂရီရှိသည်မို့ -

"အစ်ကိုလေး. . အဖျားတွေ တအားတက်နေတာပဲ. . ကျွန်တော် အန်တီ့ကို သွားနှိုးမှဖြစ်မယ်"

"မနှိုးနဲ့. . ထား,ထားလိုက်. . ငါသေသွားလည်း အေးတာပဲကွာ. . နေရာတကာ လိုက်ပြီးချုပ်ချယ်နေတာ. . ဒီလိုဘဝနဲ့ ငါမနေချင်တော့ဘူး. . ငါ ကလေးမဟုတ်တော့ဘူးကွ"

သူ့အမေအပေါ် မကျေနပ်ချက်တွေကို နေမကောင်းတာနဲ့ ရောပြီး ပေါက်ကွဲနေတဲ့ လင်းညိုကို ပေါက်စ နားလည်ပေးလို့ရသည်။

လင်းညိုနဲ့ အသဲချောကပဲ ကံဆိုးတာလားတော့ မဆိုနိုင်။ သူတို့ ခိုးပြေးဖို့ချိန်းထားတဲ့နေ့မှာပဲ ဒေါ်တင်တင်လတ်က လင်းညို ရေချိုးနေတုန်း သူ့ဖုန်းထဲက သူ ပို့ထားတဲ့ message ကို တွေ့သွားပြီး သူထွက်လို့မရအောင် ထိန်းလိုက်ခြင်းဖြစ်သည်။

ပေါက်စနဲ့မြင့်ထွေးမှာလည်း သူ့ဆန်စား ရဲမှ ဆိုသလို ဒေါ်တင်တင်လတ်ကို သေအောင်ကြောက်ရလေသည်။

*အောင်ညပြာသိုစာပေ*

သူတို့ နှစ်ယောက်လုံးကို ဒေါ်တင်တင်လတ်က သူ့သားနဲ့ အဖော်ရအောင် ဆိုပြီး. . မိဘမဲ့ကျောင်းကနေ ခေါ်လာခဲ့တာ၊ ကျေး မွေးစောင့်ရှောက်ခဲ့တာဆိုတော့. . 'ဟဲ့' ဆိုတာနဲ့ မီးက သေပြီးသွား ပင်။

"ဒါဆို အစ်ကိုလေး ဆေးသောက်မှဖြစ်မယ်. . ကော်ဖီနဲ့မုန့် တစ်ခုခုစားလိုက်ပါလား. . ပြီးရင် ပါရာတစ်လုံးသောက်သောက်လိုက် လေ"

လင်းညိုက မဲ့ပြုံးပြုံးသည်။

"ဟုတ်ပါပြီ. . မင်းပြောတဲ့ ကော်ဖီနဲ့မုန့်. . ဘယ်လိုထွက်ယူ မလဲ၊ မင်းပဲ ရအောင် ယူခဲ့ပါဦး"

ဟုတ်သားပဲ၊ အန်တီက တံခါးကိုသော့ခတ်ထားတာပဲ။ ဒီလို ခေတ်ကြီးထဲမှာ အရွယ်ရောက်ပြီးသား သားတင်ယောက်ကို အခန်း ထဲမှာ ပိတ်လှောင်ထားတဲ့အမေမျိုး ရှိသေးရဲ့လား။ မသကာ သမီးဆို ထားပါတော့. .

ပေါက်စက မုန့်ထွက်ယူဖို့ အကြံထုတ်လေသည်။

"အန်တီ့ဆီ ဖုန်းဆက်လိုက်မယ်လေ"

"ဆက်. . ဆက်. . သေအောင်ဆက်၊ ဘယ်ဖုန်းနဲ့ ဆက်မှာ လဲ ငတုံးရဲ့"





လင်းညိုက စိတ်ဆိုးပြီး ပေါက်စကို အော်ပစ်လိုက်သည်။

ဟုတ်တယ်. . အမေက ဖုန်းပါ သိမ်းထားတဲ့ဥစ္စာ။ အခန်း တံခါးကို မနက် သူ နိုးမှ လာဖွင့်ပေးမည်။ ပြီးတော့ မနက်စာ အတူ စားခိုင်းပြီး အခန်းထဲ ပြန်ဝင်နေရသည်။ သူမ ဆိုင်သွားလျှင် သော့ပြန် ခတ်သွားပြီး ထမင်းစားချိန်ကျမှ ပြန်ဖွင့်ပေးသည်။

ဒီလိုပုံစံနဲ့နေလာရတာ ဒီနေ့နဲ့ပါဆို လေးရက်ရှိနေပြီ။ ရေ ချိုးခန်း၊ အိမ်သာတောင် အခန်းထဲမှာ တွဲလျက်ပါနေလို့တော်တော့ ဘာ. .

"ဒါဆိုလည်း ပြန်အိပ်လိုက်ပါလား အစ်ကိုလေးရယ်"

"အိပ်မက်ဆိုးတွေချည်း မက်နေတော့ မအိပ်ချင်တော့ဘူး ဗျာ. . အသဉ္ဇေ့ကို ကားတိုက်သွားတယ်လို့ အိပ်မက်မက်တယ်. . . မေမေက တိုက်သတ်ပစ်တာ"

"မဟုတ်တာပဲဗျာ. . သူ့ကို ကားလမ်းပေါ်မှာ ချိန်းခဲ့လို့ အစ် ကိုလေး စိတ်စွဲနေတာပါ. . ပဲခူးမြို့က ကျဉ်းကျဉ်းလေးရယ်၊ သူ တစ် ခုခုဖြစ်ရင် ကျွန်တော်တို့သိရမှာပေါ့. . မဟုတ်ဘူးလား"

ပြင်ပကမ္ဘာနဲ့အဆက်ဖြတ်ပြီး အမှောင်ချထားတော့ တကယ် ပဲ ဘာဆိုဘာမှ သူ မသိခဲ့ပါ။ အသဉ္ဇေ ဆုံးပြီဆိုတာသာ သူသိခဲ့ရင် သူ့ကမ္ဘာလေး တကယ်ပြိုကျသွားနိုင်သည်။

မေမေ့ကို နားလည်ဖို့ သူကြိုးစားကြည့်တိုင်း ပင်ပန်းရသည် ဖေဖေဆုံးပြီးနောက်ပိုင်း မေမေ့ဆီမှာ အလိုမကျတာတွေ၊ အထိးကျ တာတွေ များလာသည်။ ပြီးတော့ သူ့အပေါ် ပိုပြီးချုပ်ချယ်လာသည် သူ မိန်းမယူသွားမှာကို သေမလောက်ကြောက်တဲ့ မေမေပါ။

တစ်ခါတလေကျတော့လည်း သူ စဉ်းစားမိသည်။ မေမေ ဟာ normal လား၊ abnormal လား။

သူနဲ့ပတ်သက်ရင် သိပ်ပြီး အစွန်းရောက်လွန်းသည်ဟုထင် သည်။

ပေါက်စကတော့ တခေါ်ခေါ် တရှုးရှုးနဲ့ ပြန်အိပ်သွားပြီ. . သူ့မှာသာ အသချော့ကိုလွမ်းတဲ့စိတ်နဲ့ ညတာက ရှည်ရဦးမည်။

♦





အိပ်ရာက နိုးတာနဲ့ ညီထိုက်က လုပ်စရာရှိတာတွေကို မြန်မြန်သွက်သွက်လုပ်လိုက်သည်။

သူ့ခေါင်းထဲမှာ ဝင်နေတာက ဒီနေ့ သူ လုပ်စရာ အလုပ်နှစ်ခု ရှိနေသည်။

တစ်ခုက လင်းညှိုဆီ ဖုန်းဆက်ဖို့ နောက်တစ်ခုက ဧကနဲ့ သူ သွားတွေ့ရမည်။ အသချော့ကို ကားနဲ့တိုက်သတ်သွားတာ ဟုတ် မဟုတ် လေ့လာရမည်။

ညီထိုက် ဆင်းလာတော့. . အဘွားက ထမင်းကြော်တောင် ကြော်ပြီးနေပြီ။ အဘွားလက်ရာ ထမင်းကြော်ကိုတော့ ညီထိုက်က အသည်းစွဲပဲ။ သဘော်ပေါ် ရောက်တိုင်းလည်း တမ်းတမ်းတတဖြစ်ရ တဲ့ လက်ရာပါ။

ညှိစို့စို့ အမဲသားနဲ့ ရေခဲရိုက်ထားတဲ့ ကြက်ဥတွေ စားရတိုင်း အဘွားကြော်ထားတဲ့ ပုစွန်ခြောက်၊ ကြက်သွန်ကြော်လေးနဲ့ ပဲပြုတ် ထမင်းကြော်ပူပူလေးကို သတိရမြဲ။

"ဝါး. . မွှေးနေတာပဲ အဘွားရာ. . ပူပူလေး. . မိုက်တယ်၊ ဆွဲပြီနော်"

အဘွားက စားပွဲမှာ ဝင်ထိုင်ရင်း ကရားထဲမှကော်ဖီတစ်ခွက် ကို သူ့အတွက် ငှဲ့ပေးလေသည်။

သူများတွေနဲ့စာရင် အဘွားက ကျန်းမာရေးကောင်းသည်ဟု ဆိုရမည်။ အသက် ခုနစ်ဆယ်ကျော်ဆိုပေမယ့် လုပ်နိုင်ကိုင်နိုင်တုန်း။ ဘာမဆို ကိုယ်တိုင်လုပ်ရမှ ကျေနပ်သည်။

ညီထိုက်က ငရုတ်သီးစိမ်းလေး ကိုက်လိုက်၊ ထမင်းကြော် ခပ်စားလိုက် လုပ်နေသည်။

စားနေရင်း ပလုတ်ပလောင်းနဲ့

"အဘွား. . လူတစ်ယောက်ကို ကားနဲ့တိုက်သတ်ပြီး တာဝန် မယူဘဲ ထွက်ပြေးသွားရင် ဘာလုပ်သင့်သလဲဟင်"

သူ့စကားကြားတော့ အဘွားက မျက်လုံးကြီးပြူးကာ-

"ငါ့မြေး. . မင်း. . မင်း. . ကားတိုက်မှုဖြစ်ခဲ့တာလားဟင်"

အကဲစမ်းပြီး မေးနေတဲ့ အဘွားစကားကြောင့် သူ့မှာ ပျာပျာ သလဲ ဖြေရှင်းယူရသည်။

"ဟာဗျာ. . အဘွားတို့ကတော့ လုပ်ပြီ. . ကျွန်တော် ကား မောင်းကျွမ်းတာ သိရဲ့သားနဲ့. . တိုက်စရာလားဗျ၊ သိချင်လို့ မေးကြည့် တာပါ. . ကားတိုက်ပြီး ထွက်ပြေးတဲ့အကြောင်းတွေ ဂျာနယ်တွေမှာ ပါနေလို့လေ"

အဲဒီတော့မှ အဘွားလည်း သက်ပြင်းချနိုင်တော့သည်။

"အမှန်တော့ မြေးရယ်. . လူဆိုတာ ကိုယ်လုပ်ခဲ့ရင် ကိုယ်





တာဝန်ယူရမှာပေါ့. . တစ်ဖက်လူက သေသွားရင် တရားဥပဒေအရ ကိုယ့်အသိနဲ့ကိုယ် သွားအဖမ်းခံရမှာပဲ"

"ဒါဆို. . အသင်္ချေ ဆိုတဲ့ကောင်မလေးကို ကားနဲ့တိုက်ပြီး ထွက်ပြေးသွားတဲ့လူကရော လူမှဟုတ်သေးရဲ့လား"

"ဘယ်ဟုတ်မလဲကွယ်. . ဒါကြောင့် အဲဒီလူကိုတွေ့ရင် သတ် ယ်ဖြတ်မယ် ဖြစ်နေကြတာပေါ့. . ကောင်မလေး သနားပါတယ်"

စကားပြောနေရင်း. . ကေကို သူ တော်တော်ချဉ်လာသည်။ ဘယ်လိုပဲ သူငယ်ချင်းလို့ပြောပြော၊ နစ်နာခဲ့တဲ့ မိသားစုဘက်ကသာ သူ ရပ်တည်သင့်သည်ဟု ထင်သည်။ အသင်္ချေက သူမဘဝတစ်ခုလုံး နဲ့ အသက်ကိုပေးခဲ့ရတာ။

"တော်ပြီလား. . မြေးလေး. . ဆက်စားဦးလေ"

အသင်္ချေ့အကြောင်း ပြောမိတာနှင့် သူ. . စားချင်စိတ်တွေ ပျောက်သွားသည်။

ကော်ဖီကိုမော့သောက်ပြီး

"အဘွား ဒီနေ့ ဘယ်သွားစရာရှိသေးလဲ"

လို့မေးတော့ အဘွားက သူ့ကို ပြုံးပြုံးလေး ကြည့်ကာ

"ဘာလဲ. . ရန်ကုန်ပြန်တော့မလို့လား"

"မပြန်သေးပါဘူး၊ ဒီအဘွားတစ်ယောက်တည်းရှိတာ ထား

ခဲ့ရလားနော့. . ဟဲ. . ဟဲ. . ကျွန်တော်က အဖေ့ထက်ပိုလိမ္မာတယ် မဟုတ်လားဟင်"

ကြုံတုန်းလေး အဘွားကို အဖေနဲ့လှည့်ပြီး တိုက်ပေးလိုက်သေးသည်။

"ဘာမှမဆိုင်ဘူးဟေ့. . မင်းအဖေဆိုတဲ့ ငါ့သားကလေ သူမိန်းမမှသူ့မိန်းမ. . ငါ့ကို ရှိတယ်လို့တောင်မထင်ဘူး. . မွေးရတာ ဝမ်းရေစပ်တယ်. . အလကားသား"

"ဟုတ်တယ်နော်. . အမေအိုကြီးအိုမကို တစ်ယောက်တည်း ပစ်ထားတယ်. . တော်တော်ဆိုးတဲ့ အဖေ"

ပြောပြီး ညီထိုက်က ရယ်နေသည်။

"နေစမ်းပါဦး. . ဒါက ဘယ်သွားမလို့လဲ၊ အင်္ကျီအသစ်တွေဘာတွေဝတ်လို့"

"ကေဆိုင် သွားမလို့"

"အမယ်လေး. . ကျေးဇူးရှင်လေးရေ. . မသွားခင် ကျုပ်အဘ ဟင်းချက်ရမလဲဆိုတာ ပြောသွားပါဦး"

"ဟုတ်ပြီ. . ကျွန်တော် စီစဉ်ပေးခဲ့မယ်"

ညီထိုက်က ရေခဲသေတ္တာဖွင့်ကြည့်ပြီး

"ဘဲဥ ရှိတယ် အဘွား. . ခရမ်းချဉ်သီးနဲ့ ဘဲဥ ကြော်လိုက်





လေ၊ ပြီးတော့. . ဝက်အူချောင်းတွေ့တယ်. . ငရုတ်ပွလည်း ရှိတယ် ဆိုတော့ အဲဒီနှစ်မျိုးရောကြော်လိုက်လေ. . နှစ်မျိုးဆိုတော်ပြီပေါ့. . အဘွား ပင်ပန်းပါတယ်နော်"

"ဟုတ်ပါပြီရှင်. . ပြောတဲ့အတိုင်း ချက်ထားပါ့မယ်"

"ဒါဆို ကျွန်တော် သွားပြီနော် အဘွား"

အဘွားကိုနှုတ်ဆက်ပြီး သူ ကားပေါ် တက်ကာ ထွက်လာခဲ့သည်။ လမ်းရောက်တော့ အသချော် ပေးလိုက်တဲ့ ဖုန်းနံပါတ်ကို သူ ဆက်ကြည့်သည်။

ဒီကောင်သာ ဖုန်းကိုင်လို့ကတော့ ရေရေလည်လည် ကောဖြစ်မည်ဟု တွေးထားပေမယ့် တကယ်တမ်းလာကိုင်တာက မိန်းမကြီး တစ်ယောက်ဖြစ်နေသည်။

"ပြောပါ"

"ဩော်. . ဒါ လင်းညို့ရဲ့ဖုန်း ဟုတ်ပါတယ်နော်"

ဟိုဘက်ကလည်း ခပ်ပြတ်ပြတ်ပင်။

"ဟုတ်တယ်. . အခုဆက်နေတာ ဘယ်သူလဲ"

"ကျွန်တော် သူ့သူငယ်ချင်းပါ"

"သူ့သူငယ်ချင်းတွေ အားလုံး ငါ သိတယ်. . မင်းနာမည်ပြော"

အတော်ရင့်တဲ့အဘွားကြီးပါလား. . လေသံကိုက တင်တင်းစီးစီးနဲ့။

သူကလည်း သူသွားချင်တဲ့လမ်းကြောင်း မပျောက်အောင်ပြောသည်။

"ကျွန်တော် သူနဲ့ဖုန်းခဏပြောချင်တယ်"

"သူ ဒီမှာမရှိဘူး"

"ဘယ်သွားတာလဲခင်ဗျ"

"သူနဲ့စေ့စပ်ထားတဲ့ကောင်မလေးဆီ သွားတာ"

ပြောပြီး အဘွားကြီးက ဖုန်းချသွားသည်။ ညီထိုက်မှာသာဒေါသတွေထွက်ပြီး ကျန်ခဲ့ရသည်။

လင်းညို. . ဆိုတဲ့ကောင် လုံးဝ သစ္စာမဲ့တာပဲ။

အမေကို ကြောက်တယ်လို့ အကြောင်းပြပြီး အသချော့ကိုလှည့်စားနေတာပဲ ဖြစ်မှာ။

အသချော့ ဆုံးသွားတာ သူတို့သားအမိ မသိကြဘူးလား. .

တစ်မြို့တည်း အတူနေပြီး မသိတာတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ အသချော့နဲ့ပတ်သက်ပြီး သူမရည်းစားကို ဒေါသထွက်ရပြီးပြီ။

ကောင်မလေး ကုသိုလ်ကံ ဆိုးလိုက်တာ. .





ဒီလိုကောင်မျိုးကိုများ. . သေတဲ့အထိ စောင့်နေသေးတယ်. . အမှန်ဆို ဒီလိုကောင်မျိုးကို တစ်ခါတည်း လိပ်ပြာ နှုတ်သွားသင့်တာ။

ညီထိုက်က ကားကို K.Paradise ဆီသို့ ဦးတည်ပြီး ကေဆီ ဖုန်းခေါ်ကြည့်လိုက်သည်။

ဟိုလဒက တော်တော်နှင့်ဖုန်းမကိုင်။ အကြာကြီးခေါ်မှ ဖုန်းလာကိုင်သည်။

"ညီထိုက်လား. . . ပြော"

"မင်း ဘယ်မှာလဲ. . ငါ မင်းဆီလာနေပြီ"

"ငါ ရန်ကုန်မှာ"

"ရန်ကုန်မှာလား. . ဒါဆိုလည်း ပြီးရောကွာ. . ငါက ပျင်းလို့မင်းဆီထွက်လာတာ. . မင်း အခုဘာတွေလုပ်နေလဲ"

"ငါ အဖေ့အလုပ်တွေ လုပ်ပေးနေတာ. . နောက်နေ့ဆို နေပြည်တော်သွားရဦးမယ်"

ညီထိုက်က ဒေါသသံ မပါအောင် အတတ်နိုင်ဆုံး ထိန်းပြီးပြောနေရသည်။

အမှန်တကယ် သူမေးချင်နေတာက -

"မင်း. . ကောင်မလေးတစ်ယောက်ကို ကားနဲ့ တိုက်သတ်ခဲ့

တယ် မဟုတ်လား၊ ဘာဖြစ်လို့ တာဝန်မယူဘဲ ထွက်ပြေးတာလဲ. . မင်း ညီမဆို မင်းဘယ်လိုခံစားရမလဲ'

အဲဒီလိုမေးပြီး မျက်နှာကို လက်သီးနဲ့ဆွဲထိုးချင်တာ. .

စိတ်မြန်လက်မြန်ရှိတဲ့ ညီထိုက်က ကားကို ရန်ကုန်ဘက်သို့ ဦးလှည့်ပြီး တစ်ဟုန်ထိုးမောင်းလာခဲ့လိုက်သည်။

ပြေးဦး. . ဧကရေ. .

မင်း ဘယ်အထိ ပြေးနိုင်မလဲ ကြည့်ကြသေးတာပေါ့. .

သေချာတာကတော့ မင်းရှိတဲ့နေရာကို. . ငါရောက်အောင် လာမှာပဲ။

◆





ဧကနေတဲ့ ခြောက်မိုင်ခွဲကခြံကိုရောက်တော့ မနက် ဆယ့် ...စ်နာရီကျော်ပြီဖြစ်သည်။

ညီထိုက်က သူ့ကားကိုခြံရှေ့မှာရပ်ခဲ့ပြီး ခြံတံခါးဖွင့်ကာ ဝင် ...ခဲ့သည်။ ဧကရဲ့ သွေးစွန်းနေတဲ့လူသတ်ကားကတော့ ခြံထဲမှာ ဣန္ဒြေ ...ပျက်ရှိနေသည်။

သူ့အဖေရဲ့အလုပ်ကြီးအကိုင်ကြီးတွေ လုပ်ပေးနေရပါတယ် ...ဆိုတဲ့ဧကကို ဆိုဖာပေါ်မှာထိုင်ပြီး တီဗီကြည့်နေတာ တွေ့လိုက်ရတော့ ...ညီထိုက် စိတ်ကို မနည်းပြန်ထိန်းလိုက်ရသည်။

ဒင်းကတော့ ဒီမှာ ဖိမ်ကိုကျလို့။ သူ ကားနဲ့တိုက်သတ်ခဲ့တဲ့ ...ကောင်မလေးခမျာမှာတော့ ဝိညာဉ်ဘဝမှာ မျက်စိသူငယ်နားသူငယ် ...နဲ့လေ. . .

"ဟေ့ကောင်. . ဘာကားတွေ ကြည့်နေတာလဲကွ"

ဧကက သူ့ကိုမြင်တော့ မျက်နှာတစ်ချက်ပျက်သွားသည်။

"ဘာမှမကြည့်ပါဘူးကွာ. . ပျင်းလို့ channelတွေ လျှောက် ပြောင်းကြည့်နေတာ"

"မင်းပြောတော့ ဖားသားကြီးအလုပ်တွေ လုပ်ပေးနေရတာ ဆို. ."

"ဟုတ်တယ်ကွ. . ညနေကျရင် လူတစ်ယောက်နဲ့ သွားတွေ့

ရဦးမှာ"

"ငါလည်း ညကျရင် VIPတစ်ယောက်နဲ့ တွေ့ဖို့ရှိတယ်. . အဲဒါ မင်းကို လာခေါ်တာကွ"

"ဘယ်မှာလဲ"

ဒီကောင်က စိတ်ဝင်တစားနဲ့မေးဖော်တော့ ရသား။ ညီထိုက်က ကေမျက်နှာကို စေ့စေ့ကြည့်တာ -

"ဟိုင်းဝေးလမ်းပေါ် မှာ"

"ဘာ. . မင်းဟာကလဲ. . အဆန်းပါလားကွ၊ ဘာလဲ. . ချိန်းပွဲလား. . ဘယ်က ကောင်တွေနဲ့လဲ"

ကေက ညီထိုက် တခြားကောင်တွေနဲ့ ကားပြိုင်မောင်းမည်ထင်ပြီး မေးခြင်းဖြစ်သည်။

"အကောင်တွေ မဟုတ်ဘူး. . ကောင်မလေးကွ၊ ချစ်စရာလေး. . သူ့ကို မင်းသိပါတယ်ကွာ"

"ဘယ်သူလဲ"

"လိုက်ခဲ့စမ်းပါကွာ. . ကောင်မလေးက ချစ်စရာလေးကွ. . ဟဲ. . ဟဲ. ."

"မင်းဇယားတွေ မင်းဟာမင်း လွတ်လွတ်လပ်လပ် ရှေ့စမ်းပါကွာ"





"ရှေ့တာက ကိစ္စမရှိဘူးကွ. . ၂၈မိုင်မှာက လူပြတ်တယ်လေ. . မင်း ပါတော့. . ငါ အဖော်ရတာပေါ့ကွ"

၂၈မိုင်လို့ ကြားတာနဲ့ ကေမျက်နှာကြီး ချက်ချင်းမည်းတက်သွားသည်။

"ငါ မလိုက်ချင်ဘူးကွာ"

"သူ့ကို မင်း ကောင်းကောင်းသိပါရယ်ကွ. . မင်းတောင်မှ အသုဘလိုက်ပို့သေးတယ်လေ"

"ဟင့်အင်း. . ငါ မသိဘူး"

မသိဘူးတဲ့လား. . ဒီကောင်က ဖွတ်အတင်းကို ငြင်းနေတာ။

"အသချော်က ငါ့ကို ပြောတယ်ကွ. . မင်း. . သူ့ကို ကောင်းကောင်းသိတယ်တဲ့. . အဲဒါ ဟုတ်လား"

"ဘာလဲ. . ဘာလို့သိရမှာလဲ. . သူနဲ့ငါ ဘာဆိုင်လို့လဲကွ"

"ဘာဆိုင်လို့လဲ. . ဟုတ်လား၊ မဆိုင်လို့. . သူ့ကို လမ်းပေါ်မှာ ပစ်ထားခဲ့တယ်ပေါ့. . ဟုတ်လား"

ကေမျက်လုံးတွေ ကြောင်လာသည်။ လေသံလည်း ပြောင်းသွားသည်။

"မင်း. . ဘာ. . ဘာပြောလိုက်တာလဲ"

"အမှန်တရားတွေ ပြောနေတာလေကွာ၊ အဲဒီနေရာမှာ မင်း

ကားနဲ့တိုက်သတ်ပြီး ပစ်ထားခဲ့တဲ့ကောင်မလေး. . အသင်္ချေ၊ အေး. . သူ အခုထိစောင့်နေတုန်းပဲ. . မင်း လူမဟုတ်ဘူး. . မင်းမှာ လူစိတ်လုံးဝမရှိဘူးကွ"

အောင်ရင်း အော်ရင်းနဲ့ သူ့အသံက ပို့ပို့ပြီး ကျယ်ကျယ်လာသည်။ သူ့မျက်လုံးမှာ ဒေါသခိုးတွေနဲ့ အငွေ့ရိုက်ပြီး နီရဲနေသည်။

"မင်းကို ဘယ်သူပြောလဲ. . မင်းကို ဘယ်သူပြောတာလဲ. . ငါ မသတ်ဘူး. . သူ့ကို ငါသတ်တာ မဟုတ်ဘူး. . ငါ မသတ်ဘူး. . မသတ်ဘူး"

ကေ. . အရူးတစ်ယောက်လို တတွတ်တွတ်ပြောပြီး အော်ဟစ်နေသည်။

"ကာယကံရှင်ကိုယ်၌က မင်း သူ့ကိုသတ်ခဲ့တာလို့ ပြောနေပြီလေကွာ. . ဒီမှာ ကေ. . မင်း ငါ့ကိုလိမ်ချင်လိမ်လို့ရမယ်. . အေး. . မင်းကိုယ်စောင့်နတ်နဲ့ ဘုရားကိုတော့ လိမ်လို့မရဘူးကွ"

"မင်း. . မင်းက ဘာလဲ. . လူလား. . သရဲလား၊ မင်းကို ငါကြောက်လာပြီကွ၊ ဘာဖြစ်လို့ မင်းက ဝိညာဉ်နဲ့အဆက်အသွယ်ရှိနေတာလဲ"

အထစ်ထစ် အငေါ့ငေါ့နဲ့ သူ့ကို ကေ မေးနေပြီ။

"ဒီမှာ ကေ. . မင်းကို ငါနဲ့ပတ်သက်ခဲ့ဖူးတဲ့ သူငယ်ချင်းတစ်





ယောက်အနေနဲ့ နောက်ဆုံး သတိပေးခဲ့မယ်. . မင်းလုပ်ခဲ့တဲ့ကိစ္စကို မင်းဘာသာ တာဝန်ယူပြီး ရဲစခန်းမှာ သွားအဖမ်းခံလိုက်၊ မဟုတ်ရင် ငါကိုယ်တိုင် ရဲကိုသွားတိုင်ရလိမ့်မယ်၊ မင်းကို သုံးရက်အချိန်ပေးမယ် . . သုံးရက်ပဲ၊ အသင်္ချေ ရက်မလည်ခင် မင်းအပြစ်ကို မင်းခံယူပါ"

ညီထိုက်က ပြတ်ပြတ်သားသားပြောတော့ ကေ ခေါင်းငိုက်စိုက်ကျသွားသည်။

"မင်း. . သူနဲ့ ဘယ်လိုအဆက်အသွယ်ရတာလဲ ညီထိုက်၊ ငါ. . ငါ. . အဲဒါ အရမ်းသိချင်တယ်"

သူက အလောတကြီးနဲ့မေးလာတော့ ညီထိုက် သူနဲ့မျက်နှာချင်းဆိုင်ဆိုဖာမှာ ပြန်ထိုင်ပြီး

"မင်း ဝန်ခံရင် ငါအားလုံးပြောပြမယ်ကွာ"

သူငယ်ချင်း. . ဆိုတဲ့ သံယောဇဉ်နဲ့ သူ လမ်းခင်းပေးလိုက်တော့ ကေမျက်လုံးတွေက ခြံထဲက အုန်းပင်ကြီးကိုငေးရင်း အိပ်ရာက ယောင်ပြီး ထလာသူတစ်ယောက်လို

"သူသေသွားတဲ့အတွက် ဒီနေ့အထိ ငါ အိပ်ရေးပျက်တုန်းပဲ ညီထိုက်. . ည ညဆို ငါ ချောက်ချားတယ်. . သူ မကျွတ်ဘူး ဆိုတာလည်း ငါသိတယ်. . ကား. . ငါ့ကားမှာ အမျိုးမျိုးပြတယ်. . အနံ့လည်း ပေးတယ်. . မင်း သိသွားတာ ငါကျေးဇူးတင်တယ် ညီထိုက်

ရာ၊ နို့မို့ဆို ငါတစ်ယောက်တည်း ရူးသွားနိုင်တယ်. . တကယ်ပြောတာ. . ငါ ရူးတော့မှာကွ"

ဒီကောင့်ကို ဘယ်လိုနားလည်ရမှာလဲ. .

သူ့လောက် အသောက်အစားကင်းတာလည်း သူပဲ. . ကားမောင်းလည်း ကိုယ့်ထက်တောင်မှ ကျွမ်းသေးတာ။

"နေပါဦး. . အဲဒီညက မင်း သောက်ထားလို့လား"

"ငါသောက်လို့မရတာ မင်းလည်း သိသားနဲ့ကွာ၊ဒေါသဒေ. . ဒေါသတစ်ချက်လေး ထွက်လိုက်တာနဲ့ ငါ့ဘဝမှာ ဖျက်လို့မရတဲ့ အမည်းစက်ကြီး စွန်းသွားပြီ၊ အဲဒီညက ရန်ကုန်ကပြန်တာ နောက်ကျနေပြီ၊ ထုံးစံအတိုင်း ငါ့အဖေနဲ့အမေက ဖုန်းဆက်ပြီး လောတယ်ကွာ. . အဲဒီတော့ ငါလည်း ကားကို speedတင်ပြီးမောင်းမိတယ်၊ အဲဒီအချိန်မှာပဲ ငါတွဲနေတဲ့ ကောင်မလေးက ဖုန်းဆက်လာတယ်. . သူ့ကိုနှစ်ပတ်အတွင်းလက်ထပ်ရမယ်တဲ့. . ငါ သူ့ကိုအပြတ်ပြောပြီးသား. . ငါတို့ အပျော်ပဲ တွဲကြမယ်၊ ငါ့မှာ. . တစ်နေ့ကျရင် လက်ထပ်ရမယ့်သူရှိပြီးသားလို့၊ အဲဒါကွာ. . ငါ့ကိုဖုန်းဆက်ပြီး လာရစ်နေလို့ ငါလည်း ဒေါသထွက်ပြီး ကားမောင်းတဲ့ဆီ အာရုံမရောက်တော့ဘူး. . ၂၈မိုင်နားရောက်တော့ ကောင်မလေးတစ်ယောက် ငါ့ကားရှေ့မှာ ဘွားခနဲပေါ်လာတယ်. . ငါ ဘရိတ်နင်းလိုက်တယ်လို့ ထင်တာ ညီထိုက်ရာ





ကောင်မလေးကိုအရှိန်ပြင်းပြင်းနဲ့ဝင်တိုက်မိမှပဲ ငါနင်းမိတာ လီဗာဖြစ်နေမှန်းသိတော့တယ်. . အဲဒီအချိန်မှာ ငါ လုံးဝမှားသွားပြီဆိုတာ သိလိုက်တယ်၊ ချက်ချင်းပဲ ငါ သူ့ကိုဆေးရုံပို့ပေးဖို့ကြိုးစားပါသေးတယ်ကွာ၊ ဒါပေမယ့် ငါဆင်းကြည့်တဲ့အချိန်၊ သူ. . သူက သေနေပြီ. . ဟီး"

ပြောပြီး ချုံးပွဲချငိုနေသော ဇေကို သူနှစ်သိမ့်ပေးရင်း

"စိတ်မကောင်းမဖြစ်ပါနဲ့ ဇေရာ. . ငါလည်း အစက မသိတော့ မင်းကို အထင်လွဲခဲ့မိတယ်. . လူမဆန်ဘူး၊ ယုတ်မာတယ်ပေါ့ကွာ. . ဒါပေမယ့် ပြန်စဉ်းစားကြည့်တော့ ဒါ မတော်တဆဖြစ်သွားတာပဲလေ. . ရည်ရွယ်ချက်ရှိရှိနဲ့ တိုက်သတ်သွားတာမှမဟုတ်တာ"

ဇေက မျက်ရည်အခဲသားနဲ့ သူ့ကိုကြည့်ပြီး

"ငါ့အကြောင်း မင်းလည်း သိပါတယ် ညီထိုက်ရာ၊ ငါ အချုပ်ခန်းတို့၊ ထောင်တို့ သေအောင်ကြောက်တဲ့ကောင်ပါကွာ. . သူ သေသွားတော့ ငါ သွားအဖမ်းခံဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါသေးတယ်. . ဒါပေမယ့် မသိစိတ်ထဲမှာတော့ ငါတိုက်လိုက်တာ မျက်မြင်သက်သေမရှိပါဘူးဆိုပြီး အတင်းဖုံးကွယ်ဖို့ကြိုးစားခဲ့မိတယ်လေ. . သူ့အပေါ်မှာ ငါသံသရာကြွေးတွေ တင်သွားပြီ ညီထိုက်. . အဲဒါကြောင့် သူ့အသုဘမှာ ငါသွားတောင်းပန်ခဲ့တာ"

ညီထိုက်က သူငယ်ချင်းရဲ့ပခုံးကိုဖက်ပြီး

“မင်း သူ့အပေါ်မှာ အကြွေးတင်တယ်လို့ ထင်ရင်. . ကိုယ် အပြစ်အတွက် ဒီဘဝမှာ ပေးဆပ်လိုက်ပါကွာ. . ဒါဆို သူလည်း ဘေ နပ်သွားမှာပါ. . နောက်တစ်ခု မင်းသိအောင် ပြောပြဦးမယ်၊ အဲဒီည က ကောင်မလေးက သူ့ချစ်သူနဲ့ ခိုးရာလိုက်ဖို့ ချိန်းထားတာ. . မင်း ကားနဲ့တိုက်မိပြီး သူဆုံးသွားပေမယ့် သူ့ဝိညာဉ်ကတော့ အဲဒီနေရာ လေးမှာပဲ သူ့ချစ်သူ မလာမချင်း စောင့်နေရှာတာ. . သနားစရာ ကွာ. . ဒီလောကမှာ သူဆက်သွယ်လို့ရတဲ့ တစ်ဦးတည်းသောသူ ငါပဲ. . သူ့ဘဝလေးကိုသနားလို့ ရက်လည်တဲ့နေ့မှာ ဘဝသစ်တစ်ခု ကို သူ အမြန်သွားနိုင်ဖို့ ငါကူညီနေတာပါ”

ကေက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး

“ငါ သဘောပေါက်ပါပြီ. . မနက်ဖြန် ငါ ရဲစခန်းမှာ သွား အဖမ်းခံမှာပါ. . မင်း. . သူနဲ့တွေ့ရင် ငါ့ကိုယ်စား ပြောပေးပါကွာ. . ငါ့ကိုခွင့်လွှတ်ပါလို့၊ ငါ. . ငါ တမင်ရည်ရွယ်ခဲ့တာမဟုတ်ပါဘူးကွာ ဒီတစ်ညတော့ ငါ စိတ်ဖြောင့်ဖြောင့်နဲ့အိပ်နိုင်ပြီထင်ပါရဲ့. . ခါတိုင်း ညတွေဆို စိတ်ချောက်ချားပြီး ကယောင်ကတမ်းတွေဖြစ်နေတာ. . ငါ့ကိုယ်ငါ ရူးပြီလို့တောင် ထင်တာ”

“လောကမှာ လူတိုင်း အမှားနဲ့မကင်းနိုင်ပါဘူး ကေရာ. . အဲဒီအမှားကို သင်ခန်းစာယူတတ်ဖို့ပဲ လိုတာ”





“ငါ ထောင်ကျသွားရင် ငါ့အမေ အရမ်းခံစားနေရမှာပဲ. . ငါ အခု ကိုယ်ချင်းစာတတ်သွားပြီ၊ သူ့အမေဆို သမီးတစ်ယောက်လုံး ကို ဆုံးရှုံးလိုက်ရတော့ အရူးတစ်ပိုင်းဖြစ်နေမှာပဲလို့ ငါတွေးမိတယ်”

ဒီတစ်ခါတော့ ညီထိုက် ကေကို လေးစားသွားသည်။

“မဆိုးဘူး. . မင်း အမြန်မှန်ရလာပြီပဲ. . ဘာမဆို မျှမျှတတ နဲ့ ကိုယ်ချင်းစာပြီးတွေးပေးနိုင်ရင် အကောင်းဆုံးပဲ၊ ယောကျ်ားပဲကွာ ကြံ့ကြံ့ခံနိုင်ရမှာပေ့ါ. . ကိုယ့်အပြစ် ကိုယ်ဝန်ခံပြီး အပြစ်ခံယူလိုက်ရင် မင်း တစ်သက်လုံး နောင်တရမှာမဟုတ်တော့ဘူး ကေ”

ကေမျက်နှာလေး ကြည်လင်လာသည်။ ညီထိုက်ကို ဖက်လှဲ ဘကင်းပြုကာ နှုတ်ဆက်လေသည်။

“ငါ့ကို အခုလိုမျိုး လမ်းမှန်ပြပေးတဲ့အတွက် ကျေးဇူးအရမ်း တင်တယ် ညီထိုက်. . ဒီနေ့ည ငါ့မိဘတွေကို ဖွင့်ပြောပြီးရင် ငါသွား အဖမ်းခံမှာပါ”

“မင်းအတွက် ငါဂုဏ်ယူတယ် ကေ၊ ငါလည်း ပဲခူးပြန်ရဦး မယ်. . သွားပြီ သူငယ်ချင်း”

ကားနားအထိ ကေက လိုက်ပို့ပေးပြီး

“အသချေ့ကို ပြောလိုက်ပါကွာ. . ခုနစ်ရက် ပြည့်တဲ့ ရက် လည်မှာ စိတ်ဖြောင့်ဖြောင့်နဲ့သွားပါလို့. . သူ့ဆီမှာ ငါဘဝအကြွေး

တွေ အများကြီး တင်သွားပြီ. . နောင်ဘဝတွေအထိ ငါ ဆပ်သွားမှာ ပါ"

ညီထိုက်က စိတ်မကောင်းဖြစ်နေတဲ့ သူငယ်ချင်းကို ပြေရာ ပြေကြောင်းပြောမိသည်။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ. . အရင်ဘဝက သူ မင်း ဆီမှာ အကြွေးတင်လာလို့ဖြစ်မှာပေါ့. . ကိုယ့်ကျန်းမာရေး ကိုယ်ဂရု စိုက်ပါကွာ. . ကဲ. . ငါသွားပြီ"

"မင်းလို လွတ်လွတ်လပ်လပ်နဲ့နေနိုင်တဲ့တစ်နေ့ကျရင်. . ငါ တို့ ပြန်ဆုံကြမယ် သူငယ်ချင်း"

အမှန်တရားတစ်ခုအတွက် လာပြီး သတိပေးရပေမယ့် သူ ငယ်ချင်းဆီက ဒီလိုစကားမျိုး ကြားရတော့. . သူ စိတ်မကောင်းဖြစ်ရ သည်။

ဇကာဆီက ပြန်လာပြီး အိမ်တောင် မဝင်တော့ဘဲ ပဲခူးကိုသူ တန်းပြီး ပြန်လာခဲ့သည်။ အသင်္ချိုင်း စောင့်နေကျနေရာလေးမှာ သူ အကြာကြီးစောင့်နေမိသေးသည်။

အချိန်က နေ့ခင်း နှစ်နာရီဆိုတော့. . အသင်္ချိုင်းကို အရိပ် အယောင်ပင် မတွေ့ရပါ။ တွေ့နေကျကောင်မလေးကို ရုတ်တရက် မမြင်ရတော့ ရင်ထဲမှာ တစ်မျိုးကြီးခံစားရသည်။

ဆောင်းညပြာသိုစာပေ



ဘဝချင်းမတူတဲ့ ပရလောကက ကောင်မလေးတစ်ယောက် ...ဲ့ သံယောဇဉ်တွယ်ဖြီး နွယ်ငင်မိတာ သူ့အပြစ်လား. . .

ကောင်မလေးအတွက် ဘာမဆိုလုပ်ပေးနေမိတာကိုက ထူး ...န်းနေသည်။ အချိန်အတော်ကြာတဲ့အထိ သူစောင့်နေပြီးမှ အဘွား ...မ်ကို ပြန်လာခဲ့မိသည်။

ရင်ထဲမှာ ကြော့ဟာတာတာနဲ့ ပေါ့. .

အမည်တပ်ရခက်ခဲတဲ့ ဝေဒနာကို ရင်မှာပိုက်ပြီး ဟိုင်းဝေး ...မ်းပေါ်မှာ သူတစ်ယောက်တည်းရယ်ပါ. . .

အပြာရောင်မိုးကောင်းကင်နဲ့ တိမ်စိုင်ဖြူဖြူလေးတွေကတော့ သူ့ရဲ့ပြိုင်ကားနဲ့ အတူ ခရီးနှင်နေလေရဲ့. . .

◆

ဆောင်းညပြာသိုစာပေ

မင်းကြားမယ်ဆိုရင်
ငါပြောချင်ပါတယ်
ဝိညာဉ်မလေး အသဲချော်. . .
အစ်ကိုတို့ဟာ ဒီသံသရာက မလွတ်သရွေ့
ဘဝပေါင်းများစွာမှာ ကျင်လည်ခဲ့ရပြီးပြီ. .
သူ့ကို ငါစောင့်
ငါ့ကို သူစောင့်နဲ့
ချစ်တဲ့သူကို
စောင့်ခဲ့ရပေါင်းလည်း များလှပြီ။
ဒီဘဝမှာ. .
ငါ့ညီမလေး ဘယ်သူ့ကိုမှစောင့်မနေပါနဲ့တော့. .
သွားစရာရှိတာကို ဖြောင့်ဖြောင့်သာ ဆက်သွားပါ။
ညီမလေးပြီးရင် အစ်ကိုတို့အလှည့်ပေါ့. .
လာတဲ့ခရီးသာ မတူရင်နေမယ်
အပြန်ခရီးကတော့ အားလုံးအတူတူပါပဲ. .

♦



## Day...5

**29-11-2012**

ညီထိုက် မျက်လုံးတွေ ကြောင်နေသည်။ ညက တစ်ညလုံး သင်းညိုနဲ့ contactရမည့်နည်းလမ်းကို စဉ်းစားရင်း မိုးတောင် လင်းသွားသည်။ ဒီကောင် တကယ်ပဲ သစ္စာမဲ့တာလား၊ ဒါမှမဟုတ် အဘွားကြီးကပဲ သူ့ကို twist ပြလိုက်တာလား. . တစ်ခုခုတော့ တစ်ခုခုပါပဲ။ ဒေါ်တင်တင်လတ်ဆိုတဲ့ အဘွားကြီးလက်ထဲမှာ သူလှည့်စားမခံရဖို့ပဲ အရေးကြီးတာ။

အသဲချော်ရဲ့အသုဘမှာ လာငိုနေတဲ့ ကောင်မလေး. . ဟုတ်ဘယ်. . ဒီကောင်မလေးကတော့ သူတို့နှစ်ယောက်ရဲ့အတွင်းရေးကို သူ့ထက် ပိုပြီးသိနိုင်လိမ့်မည် ထင်သည်။

သူ့နာမည် ဘယ်သူပါလိမ့်. .

အတော်အကြာကြီး စဉ်းစားလိုက်ပြီးမှ ဖွဲ့မြတ် ဆိုတဲ့နာမည်

ကို မှတ်မိသွားသည်။ သွားပြီ. . ဒီအသက်ဒီအရွယ်နဲ့ ဦးနှောက်က charging မဝင်တဲ့ ဘက္ထရီလိုဖြစ်နေတာဆိုးသည်။ မင်းကို ငါလွှ မြောက်စေချင်ပြီ အသေချာ. . . အဲဒီအတွက် ဘယ်လိုအခက်အခဲ ပဲ ကြုံကြုံ. . ငါ ရအောင် ကြိုးစားမယ်။

နာရီကို သူကြည့်လိုက်တော့ နံနက်ခုနစ်နာရီပဲ ရှိသေးသည်။ ဒီအချိန်ကြီး သူများအိမ်သွားဖို့ကလည်း အားနာဖို့ကောင်းသည်။ တ ဖက်ကတွေးကြည့်ပြန်တော့ ဒီနေ့ဟာ အသေချာသေပြီး ငါးရက်မြော နေ့။ သူ့မအတွက် အချိန်က နှစ်ရက်ပဲ ရှိတော့သည်။ ခုချိန်ထိလည်း လင်းညိုနဲ့သူ အဆက်အသွယ်မရသေးပါ။ ကုတင်ပေါ်က လူးလဲထပြီ ရေချိုးခန်း ဝင်ကာ ကိုယ်လက် သန့်စင်လိုက်သည်။ ပြီးတော့ ထို တစ်ထည်ကိုယူပြီး ညဝတ်အကျီ နဲ့ လဲဝတ်လိုက်သည်။

အလျင်လိုနေတဲ့ ညီထိုက်က သူ့ရဲ့ညဝတ်ဘောင်းဘီကို ကျွ ဘောင်းဘီနဲ့ လဲဝတ်ဖို့ ချွတ်ချလိုက်စဉ် အဘွားဒေါ်လေးခင်က တံခါး ဖွင့်ပြီး အခန်းထဲဝင်လာလို့ ညီထိုက်လန့်ဖျပ်ပြီး အော်ပါတော့သည်

"အဘွား. . သွားပြီဗျာ. . အသံမပေးဘာမပေးနဲ့ ဝင်လာ သလားဗျ. . ကျွန်တော် ဘောင်းဘီလဲမလို့"

သူ့ရဲ့ရှက်ကိုးရှက်ကန်းနဲ့ ဘာလုပ်ရမှန်းမသိဖြစ်နေတဲ့ပုံစံ အဘွားက တခစ်ခစ်နဲ့ ရယ်ရင်း





"အမယ်လေး ကိုယ်တော်ရယ်. . အဘွားကလေ မင်း ငယ် ယ်ကတည်းက ရေချိုးပေးလာတာ. . မမြင်ချင်မှအဆုံး. . ခစ်. . ခစ် း‌တောင် တွန်းပေးရသေးတာ"

"အဘွားနော်. . ပေါက်တတ်ကရတွေ လာပြောနေတယ်. . ျွန်တော် အခု ကလေးမှမဟုတ်တော့တာဗျ"

ဟုတ်တယ်. . ဒီအဘွားတစ်ယောက်နဲ့တော့ ခက်တော့တာ ဗျာ. . သူငယ်တွေဘာတွေများ ပြန်ကုန်ပြီလား မသိပါဘူး. . ပြော ခင်ရာလျှောက်ပြောနေတော့တာ. .

"ကဲပါ. . ကလေး မဟုတ်တဲ့ ကိုလူကြီးရယ်. . အောက်မှာ ကြာဆံကြော်အဆင်သင့်ပါပဲရှင်. . ငါက မနိုးသေးဘူးအောက်မေ့လို့ သာနိုးတာဟော့. . စောစောစီးစီး ဒါက ဘယ်လဲ"

"အပြင်ခဏသွားမလို့"

"ဒါဆိုလည်း စားပြီးမှသွား. . မကြာစေနဲ့နော်"

ညီထိုက်က ပြီးပြီးရောဆိုပြီး ခေါင်းမြန်မြန်ညိတ်လိုက်သည်။ အဘွား ထွက်သွားတော့မှ ဘောင်းဘီကို မြန်မြန်ဝတ်ကာ ဆင်းခဲ့ရ သည်။

အဘွား ကြာဆံကြော်က ပုစွန်ဆိတ်ကလေးတွေ၊ ဘဲဥအဖတ် လေးတွေနဲ့ စားချင်စရာလေးပါ။ သခွားသီးနဲ့ ငရုတ်သီးစိမ်းစိမ်းလေး

တွေ ရောပြီး အချဉ်လုပ်ထားပေးတော့ သွားရည်တောင် ကျချင်လာသည်။ ပူပူနွေးနွေးလေးမို့ ညီထိုက်မှာ ခေါင်းပင် မဖော်အားး။ စားရင်း အဘွားကိုလည်း လှမ်းစားရသေးသည်။

"အဘွားအိမ်မှာ လာနေရတာ. . နေ့တိုင်း. . အစားကောင်း အသောက်ကောင်းတွေစားပြီး ဖက်တီးဖြစ်တော့မှာပဲ. . အမေ့အိမ်မှာ နေတုန်းက ကျွန်တော့်ပုံက ငါးမြွေထိုးလိုပဲ ပိန်ပိန်ကပ်ကပ်နဲ့. . ဟဲဟဲ"

အဘွားက သဘောတွေကျလို့ တဟင်းဟင်းရယ်ရင်း

"စားကောင်းသောက်ကောင်းအောင် ဖားနေတယ်ပေါ့လေ ဟုတ်လား. ."

"တကယ်ပြောတာဗျ. . အဘွားဖျော်တဲ့ ကော်ဖီက ဆိမ့်ဆိမ့်လေးနဲ့ တကယ်သောက်လို့ကောင်းတယ်"

အစားကောင်းအသောက်ကောင်းတွေ စားရရင် ကိုယ်ခင်တဲ့သူကို သတိရတယ်ဆိုတာ မှန်မလားပဲ. . ညီထိုက်မှာ စားနေရင်းနဲ့ အသချော်ကို သွားပြီး သတိရသည်။ ဒီကောင်မလေးက ဒီအချိန်ဆို ဘာစားပြီး ဘယ်မှာ နေတာလဲ။ ဟာ. . သူက သေပြီးသားလူပဲ. . ဘယ်လိုလုပ်ပြီး အစာစားနိုင်မှာလဲ။

ဒီလိုတွေးလိုက်တော့ သူ့ဘဝဟာ ရှင်နေရက် သေဆုံးသွားသလို ခံစားလိုက်ရသည်။ ရင်ထဲတွင် နာကျင်လာသည်။ ခံစားချက်





... ခံနွေးထွေးမှုတွေနဲ့ ပြန်ဆုံတွေ့မယ့် မနက်ဖြန်ဆိုတာ မင်းနဲ့ကိုယ့် ...းမှာ ဘယ်တော့မှရှိလာမှာ မဟုတ်ဘူးနော်. .

"ဟဲ့. . မြေး၊ ဘာတွေ တွေးနေတာလဲ. . စားမှာဖြင့် ကုန် ...အင်စားလေ. . မင်းကို အဘွားမေးရဦးမယ်၊ မနေ့ကလည်း အပြင် ...းဘယ်. . ဒီနေ့လည်း သွားဦးမယ်ဆိုတော့ မဟုတ်မှလွဲရော. . မင်း ...ကလော်နဲ့သွားချိန်းတွေ့တာ မဟုတ်လား"

စေးကလော်ဆိုတာ စော်ကလေးကို ဆိုလိုခြင်းဖြစ်သည်။

"ကြံကြီးစည်ရာ အဘွားရာ. . အဘွားတို့ပဲဒူးသူတွေကို လိုက် ...ကြည့်ဦး. . အဘွားမြေးကို ကြိုက်ရဲ့လားလို့"

"အောင်မယ်. . ငါ့မြေးက ဘာဖြစ်နေလို့လဲ. . မသိရင် ရုပ် ...မင်းသားလိုလို. . လူရွှင်တော်လိုလိုနဲ့ ဒီလောက်ဖြောင့်တဲ့ဟာကို"

"မင်းသားဆိုလည်း မင်းသားပေါ့ အဘွားရယ်. . လူရွှင်တော် ... ဘာလို့ပါလာရတာလဲ၊ ဩော်. . ဒါနဲ့ အဘွားကိုမေးရဦးမယ်၊ ဟို ...ကာင်မလေးအသုဘတုန်းက ငိုနေတဲ့ကောင်မလေးလေ. . အဘွား ...ကိုသိလား"

"အသချော်ရဲ့သူငယ်ချင်းကို ပြောတာလား. . . မယ်မြသမီး ...းလေ၊ မုံဆိုးမသမီးလေးပေါ့ကွယ်. . သူ့နာမည်က ဘာတဲ့. . ငါ ...ဘ်ဖျားတင် မေ့နေတာ"

"စွဲမြတ်လား အဘွား"

"အေး. . အေး. . ဟုတ်တယ်. . မင်းက ဘယ်လို သိနေတာလဲ"

အဘွားက သူ့ကို ပုလိပ်စစ် စစ်နေလို့ မနည်းကွေ့ပတ်ပြီး ရှောင်ထွက်ယူရသည်။

"အဲဒီတုန်းက ကြားခဲ့လို့ပါ၊ သူက အသင်္ချေတို့နဲ့ အိမ်နီးချင်းလားဟင်"

"တစ်လမ်းတည်းနေကြတာပဲ၊ မင်းတော့ မရှိတော့ဘူးနော် အေးလေ. . မင်း အိမ်ထောင်မြန်မြန်ကျမှ အဘွားလည်း မြစ်တုတ်ကလေး ချီရမှာ မဟုတ်ဘူးလား. . ကြိုက်တဲ့သူတွေ့ရင် ပြောနော်. . အဘွားကိုယ်တိုင် လိုက်တောင်းပေးမယ်"

ဒီနေ့အဖို့ အဘွားက သူသိချင်တာ မသိရမချင်း ရစ်နေတော့မှာမို့ ညီထိုက်က ကော်ဖီကို အပြီးမော့ပြီး ထွက်ပြေးလာခဲ့သည်။

ကားပေါ်တက်ကာ မောင်းထွက်လာခဲ့ပြီးမှ သူ့ဘေးက ထိုင်ခုံပေါ်မှာ မိန်းမကျောပိုးအိတ်ကလေးတစ်အိတ်ကို တွေ့လိုက်လို့ သူ ခေါင်းနပန်းကြီးသွားသည်။

"ဒီအိတ်က ဘယ်လိုရောက်နေတာပါလိမ့်"

ထူးဆန်းလိုက်တာ. . ဒီကားပေါ်ကို ဘယ်မိန်းမမှ သူ မတင်





ဘူးပါဘူး။ ဒါပေမယ့် ဒီအိတ်ကို သူ မြင်ဖူးနေသည်။ တရင်းတနှီးကို မြင်ဖူးနေတာ. .

အသင်္ချေ. . . ဟုတ်တယ်။ အသင်္ချေ့ကို သူ တွေ့တိုင်း ဒီကျောပိုးအိတ်လေး လွယ်ထားတာပဲ. .

ဘုရား. . ဘုရား. . ဒါ အသင်္ချေ့အိတ်လား။ ဒါဆို ဘာဖြစ်လို့ ငါ့ကားပေါ် ရောက်နေပါလိမ့်။ သူက ကားကို လမ်းဘေးမှာထိုးရပ်ပြီး အိတ်လေးကို လှမ်းယူကာ ဖွင့်ကြည့်မိသည်။

ယောကျ်ားအကျီ တစ်ထည် ထွက်လာသည်။ ရေမွှေးနံ့က တော့ တကယ့် brand ပဲ။ ဒါ. . အသင်္ချေ့အကျီတော့ မဖြစ်နိုင်ဘူး။ အရေးထဲ သူက ခွဲခြမ်းစိပ်ဖြာနေသေးသည်။

ယောကျ်ားရေမွှေးနံ့ရနေတဲ့ အကျီလေး တစ်ထည်. .

ဘာအဓိပ္ပာယ်လဲတော့ သူ မသိ။ နောက်ထပ် သူတွေ့တာက မိန်းမကိုင်ပိုက်ဆံအိတ်ပြားပြားလေး. .

ဖွင့်ကြည့်လိုက်တော့မှ လင်းညိုနဲ့အသင်္ချေ တွဲရိုက်ထားတဲ့ ပုံလေးကို တွေ့လိုက်ရသည်။ ကြည့်စမ်း. . ကောင်မလေးက ပြုံးနေလိုက်တာ၊ မင်း သိပ်ပျော်နေတယ်ပေါ့ ဟုတ်လား. . ဘာလို့ ဒီပုံ သူ့ကိုပြတာလဲ. . သူ့ရည်းစားကို မြင်ဖူးစေချင်လို့လား. .

ပိုက်ဆံအိတ်ထဲမှာ တစ်ထောင်တန် အသစ်ကလေးတွေတွေ့

တော့ တစ်ရွက်ကို သူ ဆွဲထုတ်ကြည့်မိသည်။ တစ်ထောင်ပေါ် က စာတစ်ကြောင်းကိုအတွေ့မှာ သူ့တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားသည်။

"စွဲမြတ်ပိုက်ဆံတွေ ပြန်ပေး ပေးပါ"ဆိုပါလား။

ဒါဆို သူ စွဲမြတ်ဆီသွားမှာ အသင်္ချေ သိနေတယ်ပေါ့. . သူ့အနားမှာ အသင်္ချေများရှိနေမလားဆိုပြီး အရူးတစ်ယောက်လို လိုက်ရှာမိသည်။

"အသင်္ချေ. . မင်း ဘယ်မှာလဲ. . ညီမလေး. . အစ်ကို့အနားမှာရှိနေတာလား"

ဘာတုံ့ပြန်မှုမှ သူ မရတော့ နွမ်းလျသွားသည်။ သူ သိသင့်တာပဲလေ. . ဒီကောင်မလေးဟာ လာကတည်းက ခဏတာအတွက်ပဲဆိုတာ. . အချိန်တန်ရင် သွားခွင့်ပြုရမယ့်ကောင်မလေးကို သံယောဇဉ်လိုက်တွယ်နေတာကတော့ သူရူးလို့ပဲပေါ့. .

စိတ်ချပါ အသင်္ချေရယ်. . မင်းရှိနေတာ မင်းသူငယ်ချင်းမယုံမှာစိုးလို့ သက်သေပြခိုင်းတာ အစ်ကိုသိပါပြီ။ နောက်ထပ် သူ တွေ့လိုက်ရတာက * * * * * *

သူ့ခေါင်းထဲမှာ လင်းလက်သွားသည်။

◆





စွဲမြတ်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် သူရောက်သွားပေမယ့် စွဲမြတ်က သူ့ကို သိမနေတာ ဆိုးသည်။ အိမ်ထဲခေါ် ထိုင်ခိုင်းဖို့တောင် အတော်ကြီးစဉ်းစားနေလို့ ညီထိုက်က

"ကျွန်တော် အဘွားဒေါ်လေးခင် မြေးပါ၊ ကျွန်တော့်နာမည် ညီထိုက်လို့ ခေါ်ပါတယ်ခင်ဗျ"

အဲဒီတော့မှ ကောင်မလေးမျက်နှာ ပြုံးလာပြီး -

"သြော်. . ဒါကြောင့် မြင်ဖူးပါတယ်လို့ စဉ်းစားနေတာ"

"ဟုတ်ပါတယ်. . အသင်္ချေ့အသုဘမှာ တွေ့ဖူးပါတယ်"

"ကိုညီထိုက်. . ကျွန်မဆီလာတာ. . "

ကောင်မလေး စကားမဆုံးခင် သူက ဖြတ်ပြီးပြောသည်။

"ကျွန်တော်ပြောတာတွေကို ကျေးဇူးပြုပြီး ယုံပေးဖို့ အရင် မေတ္တာရပ်ခံပါရစေ. . ဘာလို့လဲဆိုတော့ ခင်ဗျားအချစ်ဆုံးသူငယ်ချင်း အသင်္ချေရဲ့ကောင်းကျိုးအတွက်ပါ"

"ရှင်ပြောတာ ကျွန်မ သိပ်နားမလည်ဘူး"

"ရော့. . ဒီပိုက်ဆံတွေကို ကြည့် ကြည့်ပါဦး. . ဒီထောင်တန်ပေါ် က လက်ရေးကိုတော့ စွဲမြတ်က ကျွန်တော့်ထက် ပိုသိမှာပါ"

စွဲမြတ်က ထောင်တန်လေးတွေကိုင်ကြည့်ပြီး ထောင်တန်ပေါ် က လက်ရေးလေးကို ကြည့်ကာ အသံထွက်လိုက်ဖတ်နေမိသည်။

"စွဲမြတ်ပိုက်ဆံ ပြန်ပေး ပေးပါတဲ့လား၊ ဒါ. . ဒါ အသဲ့ခြေ လက်ရေးပဲ. . ဟုတ်ပါတယ်. . သူ့လက်ရေးမှ သူ့လက်ရေးအစစ်ပါ ရှင်. . ကိုညီထိုက် ရှင်. . ဒါ ဘယ်ကရလာတာလဲဟင်"

ညီထိုက်က ဟိုင်းဝေးလမ်းပေါ်မှာ အသဲ့ခြေ သူ့ကို ကားတား ပြီး အကူအညီတောင်းပုံ၊သူ့ကိုကိုလင်းညိုကို သူစောင့်နေတဲ့အကြောင်း ပြောခိုင်းပုံ၊ ပြီးတော့မှ အဘွားနဲ့လိုက်ခဲ့လို့ အသဲ့ခြေသေမှန်း သိရပုံ၊ ဒီနေ့မနက် ကားပေါ်မှာ အသဲ့ခြေရဲ့အိတ်လေးတွေ့ရပုံတို့ကို သေသေ ချာချာ ရှင်းပြမိသည်။

"ဘုရားရေ. . အသဲ့ခြေက အဲဒီနေရာမှာ စောင့်နေတုန်းပဲ ပေါ့. . ဟုတ်လား ကိုညီထိုက်"

"အဲဒီအတိုင်းပဲ စွဲမြတ်. . အစ်ကို သူ့ကိုလွတ်မြောက်စေချင် ပြီ. . သူ့ကိုကိုလင်းညိုဆိုတဲ့လူကို ဖုန်းဆက်တော့လည်း သူ့အမေက လာကိုင်ပြီး သူနဲ့စေ့စပ်ထားတဲ့ကောင်မလေးဆီ သွားတယ်လို့ ပြော တယ်"

"ဟာ-ဒါတော့ အဘွားကြီး ညာတာ၊ ကိုလင်းညိုအကြောင်း ကျွန်မ ကောင်းကောင်းသိတယ်. . သူ အသဲ့ခြေကို အရမ်းချစ်တာ. . ဒီလို ပြီးစလွယ်လုပ်မယ့်သူမျိုး မဟုတ်ဘူး၊ နောက်တစ်ခုက အသဲ့ခြေ ဆုံးတာ သူ မသိသေးဘူးလို့ ကျွန်မ ထင်တယ်. . သူသာသိရင် ဘယ်





လိုနည်းနဲ့ ဖြစ်ဖြစ် အရောက်လာမှာ ကျွန်မ ညီတာယ့်နေ့ အသဲ့ခြေက လေး. . ကျွန်မသူငယ်ချင်းက အချစ်ကို ဆိုပ်ပြီး ကိုးကွယ်ခဲ့တာ. . ဟင့် ဟင့်. . "

စွဲမြတ်က ခေါင်းထောင်တာန်အသစ်ကလေးတွေကိုင်ပြီး သူမ သူငယ်ချင်းကို သတိရလို့ တရှုံ့ရှုံ့နဲ့ငိုနေပြီ။

"စွဲမြတ် အသဲ့ခြေကိုချစ်ရင် အစ်ကို့ကို ကူညီပါကွာ၊ အစ်ကို ကလေး အသဲ့ခြေကို သန့်ချိုက်ခါ သူ့ရက်လည်မှာ သူ့အစွဲတွေကျွတ် ပြီး ဘဝသစ်တစ်ခုကို စိတ်ဖြောင့်ဖြောင့်နဲ့သွားစေချင်တာ"

"ကျွန်မ ဘာကူညီရမလဲ ကိုညီထိုက်. . ပြောပါ"

ညီထိုက်က ရှေ့ကျောပိုးအိတ်လေးထဲက ဟန်းဒ်ဖုန်းလေးကို ထုတ်ပြီး တိုးတိုးလေး ပြောပြသည်။

စွဲမြတ်က ခေါင်းညိတ်ပြသည်။

ဖုန်းခေါ်သံကြားလို့ ဒေါ်တင်တင်လတ်က ကိုင်ပြီး

"ဟယ်လို. . ပြောပါ"

"ကျွန်မ အသင်္ချေပါ. . "

ဒေါ်တင်တင်လတ်လက်ထဲက ဖုန်း အောက်လွတ်ကျသွားသည်။ လူတစ်ကိုယ်လုံးလည်း နတ်ပူးသလို တဆတ်ဆတ် တုန်နေသည်။

ဖုန်းကို ပြန်ကောက်ယူဖို့ အနိုင်နိုင်ကြိုးစားပြီး ဖုန်းနံပါတ်ကို ပြန်ကြည့်မိသည်။

ဘုရား. . ဘုရား. . ဒါ. . ဒါ. . အသင်္ချေရဲ့ ဖုန်းနံပါတ်ပဲ. . သူ. . သူက သေပြီပဲ. . ဘာလို့ သူ့ဆီ ဖုန်းဆက်တာလဲ။

"မင်း. . မင်း. . ဘာဖြစ်လို့ ဖုန်းဆက်တာလဲ. . မင်းက သေပြီလေ. . "

သွေးရူးသွေးတန်းနဲ့ ကယောင်ချောက်ချားဖြစ်နေတဲ့ အဘွားကြီးလေသံကြောင့် စွဲမြတ်က ကျေနပ်စွာ ပြုံးမိသည်။ ဒီတစ်ခါတော့ ရှင့်အလှည့်ပဲ ဒေါ်တင်တင်လတ်။

"လူသေပေမယ့် ကျွန်မစိတ်တွေက သေမှမသေသေးတာ. . ကိုကိုလင်းညိုကို ပြောပေးပါ. . ကျွန်မ သူ့ကို ဟိုင်းဝေးလမ်းပေါ်မှာ သူနဲ့ချိန်းထားတဲ့နေရာမှာ စောင့်နေတယ်လို့"

*အောင်ညပြာသိုစာပေ*



ဒေါ်တင်တင်လတ်မှာ ကြောက်လွန်းလို့ ဒူးတွေတောင်တုန်နေသည်။

"မင်း ဘာလိုချင်လို့လဲ. . ငါ့သားကလွဲရင် ကြိုက်တာတောင်း အသင်္ချေ. . ငါ ပေးနိုင်ပါတယ်"

စွဲမြတ်က သူမ နှုတ်ခမ်းတစ်ဖက်ကို နာနာကျင်ကျင်ဖြင့် ဖိကိုက်လိုက်ပြီး

"သေချာလား. . ရှင့်အသက်ဆိုရင်ကော. . ပေးမလား. . အဟင်း. . ဟင်း. . . "

လူယုတ်မာမကြီး. . အသင်္ချေ သေတာ သိသိကြီးနဲ့ သူ့သားကို ဖုံးထားပုံရသည်။

စွဲမြတ် သရုပ်ဆောင်တာက မာန်ပါလွန်းလို့ ညီထိုက်ပင် ငေးယူနေရသည်။ သူ့သူငယ်ချင်းအပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ ဖွင့်မပြောပေမယ့် သိသာနေသည်။

"နင် ငါ့ကိုမကျေနပ်တာ ငါသိပါတယ် အသင်္ချေ. . ဒါပေမယ့် ငါတို့တွေက ဘဝခြားနေပြီလေ. . ငါတို့ကို ထပ်ပြီးမနှောင့်ယှက်ပါနဲ့တော့"

စွဲမြတ်က ညီထိုက်ကို အချက်ပြသည်။ ဘာဆက်လုပ်ရမလဲ ဆိုသည့်သဘော. .

*အောင်ညပြာသိုစာပေ*

ညီထိုက်က စာရွက်တစ်ရွက်ပေါ်မှာ စာရေးပြီးပြသည်။ စွဲမြတ်က စာရွက်ထဲကအတိုင်း -

"ကျွန်မ ကိုလင်းညီနဲ့ ဖုန်းပြောချင်တယ်"

ဆိုပြီး ဒေါ်တင်တင်လတ်ထံမှာ တောင်းဆိုလိုက်သည်။

အဘွားကြီးနှင့်ညီနှင့်စကားတော့ နွေး(မ်)ရသွားပုံရသည်။ လေသံကိုက လုံးလုံးအားမရှိတော့။

"သူ.. သူ ဆရာဝန်ဆီကို .. နေမကောင်းလို့ ဆေးကုနေရတယ်.. အသင်္ချေ မင်းနဲ့ဖုန်းပြောဖို့ အဆင်ပြေမှာမဟုတ်ဘူး။ သူ့ကို ချစ်တယ်ဆိုရင် နားလည်ပေးပါကွယ်"

စွဲမြတ်ကလည်း အလျှော့မပေး။

"ချစ်လို့ စောင့်နေတာပေါ့ ဒေါ်တင်တင်လတ်ရယ်.. ကျွန်မ သူ့ဝေဒနာကိုနဲ့သေခဲ့ရပြီးပြီ။ ကျွန်မကို လျစ်လျူရှုပြီး နောက်တစ်ယောက်နဲ့ယူလို့ကတော့ လာပြီး ဂုဏ်ချီးမှုစ်မယ် မယုံမရှိနဲ့"

"အေး.. အေးပါတော်"

ဖုန်းချပြီးတော့ သူတို့နှစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြသည်။ ညီထိုက်က စွဲမြတ်ကို ချီးကျူးသည်။

"အကယ်ဒမီပဲ စွဲမြတ်ရေ တကယ့်ပီပြင်တယ်နော်"

"ကျွန်မ ဒီမိန်းမကြီးကို lesson ပေးချင်နေတာကြာပြီ ကို





ညီထိုက်.. ကျွန်မသူငယ်ချင်း ခံစားခဲ့ရသမျှ နာကျင်ခဲ့ရသမျှ သူတို့ကို ပြန်ပြီး ခံစားစေချင်တာ.. သေချာတယ်.. ကိုလင်းညီက သူတို့အိမ်ထဲမှာပဲ ရှိလိမ့်မယ်.. ကိုညီထိုက် ကျွန်မတို့ နည်းနည်းတော့ စွန့်စားရလိမ့်မယ် ထင်တယ်"

စွဲမြတ်အပြောကို ညီထိုက်က ခေါင်းညိတ်ပြပြီး တုံ့ပြန်သည်။ အသင်္ချော်အတွက် ဒီလောက်တော့ သူ စွန့်စားရမှာပေါ့။

"ကဲ.. စွဲမြတ်၊ အစ်ကို့ကို ခွင့်ပြုပါဦး.. အစ်ကို သွားလုပ်ရားလိုက်ဦးမယ်"

"ကိုညီထိုက်.. ဟိုမိန်းမကြီးက ပြောတယ်.. ကိုလင်းညီ နေမကောင်းဘူးတဲ့.. ကိုညီထိုက် ပြင်ဆင်သွားလို့ရအောင် ပြောတာ"

စွဲမြတ် သတိပေးတာက သူ့အတွက် တန်ဖိုးရှိပါသည်။

"ကျေးဇူးပဲ စွဲမြတ်.. အစ်ကို ဘာလုပ်ရမယ်ဆိုတာ သိသွားပါပြီ.. နောက်မှတွေ့ကြတာပေါ့"

စွဲမြတ်ဆီ သူလာတာ မများပါဘူး။ နာရီဝက်လောက် ကြာတော့ ညီထိုက်ရဲ့ကားလေးက လင်းညီတို့အိမ်ရှေ့မှာ ရပ်ပြီး အခြေအနေကို စောင့်ကြည့်နေသည်။ လင်းညီတို့ခြံထဲမှ ခပ်ရွယ်ရွယ်လူတစ်ယောက် ထွက်လာသည်။ ခြံတံခါးဖွင့်ပြီး အခြားတစ်ယောက်က ထိုသူကို အလှောသုံးဆယ်မှာနေသည်။

"ဟေ့ကောင်. . ဆရာဝန် ပါအောင်ခေါ် လာခဲ့နော်၊ အစ်ကိုလေး ညကလည်း အဖျားတွေ အရမ်းတက်နေတယ်ကွ. . အစာလည်း မစားဘူး. . ဒီအတိုင်းထားရင် ကြာရင် လုံးပါးပါးလိမ့်မယ်"

"အေးပါကွာ. . ငါ သိပါတယ်. . မင်းသာ အစ်ကိုလေးကို သေချာစောင့်ကြည့်ထား"

ပြောပြီး ထိုသူက ထွက်သွားသည်။ ကျန်ခဲ့တဲ့တစ်ယောက်က တံခါးပြန်ပိတ်မလို့ ပြင်နေစဉ် ညီထိုက်လည်း ကားပေါ် မှာ အသင့်ယူလာတဲ့ လက်ဆွဲအိတ်ကိုဆွဲကာ ကသောကမျောဆင်းလာရသည်။ ပြီးတော့မှ ခြံရှေ့မှာ ဆရာဝန်ဂိုက်ဆိုက်နဲ့ ခပ်တည်တည်ရပ်ကာ

"ဒီမှာ ခင်ဗျာ. . ဒါ ဒေါ်တင်တင်လတ်တို့အိမ်လား"

ပေါက်စက ခြံတံခါးမှခေါင်းပြူထွက်ရင်း

"ဟုတ်ပါတယ်ခင်ဗျ. . ဘာကိစ္စလဲ မသိဘူး"

"သြော်. . ကျွန်တော်က ဒေါက်တာညီထိုက်ပါ. . ခါတိုင်းကုနေကျ ကျွန်တော့်ဆရာက မအားလို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ"

ထိုအခါကျမှ ပေါက်စက ခြံတံခါးကို တွန်းဖွင့်ပေးပြီး ပျာပျာသလဲဖြင့် ဆေးအိတ်ကို လှမ်းယူလေသည်။

"ကြွပါ ဆရာ. . ကြွပါ. . ကျွန်တော်တို့က ဖုန်းဆက်ပြီး ဆရာမလာလို့ အခုနလေးတင် ဆရာ့ကို သွားခေါ်ဖို့. . တစ်ယောက် ထွက်





သွားတယ်. . အခု ဆရာက အစားလာပေးတော့. . အဆင်ပြေသွားတာပေါ့"

ပေါက်စ ဦးဆောင်ပြီးခေါ် တဲ့နောက်ကို သူ လိုက်လာခဲ့သည်။ သိပ်မကြာခင်မှာ အသည်းသိပ်ချစ်တဲ့ သူ့ရဲ့ချစ်သူကို အရှင်လတ်လတ် မြင်ဖူးတော့မှာပေါ့။

အိမ်ထဲမှာ အကျယ်ချုပ်မိနေတဲ့ လင်းညိုဟာ အသည်းဆုံး ကာကို တကယ်သိပုံမရဘူး။

ညီထိုက်က အိမ်ရဲ့ ဖွဲ့စည်းပုံအနေအထားကို တစ်ခါတည်း အကဲခတ်နေသည်။

လင်းညိုတို့အိမ်မှာ ဘေးတွယ်လှေကားတစ်ခု ရှိနေတာက ထူးခြားချက်တစ်ခုဖြစ်နေသည်။ မနက်ဖြန် သူ အလွယ်တကူဝင်ထွက် နိုင်ဖို့ဆိုတာက လှေကားထိပ်က တံခါးဂျက်ကို ဖွင့်ထားခဲ့နိုင်မှ အဆင်ပြေလိမ့်မည်။

"ဆရာ. . ဒါ အစ်ကိုလေးအခန်းပဲ"

ပေါက်စက လင်းညိုအခန်းကိုဖွင့်ပေးပြီး ပြောတော့ ဆရာဝန်အယောင်ဆောင်လာတဲ့ ညီထိုက်က -

"ကျွန်တော့်ကို ရေနွေးတစ်ဇလုံလောက် သွားယူပေးပါလား"

ဆိုပြီး ပေါက်စကို ပ,ထုတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ၊ တခြားဘာလိုအပ်သေးလဲ မသိဘူး"

"မလိုတော့ပါဘူး"

ကုတင်ပေါ်မှာ အသခ်ျေစောင့်နေတဲ့ မင်းသားလေးက ဖျော့တော့ညှိုးနွမ်းစွာ လှဲနေတော်မူသည်။ လူပုံကတော့ ခပ်ဖြောင့်ဖြော ပဲ။ ဒါပေမဲ့ ခုချိန်မှာတော့ ပိုးဟပ်ဖြူနဲ့ပိုပြီးတူနေသလားလို့. .

"ခင်ဗျားက ကိုလင်းညိုလား"

သူက မျက်လုံးကို အသာပဲ ဖွင့်ကြည့်ပြီး

"ဟုတ်ပါတယ် ဒေါက်တာ"

"ကျွန်တော် ဒေါက်တာမဟုတ်ဘူး. . အယောင်ဆောင်လာတာ. . ခင်ဗျားကို ပြောစရာရှိလို့. . ဒီမှာ အချိန်က သိပ်မရှိဘူး၊ ကျွန် တော်ပြောတာ နားထောင်. . အသခ်ျေ ဆုံးသွားပြီ"

သူ့စကားဆုံးတော့ လင်းညို မျက်လုံးတွေ ပြူးကျယ်ထွက် လာသည်။ လူလည်း ကုတင်ပေါ်မှနေ ငေါက်ခနဲထထိုင်ကာ

"ခင်ဗျား. . ဘာတွေလာပြောနေတာလဲ၊ ထွက်သွား. . အ ကျုပ်အခန်းထဲက ထွက်သွား. . အလကား လူလိမ်"

"လူလိမ်က ငါမဟုတ်ဘူး. . မင်းကွ. . မင်း၊ ကောင်မလေး တစ်ယောက်ကို တကယ်မယူနိုင်ဘဲနဲ့ ညကြီးအချိန်မတော် ကားလမ်း ပေါ်မှာ စောင့်ခိုင်းထားခဲ့လို့ ကားတိုက်ပြီး အသခ်ျေသေသွားတာ နား

ဆောင်းညပြာသိစာပေ



ည်လား. . သန်ဘက်ခါဆို သူ့ရက်လည်ပဲ၊ အေး. . မင်းသိအောင် စ်ခု ထပ်ပြောခဲ့ဦးမယ်. . သူ ခုချိန်ထိ မကျွတ်သေးဘူး၊ အဲဒီနေရာ ာ သူ. . မင်းကို စောင့်နေတုန်းပဲ၊ သူ့ကို သနားရင်. . သူ့ကို ငဲ့ညှာ င်. . မင်း ငါနဲ့လိုက်ခဲ့ပါ. . လင်းညို၊ မင်းကိုတွေ့ပြီးမှ သူ အသွား ဖြောင့်မှာပါ"

"ခင်ဗျားက ဘယ်သူလဲ. . ဘာဖြစ်လို့ ကျုပ်တို့အိမ်ထဲဝင်ပြီး ဟုတ်တာတွေ လာပြောနေရတာလဲ. . ခင်ဗျား ဆက်ပြောနေရင်. . ျုပ် ရဲကိုတိုင်လိုက်မှာနော်၊ သွား. . အခု ပြန်ထွက်သွား. . ပေါက်စ ရေ. . ပေါက်စ"

လင်းညိုက ပေါက်စကိုအော်ခေါ်တော့ ပေါက်စက ရေနွေး လုံကိုင်ပြီး ရောက်လာသည်။

"အစ်ကိုလေး. . ဘာလိုလို့လဲ. . ဆရာ. . ရေနွေးရပြီ"

ညီထိုက်က -

"ကိုလင်းညိုက အိုဗာတင်းသောက်ချင်လို့ တဲ့. . သွားဖျော် ပေးလိုက်ပါဦး"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ပေါက်စ ပြန်ထွက်သွားတော့ လင်းညိုမျက်နှာက ဖြူရာမှ ဘဖြည်းဖြည်းနီလာသည်။

ဆောင်းညပြာသိစာပေ

"ခင်ဗျား စဉ်းစားပါ ကိုလင်းညို. . ကျွန်တော် ပြောနေတာ အမှန်တရားတွေချည်းပဲ၊ ခင်ဗျားအမေက ခင်ဗျားကို အိမ်ထဲမှာ ပိတ် လှောင်ပြီး လိမ်ထားခဲ့တာ. . ကဲ. . အချိန်သိပ်မရတော့ဘူး၊ မနက်ဖြ ကျုပ် ခင်ဗျားကိုလာခေါ်မယ်၊ အဆင်သင့်သာ ပြင်ထား၊ ဟုတ်ပြီလား"

ညီထိုက်က ကြောင်ငေးနေတဲ့ လင်းညိုပခုံးကို ဖျတ်ခနဲပုတ် ကာ -

"သွားဦးမယ်"

ဟု နှုတ်ဆက်ကာ ခပ်တည်တည်ပင် ထွက်လာခဲ့လေသည်။

ကျန်ခဲ့တဲ့ လင်းညိုမှာသာ ကမ္ဘာပျက်မတတ် အရှူးမီးဝိုင်းဖြ ပြီး ပေါက်စ ဝင်လာတော့ -

"ပေါက်စ. . အသခ်ျေ ဆုံးပြီတဲ့. . မဟုတ်ဘူး မဟုတ်လား မင်းပြောတော့ အသချေ်ရှိတယ်ဆို. . ဘာမှားနေတာလဲ. . ဘာဖြစ်လို့ ငါ့ကို ဝိုင်းလိမ်ကြတာလဲ"

"အစ်ကိုလေးကို ဘယ်သူပြောတာလဲ. . မဖြစ်နိုင်ပါဘူးဗျာ လိုက်ယုံမနေနဲ့"

လင်းညိုက ဒေါသထွက်လာပြီး အော်သည်။ လူတစ်ကိုယ် လုံး နတ်ပူးသလို တဆတ်ဆတ်တုန်နေသည်။

"သွား. . အခုချက်ချင်းသွား၊ မင်း ငါ့ကို သွားစုံစမ်းပေး. .





မေမေ ငါ့အပေါ် မှာရက်စက်တာ ကမ်းကုန်နေပြီကွာ. . ဒီလောကမှာ အသချေ် မရှိရင် ငါလည်း မနေချင်တော့ဘူး. . ငါသေချင်တယ်ကွာ . . သေသွားတာကမှ ပိုကောင်းဦးမယ်. . ကဲကွာ. . ကဲ. . ဇာက်သုံး မကျတဲ့ကောင်. . တွေဝေပြီး ပျော့ညံ့တဲ့ကောင်. . သေစမ်းကွာ"

အုတ်နံရံကို ခေါင်းနဲ့တိုက်ပြီး လင်းညို ပေါက်ကွဲနေသည်။ ပေါက်စလည်း လင်းညိုကိုပြေးပြီးဆွဲထားရင်း ချော့ယူရသည်။

"အစ်ကိုလေး. . သတိထားပါဗျာ. . အသချေ် ဘာမှ မဖြစ် နိုင်ပါဘူး. . ကျွန်တော်ပြောတာ ယုံနော်"

ပေါက်စလက်ထဲမှ လင်းညိုတစ်ကိုယ်လုံး အခန်းရဲ့ပါကေး ကြမ်းပြင်ပေါ် ပျော့ခွေပြီးကျသွားလေသည်။

"ဟာ. . အစ်ကိုလေး သတိလစ်သွားပြီ. . မြင့်ထွေးရေ. . လာပါဦးဟ၊ ဆရာဝန်သွားခေါ်ပါဦး. . အန်တီ့ဆီ ဖုန်းဆက်ကြဦး"

အိမ်ရှိလူကုန် ပျာယာခတ်ကုန်ကြသည်။

ဒေါ်တင်တင်လတ်ပြန်ရောက်လာတော့ အကျိုးအကြောင်း သိသွားပြီး သားဖြစ်သူကို ချက်ချင်းဆေးရုံတင်ထားလိုက်သည်။

♦

သူ့သား ဆေးရုံတင်ရတဲ့အကြောင်းရင်းကိုသိတော့ ဒေါ်တင်တင်လတ် ယမ်းပုံမီးကျ ဒေါသတွေပေါက်ကွဲနေသည်။ ပေါက်စလည်း အဆူခံရလွန်းလို့ အငွေ့တွေထွက်လာပြီလား ထင်ရသည်။

"နင်တို့လည်း အလကားပဲ၊ အိမ်မှာနေပြီး ဆရာဝန်ဆိုတိုင်း တံခါးဖွင့်ပေးစရာလား. . အခု ကြည့်စမ်း. . ငါ့သားလေး ဆေးရုံပေါ်မှာ သတိမရသေးဘူး၊ ငါ့သားသာ တစ်ခုခုဖြစ်သွားရင် နင်တို့အားလုံးကို ငါလုံးဝခွင့်မလွှတ်ဘူး သိလား. . ဒီကောင်က ဘယ်ကကောင်လဲ ငါ့အိမ်ပေါ်အထိ တက်လာပြီး ငါ့ကို လာစိန်ခေါ်သွားတာပဲ၊ တွေ့ကြသေးတာပေါ့လေ"

ဒေါ်တင်တင်လတ်ရဲ့အပြုံးက အေးစက်ကာ အင်မတန်မှ ကြောက်ဖို့ကောင်းလေသည်။

သေချာပါတယ်. . မနေ့က ဖုန်းဆက်တာလည်း ဒီကောင်ပဲ နေမှာ. .

"အန်. . တီ. ."

ပေါက်စက မဝံ့မရဲဖြင့် သူသိချင်တာကို အရဲစွန့်ပြီး မေးလိုက်သည်။

"အသခင်္ချိုက တကယ်သေသွားပြီလားဟင်"

"သူ သေတာ မသေတာက ဘာအရေးကြီးလို့လဲ. . နင်တို့





သိထားရမှာက ငါ့သားဘဝမှာ အဲဒီမိန်းကလေးက ထာဝရသေလူပဲ၊ သူတို့နှစ်ယောက်က ဘယ်တော့မှ မနီးစပ်နိုင်ဘူး. . . ဘာလဲ. . အဲဒီ ဆရာဝန်ယောင်ဆောင်ထားတဲ့ကောင်က ဒီအကြောင်းတွေ ပြောသွားလို့လား"

ပေါက်စက ခေါင်းညိတ်ပြလိုက်သည်။

"တောက်.. မိုက်ရိုင်းတဲ့ကောင်. . ဒီပုံအတိုင်းဆို မနက်ဖြန် ဒီကောင် လာဦးမှာပဲ၊ တွေ့ကြသေးတာပေါ့. . ငါ့ထောင်ချောက်ထဲကို ဒီကောင် တိုးဝင်လာမှာပါ"

ဆေးရုံရဲ့ ကော်ရစ်တာမှာ. . စကားပြောနေတဲ့ သူတို့ နှစ်ယောက်အနားကို မြင့်ထွေးရောက်လာပြီး ခေါ်သည်။

"အန်တီ. . အန်တီ. . အစ်ကိုလေး သတိရနေပြီ၊ သတိရရချင်း သောင်းကျန်းနေလို့ လာပါဦး အန်တီ၊ ဆေးသွင်းထားတဲ့ ပိုက်တွေရော အပ်တွေရော အကုန်ဖြုတ်ပစ်ကုန်ပြီ"

ဒေါ်တင်တင်လတ် သူ့သားရှိတဲ့အခန်းထဲကို ချက်ချင်းလိုက်သွားသည်။ လင်းညိုက သူ့အမေကိုတွေ့တော့ ပိုပြီး ပေါက်ကွဲလာသည်။ ကုတင်နံဘေး စားပွဲပေါ်က ပစ္စည်းတွေအားလုံးကို လက်ဖြင့် ရိုက်ချပစ်လိုက်သည်။

"ခွမ်း. ."

ဖန်ခွက်တွေ၊ ခာတ်ဘူးတွေ ကျကွဲပြီး ဖန်ကွဲစတွေက ဒေါ်တင်တင်လတ်ရဲ့ခြေထောက်ပေါ်မှာ လာမှန်သည်။

လင်းညိုက အမေဖြစ်သူကို တစ်ခါမှမကြည့်ဖူးတဲ့ အကြည့်စိမ်းစိမ်းတွေနဲ့ ကြည့်လာသည်။ ဒေါ်တင်တင်လတ် ဆိုတာကလည်း သူ့အမေပဲလေ. . သူမွေးခဲ့တဲ့ သားကို ဘယ်တော့မှ အလျှော့ပေးမှာ မဟုတ်။ လေသံကို အတတ်နိုင်ဆုံးတင်းကာ

"လင်းညို"

လို့ တစ်ခွန်းပဲ ငေါက်ပြီး ခေါ်ရသေးသည်။ လင်းညိုရဲ့မျက်လုံးတွေ အလိုလို အောက်ကိုငုံ့ပြီးသား ဖြစ်သွားသည်။ ဒေါ်တင်တင်လတ်ကို ငယ်ငယ်ကတည်းက ကြောက်လာရတာ မဟုတ်လား။

"ပြောစမ်း. . မင်း ဘာတွေအရူးထနေတာလဲ. . ဒါ မင်းအိမ်မဟုတ်ဘူး. . ဆေးရုံ. . နားလည်လား၊ ဘာမှ. . လာပြီးသောင်းကျန်းမနေနဲ့"

"မေမေ မတရားဘူး၊ အသင်္ချေ မရှိတော့ဘူး မဟုတ်လား"

ဒေါ်တင်တင်လတ်အမူအရာက ချက်ချင်း ပြောင်းလဲသွားသည်။ သားနံဘေးမှာ ဝင်ထိုင်ပြီး လေသံကပါ ချိုသွားသည်။

"မေမေတို့ အငိုက်မိသွားတာ သားရေ. . တကယ်တော့ အဲဒီကောင်က စိတ်မနှံ့တဲ့ အရူးတဲ့. . သူ့ကိုယ်သူ ဆရာဝန်ဆိုပြီး ဆရာ





ဝန်ရူး ရူးနေတာ. . သူများအိမ်တွေလည်း ဒီလိုပဲ ဝင်တာတဲ့. . . ကံကောင်းလို့ပေါ့ သားရယ်. . စိတ်ဖောက်ပြီး ငါ့သားလေးကို မသတ်သွားတာပဲ ကျေးဇူးတင်ရဦးမယ်"

လင်းညိုတောင် သူ့အမေစကားကြောင့် တွေဝေသွားသည်။

"ဒါဆို သူက ကျွန်တော့်နာမည် ဘာလို့သိနေတာလဲ"

"ဒါကတော့ သားရယ်. . သူက အိမ်တစ်အိမ်ထဲ ဝင်တော့မယ်ဆိုရင် ပတ်ဝန်းကျင်မှာ အရင်လေ့လာတာတဲ့. . ပြီးတော့. . သားကောင်မလေးလည်း ဘာမှမဖြစ်ဘူး၊ တစ်နေ့ကတောင် အမေ ဖြတ်သွားရင်းနဲ့ သူ့အမေထမင်းဆိုင်မှာ တွေ့သေးတယ်၊ ဟုတ်ပြီလား. . သားစိတ်ကိုလျှော့ပြီး အနားယူလိုက်နော်. . အမေ မနက်ဖြန်ကျမှ တစ်ခေါက်ပြန်လာခဲ့မယ်"

နားဝင်ချိုတဲ့ စကားလေးတွေကို သကာရည်လောင်းပြီး သားယုံကြည်အောင် ပြောတတ်လွန်းတဲ့အမေပါပဲ။

လင်းညို ဆိုတဲ့ သားလိမ္မာလေးဟာ သူ့အမေပြောသမျှကို ယုံပြီး ဆေးအရှိန်နဲ့ နှစ်နှစ်ခြိုက်ခြိုက်ကြီးကိုအိပ်ပျော်သွားတော့သည်။

ပေါက်စနဲ့မြင့်ထူးက သူ့အနားမှာ အပြင်ထွက်လို့မရအောင် စောင့်နေမြဲ။

♦

ညီထိုက်ရဲ့ကားလေးက ၂၈ မိုင်အရောက်မှာ အလိုလို ရပ်သွားခဲ့သည်။

အသဲချော်ရေ. . မင်းကို ငါ ခုထိမကူညီနိုင်သေးပါလား။

သူ့ခေါင်းထဲမှာလည်း နှစ်ရက်ဆိုတဲ့အသိက ခေါင်းလောင်းထိုးနေသည်။ သိပ်မကြာပါ. . သူ့ရှေ့မှာ မီးခိုးငွေ့လိုလို အဖြူရောင်သဏ္ဌာန်မြူများရစ်သိုင်းလာပြီး အသဲချော်ရဲ့ပုံရိပ်လေး ပေါ်လာသည်။

“အစ်ကို. . ကိုကိုလင်းညိုက ဘာပြောသလဲဟင်”

ညီထိုက်က အသဲချော့်ကို ကရုဏာသက်စွာကြည့်ကာ

“သူက မယုံဘူး ညီမလေး. . အစ်ကို့ကိုတောင် အရူးလို့ထင်ပြီး မောင်းထုတ်နေတာ. . ”

“ဒါဆို သူ. . အသဲချော့်ဆီ မလာဘူးပေါ့နော်”

အသဲချော်က မျက်ရည်လေးတွေ ဝိုင်းဂကာသည်။ မငိုနဲ့. . မင်းမငိုလိုက်ပါနဲ့ ညီမလေးရယ်. .

“မနက်ဖြန်ကျရင် ထပ်သွားပေးပါ အစ်ကို. . ဟောဒီအကျီလေး ပြပြီး သူ့ကိုရအောင်ခေါ် ခဲ့ပေးပါနော်”

အသဲချော်သူ့ကိုပေးလာတာက လင်းညိုရဲ့အကျီဖြစ်ပုံရသည်။

“ကောင်းပြီလေ၊ အစ်ကိုသွားပေးပါ့မယ်. . ညီမလေး အဆင်ပြေရဲ့လား”





အသဲချော်က မျက်ရည်တွေကြားမှ သူ့ကိုကြည့်လာသည်။ ပြီးတော့. . ခေါင်းလေး ရမ်းပြသည်။ ပဲခူးရိုးမတောင်တန်းကြီးက ဟိုးအနောက်မှာ မှိုင်းညို့နေသည်။ ညီညီညာညာမရှိတဲ့ သစ်ပင်ကြီးငယ်တွေဟာလည်း မှောင်မှောင်မည်းမည်းထဲမှာ ချောက်ချားစရာကောင်းလွန်းလှသည်။

တွေးလိုက်ရင် အသဲချော်တစ်ယောက်တည်း ဘယ်လောက်တောင် သွေးပျက်လိုက်မလဲ. .

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ လူတစ်ယောက်ဟာ ဒီလိုအချိန်မှာ ဒီလိုဖြစ်ရမယ်ဆိုတာ ပါလာပြီးသားပဲလေ. . ပြန်တွေးကြည့်ရင်တော့ သူက အရှေ့က သွားရင် ကိုယ်လည်း နောက်ကလိုက်ရမှာပါပဲ။

ဖြေမဆည်နိုင်တာတစ်ခုက အသဲချော်လေး သိပ်ကိုငယ်သေးတယ်။ လူ့ဘဝရဲ့ အနှစ်သာရတွေ၊ ပျော်ရွှင်ခြင်းတွေကို ဘာမှမခံစားသွားရတဲ့အတွက် လုံးဝစိတ်မကောင်းဘူး။

ငူငူငိုင်ငိုင်ကြီးဖြစ်နေတဲ့သူ့အရိပ်အကဲကို အသဲချော် ဖမ်းမိပုံပေါ်သည်။

“အစ်ကိုလည်း ညီမအတွက်နဲ့ ပင်ပန်းနေပြီထင်တယ်နော်၊ ညီမကို ခုလိုကူညီတဲ့အတွက် နောင်ဘဝအထိ အစ်ကို့ကိုကျေးဇူးတင်

နေမှာပါ. . ကိုကိုလင်းညိုကိုတွေ့ပြီးရင် အစ်ကိုကို့ပေးထားတဲ့ကတိအတိုင်း အသချော် သွားမှာပါ”

သွားမယ်တဲ့လား ညီမလေးရယ်. . ဒါဆို အစ်ကို မင်းကို. . နောက်ထပ်တွေ့ခွင့်မရှိတော့ဘူးပေါ့. . ဘဝရေစက်ကြောင့်ပဲ ထင်ပါရဲ့. . မင်းကို အစ်ကို ညီမလေးတစ်ယောက်လို သံယောဇဉ်တွယ်နေမိပြီ။

ဒါပေမယ့်လည်း အစ်ကို့အတွေအတွက်နဲ့ မင်းကို ဘယ်တော့မှ အသုံးမချဘူး. . မင်းလွတ်မြောက်အောင် အစ်ကိုကြိုးစားဦးမှာပါ။ မကျွတ်မလွတ်တဲ့ဘဝကြီးနဲ့ မင်းကို မရှင်သန်စေချင်ဘူး။

“ညီမလေး ဒီဘဝက လွတ်မြောက်အောင် အစ်ကို ကြိုးစားဦးမှာပါ. . မနက်ဖြန်ညကျရင် ဒီနေရာမှာ ညီမလေး စောင့်နေပါ. . အစ်ကို သူ့ကို မရရအောင် ခေါ်လာခဲ့မယ်သိလား”

အသချော်. . မျက်ရည်လေးတွေနဲ့ သူ့ကို ငေးပြီးကြည့်နေတယ်။ အဲဒီအကြည့်ကို သူနားလည်နေတယ်. . နောက်ဆုံး မျှော်လင့်ချက်အရိပ်အယောင်လေး အသချော့်မျက်လုံးထဲမှာ တွေ့နေရတယ်။ အဲဒီအတွက် သူတကယ်စိတ်မကောင်းပါဘူး. . ရင်ထဲမှာ ထိထိခိုက်ခိုက်ကြီးကို ခံစားရတာပါ။

“အစ်ကို သွားတော့မယ်နော် ညီမလေး”





ကိုယ် နှုတ်မဆက်ချင်ဆုံးသူက မင်းပါ ကောင်မလေးရယ်။

ကားမောင်းထွက်လာပြီးမှ မနေနိုင်တဲ့စိတ်က ထုံးစံအတိုင်း နောက်ကြည့်မှန်ဆီ ကြည့်မိပြန်ပြီ။

အသချော့်ကို မတွေ့ရတော့ပါ။

လူကြီးတွေပြောသလိုပဲ. . ဝိညာဉ်တွေက မှန်ထဲမှာမပေါ်ဘူးဆိုတာ မှန်နေပြီထင်တယ်. . ရင်ထဲမှာတော့ တစ်ခုခု ဟာသွားသလို ခံစားရသည်။ မထားအပ် မတွယ်အပ်တဲ့ သံယောဇဉ်တွေလေ. .

♦

## Day...6

## 30.11.2012

ညကလည်း အိပ်ရေးပျက်တယ်. . ကောင်းကောင်းအိပ်လို့မရတာ ကြာနေပြီ။ အတွေးတွေကလည်း ရှုပ်နေသည်။စိတ်တွေလည်း နောက်ကျိနေသည်။ ဒီနေ့ဆို ပိုဆိုးပြီပေါ့. . အသခ်ျေအတွက် တစ်ရက်ပဲ ကျန်တော့တာလေ. .

မနက်ဖြန်ဆို သူ့ရက်လည်ရောက်ပြီ။ မနက်ဖြန်ကျရင် တစ်ခါတည်း ကျွတ်လွတ်သွားစေချင်တာ သူ့စိတ်ရင်းအမှန်ပါ။ ဒီနေ့တော့ သူ မဖြစ်မနေ စွန့်စားရတော့မည်။

လုပ်နေကျမဟုတ်တဲ့အရာတွေကို ထူးထူးဆန်းဆန်းလျှောက်လုပ်နေမိသည်။ မနက်ငါးနာရီခွဲ ဆိုတော့ အဘွားတောင် မနိုးသေးပါ။ အဘွားက ကုတင်ထက်မှာ အိပ်လို့ကောင်းတုန်း ရှိသေးသည်။ ညီထိုက်က အဘွားကုတင်နားကို ခြေသံလုံလုံလေး ချဉ်းကပ်သွားပြီး အဘွားရဲ့ပါးပြင်လေးကို ဖွဖွလေး နမ်းမိသည်။





သူငယ်ငယ်လေးကတည်းက မြေးတစ်ယောက်တည်းဆိုပြီး
ထားမတတ် ချစ်သည့် အဘွား။ သူ သဘော်ပြန်တက်သွားရင် လွမ်း
ပြီး ကျန်ခဲ့တဲ့ အဘွား။ သူ့အလာကို အမြဲတမ်းစောင့်ကြိုနေတတ်သည့်
အဘွား။

အဘွားရဲ့ဂုဏ်ကျေးဇူးတွေကို ဦးသုံးကြိမ်ချပြီး သူကန်တော့
ခဲ့သည်။ ခဏနေရင် အဘွား နိုးလာတော့မည်။ အိုကြီးအိုမနဲ့ သူ့
အကြိုက်တွေကို ပြင်ဆင်ပြီး breakfast ကျွေးဦးမည်။

ညီထိုက် အဘွားအခန်းထဲကထွက်လာပြီး ဘုရားစင်ရှေ့မှာ
ကျုံ့ကျုံ့လေးထိုင်ကာ အာရုံတွေကို စုစည်းလိုက်သည်။ ဘုရားကို ဦး
သုံးကြိမ်ချပြီးတဲ့နောက်မှာ ငါးပါးသီလကိုခံယူမလို့ပြင်သည်။

ပြီးမှတစ်စုံတစ်ခုကိုတွေးမိသွားပြီး ငါးပါးသီလမယူဖြစ်တော့။
ဘုံမှာရှိတဲ့ သတ္တဝါတွေအားလုံးကို မေတ္တာပို့အမျှပေးဝေပြီး တရား
ထိုင်ဖြစ်သည်။

သူ တရားထိုင်ပြီးတော့ အဘွားတောင် နိုးနေပြီ။ အဘွား
လည်း ဘုရားရှိခိုးမလို့ထင်သည်။ ဘုရားစင်ရှေ့ကိုရောက်လာသည်။
သူ့ကို ဘုရားစင်ရှေ့မှာမြင်တော့ အဘွားက တအံ့တဩဖြင့်

"ဟယ်. . မြေးလေး၊ အစောကြီးနိုးပြီး ဘုရားရှိခိုးလို့ပါလား၊
ကြည့်စမ်း. . အဘွားထက်တောင် ဝီရိယပိုနေသေးတယ်"

"အဘွားနိုးလာပြီလား၊ ဒီနေ့ အဘွားကိုကျွန်တော် breakfast ပြင်ကျွေးမှာ၊ အဘွား ဘုရားကို အကြာကြီးရှိခိုးပြီးမှဆင်းလာခဲ့နော်"

"အမယ်လေးတော်. . ကျားသားမိုးကြိုး၊ ဘာစိတ်ကူးပေါက်လို့တုန်း မြေးရဲ့. . ဒီနေ့ မင်းမွေးနေ့လည်း မဟုတ်ပါဘူး"

အဘွားက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် သူ့ကို အကဲခတ်သလို ခြေဆုံးခေါင်းဆုံးကြည့်နေသေးသည်။

ညီထိုက်က အပြောနှင့်အလုပ်ညီစွာပင် မီးဖိုထဲဝင်ပြီး ကိုယ်တိုင်ကိုယ်ကျ နံနက်စာကို စိတ်တိုင်းကျ ပြင်ဆင်နေသည်။ အချက်အပြုတ်နဲ့ပတ်သက်ပြီး ညီထိုက် အကျွမ်းတဝင်အရှိဆုံးက ကော်ရည်ခေါက်ဆွဲပင်။

ရေခဲသေတ္တာထဲမှာတွေ့သည့် ကြက်သားတွေကို အတုံးလိုက်ထည့်ပြုတ်ပြီး တစ်ဖက်က မီးဖိုမှာတော့ ခေါက်ဆွဲအစည်းကိုပြုတ်လိုက်သည်။ ဟိုဘက်က ကြက်သားပြုတ်အိုးဆူလာတော့ အဆင်သင့်တွေ့သည့် ဥနီ၊ ကန်စွန်းရွက်၊ ဂေါ်ဖီပန်း၊ တရုတ်မဆလာ၊ သကြား၊ ဆား ပဲငံပြာရည် အကုန်ပစ်ထည့် ရောမွှေပြီး နောက်ဆုံးမှ. . ကော်မှုန့်ကို အရည်ဖျော်ပြီးထည့်လိုက်သည်။

ပြီးတော့. . အဘွားထောင်းထားတဲ့ ငပိထောင်းကို သံပုရာ





သီးညှစ်ပြီး ဖျော်လိုက်သည်။ ခေါက်ဆွဲလည်း အဆင်သင့်ဆိုတော့. . ကော်ရည်ခေါက်ဆွဲကဏ္ဍက ပြီးပြီ. . ဒါဆို. . ကော်ဖီ ဖျော်ပြီးရင် ရပြီပေါ့။

ဂက်စ်မီးဖိုအားတာနှင့် ညီထိုက်က လက်ရွေးစင်ကော်ဖီမှုန့်ကိုနှပ်ပြီး အဘွားအကြိုက် ဆိမ့်ဆိမ့်ကလေး ဖျော်လိုက်သည်။ ရေနွေးကြမ်းပါ တစ်အိုးတည်ပြီး အားလုံးအဆင်သင့်ဖြစ်ပြီဆိုတာနှင့် အဘွားလည်း ဆင်းလာသည်။

"ကော်ရည်ခေါက်ဆွဲနဲ့ကော်ဖီ သုံးဆောင်တော်မူပါ မိုင်ဂရင်းမေးသား ဘွားတော်လေးခင်ဗျ"

ဇာတ်မင်းသားလေသံနဲ့ တည်ခင်းဧည့်ခံနေတဲ့ မြေးကြောင့် အဘွားဖြစ်သူက ထိုင်ခုံမှာ စတိုင်မလိုင်အပြည့်ဖြင့် ဝင်ထိုင်ပြီး

"ငါ့မြေးက ဒါတွေလည်း ရတာပဲတော့. . ဘာလဲ မင်းအဖေ ငံ မိန်းမကို လုပ်ကျွေးမလို့လား"

အဘွားမေးမှ သူစဉ်းစားကြည့်သည်။ ဒီတစ်သက် သူ ယူရသည့် မိန်းမရော တွေ့ပါဦးမလား။ ဘဝချင်းမတူသည့် ဝိညာဉ်မလေးအပေါ်မှာ ထားသည့် သံယောဇဉ်မျိုး တခြားမိန်းမတွေအပေါ် သူထားနိုင်ပါ့မလား. . .

ဟင့်အင်း. . မသေချာပါပေ။

အချစ်ဆိုတာမျိုးက. . အတင်းအကြပ်လုပ်ယူလို့ မရတော့လည်း ခက်သား။ အသင်္ချေအပေါ် မှာ သူထားသည့်စိတ်က ရာဂမပါ၊ တဏှာ မယှက်၊ လိုချင်တာမရှိ။ ပေးဆပ်လိုသည့် အဖြူထည်စိတ်မျိုး လုံးဝ ရှင်းသည်။

"ကြည့်စမ်း. . ကြည့်စမ်း. . အဘွား စ,တာ စိတ်ဆိုးသွားလို့လား. . မျက်နှာကြီးက စူပုပ်နေတာပဲ၊ ငါ့မြေးလက်ရာလေး စားရသေးတာပေါ့တော်"

"အဘွား. . လူတွေက သေပြီးရက်လည်ရင် နောက်ဘဝတစ်ခုကို တကယ်သွားရသလားဟင်"

ဆိုင်းမဆင့် ဗုံမဆင့် မေးလာတဲ့ ညီထိုက်စကားကြောင့်. . အဘွားက မျက်မှန်ကိုင်းကို အောက်စိုက်ပြီး သူ့ကိုကြည့်လာသည်။

"ဒါကတော့ မြေးရယ်. . နောက်ဘဝကိုကူးဖို့ဆိုတာ သူပြုခဲ့တဲ့ ကုသိုလ်ကံရယ်၊ ကျန်ရစ်သူတွေက သူ့အတွက် ကောင်းမှုကုသိုလ်ပြုပြီးအမျှဝေပေးတဲ့အခါ သူ သာဓုခေါ် နိုင်ဖို့လည်း လိုသေးတယ်လေ၊ သူက ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ် နိုင်ရင် ဘဝသစ်တစ်ခုဆီ သွားနိုင်မှာပေါ့ကွယ်. . ဒါနဲ့ စကားမစပ်. . သားကို မေးရဦးမယ်၊ သားသူငယ်ချင်း ကေလေ. . ယာဉ်တိုက်မှုနဲ့ အဖမ်းခံနေရတယ်ဆို၊ ဘယ်သူ့ကိုများ သွားတိုက်လာလို့လဲ သားရယ်"





"အဘွား အသုဘသွားပို့တဲ့ ကောင်မလေးလေ၊ အဲဒီကောင်မလေးကို ကေ ကားနဲ့တိုက်သတ်ခဲ့တာ"

"ဘုရား. . ဘုရား၊ လောကကြီးက အဲဒီလောက်ဆန်းကျယ်ရသလားကွယ်. . မဆင်မခြင်မောင်းမိတာလေးတစ်ခုနဲ့ ငယ်ရွယ်တဲ့ဘဝနှစ်ခုလုံး ပျက်စီးခဲ့ရပြီ"

အဲဒီနောက်မှာတော့ မြေးအဘွားနှစ်ယောက် အတွေးကိုယ်စီနဲ့ တိတ်ဆိတ်ပဲ စားသောက်ပြီး ညီထိုက်က ထ,ရပ်ကာ အဘွားကိုနှုတ်ဆက်လိုက်သည်။

"အဘွား. . ဒီနေ့ ကျွန်တော့်ကို မစောင့်နဲ့တော့နော်. . ခြံတံခါးတွေ သေချာပိတ်ပြီးအိပ်နော် အဘွား. . ကျွန်တော် သော့ယူသွားတယ်. . မိုးချုပ်ရင် ကိုယ့်ဘာသာကိုယ်ဖွင့်ပြီး ဝင်ခဲ့မယ်"

"မြေးလေး. . . ရန်ကုန် ပြန်မလို့လား. . စောစော ပြန်ခဲ့ဦးနော်"

"ဟုတ်ကဲ့. . အဘွား"

"အေး. . အေး. . ကားလည်း ဂရုစိုက်ပြီးမောင်းဦး၊ လမ်းမှာ ကားမောင်းရင်းနဲ့ မြင်အပ် မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပေးနော် သားလေး"

အဘွားပြောသလို သူ တစ်ခါမှမလုပ်ဖူးပါလား။

မေတ္တာတရား ဆိုတာ အေးမြသလောက်လည်း စူးရှပါသေ တယ်။ အလျားအနံ မရှိပေမယ့်. . အသွားအပြန်ရှိတာလည်း မေတ္တာ ပါပဲ။

“သွားပြီ အဘွားရေ. . .”

နောက်နေ့တွေမှာ အဘွားကို သူ ဒီလိုမှနှုတ်ဆက်နိုင်ပါဦး မလား. .

ညီထိုက်သည် မမြင်ရသေးတဲ့ အားပြိုင်မှုတစ်ခုအတွက် မြင်း ကားလေးကို မောင်းပြီး ထွက်လာခဲ့ပြီဖြစ်သည်။

♦





လင်းညိုတို့တိုက်ကြီးက တိတ်ဆိတ်နေသည်။

ဒီကောင်. . အလကားကောင်ပဲ. . သူ့ကောင်မလေးကို ချစ် တယ်ဆိုပြီး အိမ်တွင်းပုန်းမင်းသားလုပ်နေတယ်။ အမေကို ကြောက် လို့ မလွန်ဆန်နိုင်တဲ့ သားလိမ္မာလေးတွေ တန်းစီဆိုရင် ဒီကောင်က ပထမရမှာ သေချာသည်။

အမြင်ကတ်တာကတော့ တော်တော့ကို ကတ်သည်။ ဒါပေ မယ့် ဒီနေ့တော့ ဒီကောင့်ကို မပါ ပါအောင် သူခေါ်ရတော့မည်။

ညီထိုက်သည် မနေ့က သူ ကြံစည်ထားသည့်အတိုင်း လင်း ညိုတို့အိမ်နံဘေးက လှေကားကိုအားပြုကာ အပေါ်ထပ်သို့တက်လာ ခဲ့သည်။ လှေကားထိပ်က တံခါးကို မနေ့က သူ ဖွင့်ခဲ့တာ ဆိုတော့ အသာလေးတွန်းပြီး ဝင်လိုက်ရုံပင်။ လူတစ်ယောက်မှ မရှိတာတော့ ထူးဆန်းနေသည်။

ညီထိုက်က ခြေကိုဖွနင်းကာ လင်းညိုအခန်းတံခါးကို အသာ လေး ဖွင့်လိုက်တယ်ဆိုရင်ပဲ. .

“သူခိုး. . သူခိုး. . ကျွန်မအိမ်ထဲ ကျော်ဝင်လာတာ. . အဲဒီ သူခိုးပဲ၊ ဖမ်းပေးပါရှင်. . ဒီကောင် မနေ့ကလည်း ကျွန်မအိမ်ထဲ ဝင် လာလို့ ကျွန်မသားကို ဆေးရုံတင်ထားရတယ်”

ဟင်. . အဘွားကြီးရဲ့ထောင်ချောက်ထဲကို သူ ဆင်းမိပါပ

ကောလား. . ရဲတွေ တက်လာတာမြင်တော့ ညီထိုက် ဘာမှမစဉ်းစားတော့ဘဲ သူတက်လာသည့်လှေကားမှ အောက်သို့ ဒရောသောပါးပြေးဆင်းကာ ခြံစည်းရိုးကို ခုန်ကျော်ပြီး ထွက်ပြေးခဲ့ရသည်။

ပြေးတာမှ တကယ့်. . ခွေးပြေးဝက်ပြေး။

သူ အမိခံလို့မဖြစ်သေးဘူး။ သူ အဖမ်းခံလိုက်လျှင် အသဉ္ဈေကို ဘယ်သူကူညီမှာလဲ။

လမ်းထိပ်မှာ ရပ်ထားခဲ့သည့် ပြိုင်ကားပေါ် ရောက်တော့. . ကမ္ဘာ့ကားမောင်းချန်ပီယံပင် အရှုံးပေးရလောက်အောင် ကားကို တရကြမ်းမောင်းထွက်လာခဲ့သည်။

သူ ဘယ်ကိုသွားရမှာလဲ? လင်းညိုက ဘယ်မှာလဲ?

အဘွားကြီးက ဆေးရုံမှာလို့ ပြောတာပဲ။ သူ့ကိုများ လှည့်ကွက်ဆင်ပြန်ပြီလား. .

စိတ်ထဲက မယုံပေမယ့် သူ့ကားက ဆေးရုံကို ဦးတည်နေပြီ။ ဒီကားကို လူတွေမသိအောင် တစ်နေရာမှာရပ်ထားခဲ့ပြီးမှ အလစ်မှာ သူ ဆေးရုံကိုဝင်မည်။ လင်းညိုကို ရအောင်ခေါ်မည်။ အေးအေးဆေးဆေးခေါ်လို့ရရင်ရ မရရင် ဆွဲထိုးပြီး ထမ်းခေါ်လာဖို့ပဲ ရှိသည်။ သန်းခေါင်ထက်တော့ ညဉ့်မနက်နိုင်တော့ပါဘူးလေ. .

လင်းညိုအနားမှာ ဟိုနှစ်ကောင်က အမြဲရှိနေသည်။





ညီထိုက်က ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ အခြေအနေကို အကဲခတ်နေသည်။ ညနေ ဆရာဝန် round လှည့်ချိန် ရောက်တော့ လူနာစောင့်တွေ အပြင်ထွက်ပေးကြရသည်။ တစ်ယောက်က အိမ်သာထဲဝင်သွားပြီး နောက်တစ်ယောက်က ဆေးရုံအပြင်ဘက်ကို ထွက်သွားတာ တွေ့ရသည်။

အဲဒီအခွင့်အရေးကို သူ အမိအရဆုပ်ကိုင်ပြီး လင်းညိုဆီ ဝင်လာခဲ့သည်။

"လင်းညို. . အသဉ္ဈေ စောင့်နေတယ်၊ ဒီညက သူ့အတွက် နောက်ဆုံးပဲ. . ကျေးဇူးပြုပြီး ခင်ဗျားလိုက်ခဲ့ပေးပါလား"

"ခင်ဗျား လာပြန်ပြီလား. . မနေ့ကလည်း ကျုပ်အိမ်အထိ လာပြီး ပေါက်ကရတွေ လျှောက်ပြောသွားတယ်. . လာရှီးမနေနဲ့. . အသဉ္ဈေ ဘာမှမဖြစ်ဘူး. . ကျုပ်အမေ အားလုံးပြောပြပြီးပြီ၊ ခင်ဗျား အခုထွက်သွားရင် ကောင်းမယ်နော်"

ညီထိုက်က လင်းညိုအနား ဝင်ထိုင်ကာ

"ကျွတ်. . ကျွတ်. . အမေစကား အတော်နားထောင်တဲ့. . သားလိမ္မာလေးပဲ. . လူတစ်ယောက်လုံး သေသွားတာတောင် မသေဘူးလို့ ပြောင်လိမ်ဝံ့တဲ့ ခင်ဗျားအမေကိုတော့ လက်လန်တယ်ဗျာ. . ကဲ. . အချိန်သိပ်မရှိဘူး. . အသဉ္ဈေက နောက်ဆုံးအနေနဲ့ မှာလိုက်

တယ်. . ဒီအင်္ကျီကလေးကိုတော့ ခင်ဗျား ကောင်းကောင်းသိပါတယ်တဲ့. . . ”

လင်းညိုလက်ထဲ အသင်္ချေပေးလိုက်တဲ့ အင်္ကျီလေးကို ထည့်ပေးလိုက်တော့. . ဒီကောင့်မျက်နှာ ဖွေးဆွတ်ကာ သွေးဆုတ်သွားပုံသည်။

“ဒီ. . ဒီအင်္ကျီ ခင်ဗျား ဘယ်က ရလာတာလဲ”

ညီထိုက်က ပခုံးနှစ်ဖက်ကိုတွန့်ပြကာ

“အသင်္ချေ ပေးလိုက်တာလေ. . ခင်ဗျားဟာခင်ဗျား ယုံချင်ယုံ၊ မယုံချင်နေ. . ဒါ. . ခင်ဗျားအပိုင်းပဲ၊ အသင်္ချေ့ကို ကျုပ် ကူညီမယ်လို့ ကတိပေးထားတာ နှစ်ခုရှိတယ်၊ တစ်ခုက သူ့ကို ကားနဲ့တိုက်တဲ့သူကိုဖော်ထုတ်ပေးဖို့. . အခု အဲဒီလူ ဖမ်းမိသွားပြီ၊ နောက်တစ်ခုက ခင်ဗျားကို ခေါ်လာပေးဖို့ သူ. . ခင်ဗျားကို တကယ်စောင့်နေတာပါဗျာ. . လိုက်ခဲ့ရင် ခင်ဗျား ယုံသွားမှာပါ”

လင်းညိုက အပြင်ဖက်ကို လှမ်းကြည့်သည်။ မြင့်ထွေး အိမ်သာမှပြန်လာတာကို သူတွေ့သွားပုံရသည်။

လက်မှာသွင်းလက်စ dripပိုက်နဲ့အပ်ကို ဆွဲဖြုတ်ကာ ဆုံးဖြတ်ချက်ကို အခိုင်အမာချလိုက်ပုံပေါ်သည်။

“သွားမယ်. . ဟိုမှာ လာနေပြီ”





ဆိုပြီး ညီထိုက်ကို ပြောကာ နှစ်ယောက်သား အခန်းထဲမှ ခိုးကြောင်ခိုးဝှက်ထွက်ခဲ့ကြလေသည်။

အချိန်က ညနေ. .

အေးလည်း တော်တော်အေးနေပြီ. .

ယူထားရတဲ့တာဝန်တစ်ခု. .

ပေးခဲ့ဖူးတဲ့ ကတိတစ်ခုအပေါ်မှာ

သူ တာဝန်ကျေတော့မည်ထင်သည်။

ဒီနေ့ညမှာ

မင်းရဲ့ကိုကိုလင်းညိုကို

မင်းဆီ ခေါ်လာခဲ့ပြီ အသင်္ချေ. .

ဒါပေမယ့် မင်းငိုမှာလည်း

ငါ ကြိုသိနေလေရဲ့။

♦

ညီထိုက်ရဲ့ပြိုင်ကားလေးက ဟိုင်းဝေးလမ်းပေါ်ကို ရောက်တာနှင့် ဘေးမှာ ပါလာတဲ့ လင်းညိုကို အစာမကြေဖြစ်လာသည်။

ဒါ. . သူတစ်ယောက်တည်းရဲ့ခံစားချက်. . ဖြစ်ကောင်း ဖြစ်လိမ့်မည်။

၂၈မိုင်နား နီးလာလေ. . သူ့စိတ်တွေက ပိုပြီး ခက်ထန်လာလေ ဖြစ်နေသည်။ မှိန်ပျနေတဲ့ မီးရောင်လေးတွေက ဟိုးအဝေးကြီးမှာ. . .

အမှန်တော့. . အသချော် ဆုံးခဲ့ရတဲ့နေရာလေးဟာ မှောင်အတိကျပြီး ညအချိန်တွေဆို. . ချောက်ချားစရာ အင်မတန်မှကောင်းလေသည်။ ဒီလိုနေရာမျိုးမှာ နုနယ် ငယ်ရွယ်တဲ့ ကောင်မလေးတစ်ယောက်ကို တစ်ယောက်တည်းစောင့်ခိုင်းရက်တဲ့ သူ့နံဘေးကကောင်ကိုသာ စိတ်ရှိလက်ရှိဆွဲထိုးပစ်ဖို့ ကောင်းလေသည်။

ဘာကို မကျေနပ်လို့ ဘာတွေပေါက်ကွဲနေသလဲဆိုတာ သူကိုယ်တိုင်ပင် မသိနိုင်တော့ပါ။ အသချော်စောင့်နေကျ နေရာလေးမှာ ကားကို ရပ်ပစ်လိုက်သည်။

"ကျွိ. . ."

ကားဘရိတ်အုပ်သံ အကျယ်ကြီး ထွက်ပေါ်လာသည်။

ညီထိုက်မျက်လုံးတွေက အမှောင်ထဲမှာ စိမ်းညို့နေသည်။





အံကိုတင်းတင်းကြိတ်ပြီး သွားကြားကထွက်လာတဲ့လေသံက မာကျောပြီး အေးစက်နေသည်။

"ဒီနေရာကို ခင်ဗျား ကောင်းကောင်းသိမှာပေါ့"

လင်းညိုက သူ့ကို ပြန်မေးသည်။

"ဒါ. . ဘယ်နေရာလဲ"

ညီထိုက် ပိုပြီးဒေါသထွက်လာသည်။

"ဒီနေရာမှာ အသချော် သေရမယ် လို့. . ခင်ဗျားကိုယ်တိုင် သတ်မှတ်ပေးခဲ့တာလေ. . သူ အဲဒီနေရာမှာ ဆုံးသွားတာ၊ အဲဒီနေရာမှာပဲ ခင်ဗျားအလာကို မျှော်နေတာ"

ညီထိုက်ပြောသမျှကို လက်ခံယုံကြည်ဖို့ ခက်ခဲနေပုံရတဲ့. . လင်းညိုက ခါးခါးသီးသီးပင်

"ကျွန်တော်က ခင်ဗျားပြောသမျှယုံပါ့မယ်လို့ တစ်ခါမှ ကတိမပေးခဲ့ဖူးဘူးနော်. . ခုချိန်ထိလည်း ကျွန်တော် မယုံသေးဘူး"

မယုံသေးဘူးတဲ့. . ဒီသူတောင်းစားက မယုံသေးဘူးဆိုပဲ။

ကားရှေ့မှာရပ်ပြီး သူမချစ်သူကို ငေးငေးလေးကြည့်နေတဲ့ အသချော့်ကို သူတွေ့နေရပြီ။ အဲဒီတော့ သူ ပိုပြီး ဒေါသတွေ ထွက်ရသည်။

"ဆင်းလေ. . ဘာလုပ်နေတာလဲ"

လင်းညိုကို ကားပေါ်မှဆင်းလာရန် ခေါ်ပြီး ကားတံခါးဖွင့်ကာ သူ အရင်ဆင်းသည်။

လင်းညိုက လုံးဝမဆင်းဘဲ ပေကပ်ကပ်နိုင်စွာ -

“လူလိမ် - ခင်ဗျားက လူလိမ်ပဲ၊ ခင်ဗျားပြောတော့ အသင်္ချေကျုပ်ကို စောင့်နေတယ်ဆို. . အခု သူဘယ်မှာလဲ”

ညီထိုက်က ကားတံခါးကို ဝုန်းခနဲ ပိတ်ကန်ရင်း ပေါက်ကွဲသည်။

“ဟိုမှာလေ. . ကားရှေ့မှာ ရပ်နေတာ ခင်ဗျားမမြင်ဘူးလား၊ သူ့ခမျာ ဒီနေရာလေးမှာ ခင်ဗျားအလာကို စောင့်နေရတာ၊ ခင်ဗျားဆင်းပြီး တစ်ခုခုတော့ ပြောသင့်တယ်လေဗျာ. . လူစိတ်ရှိရင်ပေါ့”

“ရှင်းရှင်းပဲ ပြောပါဗျာ. . ခင်ဗျား ကျုပ်ကို ပြန်ပေးဆွဲလာတာ မဟုတ်လား”

လင်းညိုစကားကြောင့် ညီထိုက် တော်တော်တင်းလာသည်။

“မင်း ငါ့စေတနာကို မစော်ကားနဲ့ကွ. . အသင်္ချေကို သနားလို့ ငါကူညီနေတာ. . သူ ဘဝကူးကောင်းဖို့အတွက် ငါလုပ်နိုင်သမျှ လုပ်ပေးနေတာ”

သူတို့နှစ်ယောက် အခြေအတင် ဖြစ်နေတာကို တွေ့ပြီး. . အသင်္ချေ ငိုနေသည်။





ကောင်မလေး မျက်ရည်ကျတာကိုတွေ့ပြီး ညီထိုက် အရမ်း စိတ်မကောင်းဖြစ်သွားသည်။

ညီထိုက်က အသင်္ချေ့နားမှာ သွားရပ်ပြီး

“အသင်္ချေ. . ညီမလေး. . မငိုပါနဲ့ကွာ၊ ညီမလေးချစ်သူက ညီမလေး ဒီနေရာမှာရှိနေတာကိုမယုံလို့ အောက်မဆင်းဘူးတဲ့. . သူဆင်းလို့ရအောင် ညီမလေးက တံခါးဖွင့်ပေးလိုက်ပါဦး”

လင်းညို ထိုင်နေတဲ့ဘက်က ကားတံခါးက auto ပွင့်လာလေသည်။

လင်းညို ဒီတစ်ခါတော့ တော်တော် အံ့သြသွားပုံ ရသည်။ ကားပေါ်မှဆင်းလာလေသည်။ ဒါပေမယ့် သူ ဘာမှတွေ့ပုံမရ။ သူ့မျက်လုံးတွေက တစ်စုံတစ်ယောက်ကို အသည်းအသန်လိုက်ရှာနေပုံရသည်။

ညီထိုက်က

“ခင်ဗျားရှေ့မှာ သူငိုနေတယ်”

“အသင်္ချေ ဆုံးတာ ကျွန်တော် ခုထိ မယုံနိုင်သေးဘူး ကိုညီထိုက်”

“ခင်ဗျား ယုံတာတွေ မယုံတာတွေ လာပြီး စာဖွဲ့နေရမယ့်အချိန် မဟုတ်ဘူး. . ဒီညက နောက်ဆုံးပဲ. . မနက်ဖြန် သူ့ရက်လည်၊

သူ တခြားဘဝတစ်ခုကို သွားရတော့မယ်. . ခင်ဗျားအကူအညီ မပါဘဲ သူ သွားလို့မရဘူး. . သူ့ကို သနားရင်၊ သူ့ကို တကယ်ချစ်ခဲ့ရင် သူ အသွားဖြောင့်အောင် တစ်ခုခုတော့ ပြောပေးပါ"

အသချော့မျက်လုံးတွေက ဆွေးညို့နေသည်။

"အစ်ကို. . သူနဲ့ညီမ အနီးဆုံးမှာရှိနေပေမယ့် ဘဝခြားလို့ အဝေးဆုံးဖြစ်သွားပြီဆိုတာ ညီမ နားလည်လက်ခံလိုက်ပါပြီ၊ နောက်ဆုံးအနေနဲ့ ညီမ ဒီမှာရှိတာ သူ ယုံသွားအောင် သက်သေပြပေါ့မယ် သူက ညီမကို မမြင်ဘူးလေ. . အစ်ကိုက ညီမအစား သူ့ကိုပြောပေးပါ. . သူနဲ့ကျွန်မရဲ့အမှတ်တရကဗျာလေးကို တစ်ယောက်တစ်လှည့် ရွတ်ကြမယ်လို့"

"ကောင်းပြီလေ"

ညီထိုက်က လင်းညိုကိုကြည့်ပြီး

"ဟေ့လူ. . အသချော့က ခင်ဗျားနဲ့သူ့ရဲ့ အမှတ်တရကဗျာလေးကို တစ်ကြောင်းစီရွတ်ကြမယ်လို့ ပြောနေတယ်. . သူ အရင်ဆိုပြမယ်တဲ့"

လင်းညိုက ခုချိန်ထိ မယုံမရဲဖြင့် ကြည့်နေသေးသည်။

အသချော့က ကဗျာလေးကို စပြီး ရွတ်ပြသည်။ ညီထိုက်က တစ်ဆင့်ပြန်ပြီး ရွတ်ပြရသည်။

ဆောင်းညဖြာ သို့စာပေ



(ကဗျာရွတ်သံ)

* အဲဒီနေ့က ကောင်းကင်မှာ. .

လင်းညိုက နောက်တစ်ကြောင်း ဆက်ပြီးဆိုသည်။

* မိုးရိပ် မရှိဘူး သာယာနေတယ်. .

အသချော့ဆီက စကားသံကို ညီထိုက်က တစ်ဆင့် ဆိုပြန်သည်။

* အဲဒီနေ့က လရိပ်ပြာမှာ

လင်းညိုက ဆက်ပြီး

* ကြယ်တွေ မခဘူး အဖော်မဲ့နေတယ်. . .

အသချော့ ဆက်ဆိုတဲ့ ကဗျာလေးကို ညီထိုက်က ပြောပြန်သည်။

* အချစ်ကို မက်မောရမှန်းမသိခဲ့ဘူး

လင်းညို မျက်နှာပျက်ချင်လာသည်။ဒါပေမယ့် အားတင်းပြီး

* အခုတော့ မင်းကြောင့်

အသချော့က ဆက်ဆိုသည်။ ညီထိုက်က

* အချစ်ဆီမှာ ငါ ဒူးထောက်

လင်းညိုက

* သူဖန်ဆင်းသမျှ ငါ့ဘဝ. .

ဆောင်းညဖြာ သို့စာပေ

အသခ်ျေက

* အချစ်တစ်ခုသာ ငါတမ်းတ

လင်းညိုမျက်နှာ လုံးဝမကောင်းတော့. . အသံတွေပါ တုန်လာသည်။

* ဘယ်ဘဝရောက်ရောက်

အသချေ်က ဝမ်းနည်းစွာ မျက်ရည်များကြားမှ

* တစ်ယောက်ကိုတစ်ယောက် စောင့်ကြေး. .

အဲဒီနေရာအရောက်မှာတော့ လင်းညိုသည် ငိုပြီး ဒူးထောက်ကာ လဲပြိုကျသွားပါသည်။ ပြီးတော့ အံ့ရှုးတစ်ယောက်လို ဆောက်တည်ရာမဲ့စွာ

"ကလေး. . ကိုကို ယုံပါပြီကွာ. . ဆက်မပြောပါနဲ့တော့"

လို့ ပြောပြီး ရှိုက်ကြီးတငင်ငိုနေသည်။ အသချေ်လည်း နားကျင်ကြေကွဲပုံရသည်။ ငိုနေတဲ့ သူမချစ်သူရဲ့ပခုံးလေးကို လှမ်းကိုင်ဖို့ ကြိုးစားရှာသည်။ ဒါပေမယ့် မအောင်မြင်ပါ။

သူတို့နှစ်ယောက်ကို ကြည့်ပြီး ညီထိုက်မှာ မျက်ရည်လည်လာသည်။ စိတ်ကို အနိုင်နိုင်ထိန်းနေတဲ့ကြားက. . မခံနိုင်တော့တဲ့ အဆုံး တစ်ဖက်သို့လှည့်ပြီး မျက်ရည်ကျရသည်။

ဒါကို အသချေ် သိပုံရသည်။

*ဆောင်းညပြာသိစာလေ*



"ကျေးဇူးတင်ပါတယ် အစ်ကို. . . နောင်ဘဝမှာ ပြန်ဆုံခွင့်ရမယ်ဆိုရင် အသချေ်လေ. . အစ်ကို့ရဲ့ညီမလေး ဖြစ်ချင်ပါတယ်. . ကိုကိုလင်းညိုကိုပြောပေးပါနော်. . အသချေ့်ကို မေ့ပစ်ပြီး ကျန်းကျန်းမာမာနဲ့ ပျော်အောင်နေပါလို့. . ဒါမှ အသချေ် အသွားဖြောင့်မှာပါ"

ညီထိုက်က စီးကျလာတဲ့မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး

"စိတ်ချပါ ညီမလေးရယ်. . သူ နားလည်မှာပါ"

"အစ်ကို့ကို ညီမလေး ကန်တော့ခဲ့ပါတယ်. . ညီမလေး သွားတော့မယ်နော်"

ညီထိုက် ရင်ထဲမှာဆို့လာသည်။ ငိုသံမပါအောင် အနိုင်နိုင်ထိန်းပြီး

"နောင်ဘဝ. . ဘဝတွေမှာ ငါ့ညီမလေး ခုလိုမျိုး ကြေကွဲရဘဲ့အဖြစ်ဆိုးက ကင်းဝေးပါစေ. . ချစ်တဲ့သူနဲ့ ပေါင်းဖက်ရပါစေလို့ အစ်ကို ဆုတောင်းပေးပါတယ်"

အသချေ်. . လင်းညိုကို တစ်ချက်ကြည့်ပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

"သူ သွားပြီ ကိုလင်းညို"

ညီထိုက် ပြောပြတော့ လင်းညိုက ပိုပြီး ဝမ်းနည်းလာပုံရသည်။

*ဆောင်းညပြာသိစာလေ*

ဟိုင်းဝေးလမ်းက လိပ်ပြာဖြူ - ၁၈၄

"ကျွန်တော် တကယ်မသိခဲ့ဘူး. . သူ့ကို ကျွန်တော် တောင်းပန်ရဦးမယ်လေ. . သူ့ကို ပြန်ခေါ် ပေးပါဗျာ"

လုံးဝအရှူးတစ်ပိုင်းဖြစ်နေတဲ့ လင်းညိုကို ညီထိုက်က ဆွဲထူပေးပြီး နှစ်သိမ့်စကားဆိုသည်။

"သူ ခင်ဗျားကိုမှာခဲ့သလို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်အောင် ကြိုးစားပေါ့ဗျာ. . ဒါဆို သူ ကျေနပ်နိုင်မှာပါ"

အပြန်လမ်းမှာတော့ နှစ်ယောက်လုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်တိတ်ဆိတ်နေသည်။

♦



## Day...7 (ရက်လည်)

### 1.12.2012

အသင်္ချိုင်းတို့ရဲ့ ခြံဝိုင်းကလေးရှေ့ကို ညီထိုက်နှင့် လင်းညိုရောက်လာကြသည်။ လင်းညိုရဲ့ပုံသဏ္ဍာန်က နွမ်းဖတ်နေသလို သူ့ကိုယ်သူ အနိုင်နိုင်အားတင်းထားပုံရသည်။

ဒါကိုရိပ်မိနေတဲ့ ညီထိုက်က ဖေးဖေးမမပင် လင်းညိုရဲ့ပခုံးကိုဖက်ပြီး အားပေးလိုက်ရသည်။

"ကိုလင်းညို. . အားတင်းထားပါဗျာ. . ဒီနေ့က အသင်္ချိုင်းအတွက် အရမ်းကိုအရေးကြီးနေလို့ပါ. . ကျွန်တော် အသင်္ချိုင်းသူငယ်ချင်းမလေးကို မေးထားပြီးပါပြီ၊ မနက် ဆယ်နာရီကျရင် ဆရာတော်ဘုရားတွေ ကြွလာမယ်တဲ့. . ကျွန်တော်တို့ တရားနာပြီး သူ့အတွက် အမျှအတန်းပေးဝေရအောင်"

"မယုံမဖြစ်လို့သာ ယုံလိုက်ရတယ်ဗျာ၊ ကျွန်တော့်တစ်ကိုယ်လုံး လေထဲမှာလွင့်နေသလိုပဲ. . ဖြစ်ချင်တာတွေလည်း ဘာတစ်ခုမှ

မရှိတော့ဘူး ကိုညီထိုက်၊ ခင်ဗျားသာ ဝင်ပြီး မကူညီပေးဘူးဆိုရင်. . ကျွန်တော် သူ့ကို နှုတ်ဆက်ခွင့်တောင်ရမှာ မဟုတ်ဘူးနော်၊ ကျေးဇူး အရမ်းတင်ပါတယ်ဗျာ"

လင်းညိုကိုတွေ့တော့ အသင်္ချေရဲ့အစ်ကို ကိုပေါက်က အိမ်ထဲမှပြေးထွက်လာပြီး အပြုံးတကြီးဖြင့် ဆွဲထိုးလေသည်။

"ဒီနေရာက မင်းနဲ့ဘာဆိုင်လို့လဲကွ. . လူယုတ်မာ၊ မင်းကို ငါသေအောင်သတ်ပြီးမှ ကြိုးစင်တက်မယ်. . မင်းကြောင့် ငါ့ညီမလေး သေရတာ. . မင်းလိုကောင်ကို ငါ အရှင်မထားဘူးကွ"

ဒေါသစိတ်ကြောင့် ကိုပေါက် အားသန်နေသည်။ လင်းညို လည်ပင်းကို ညှစ်ထားလိုက်တာများ အသေအကြေပင်. . . လင်းညို အသက်ရှူလို့မရတော့။ ကြာရင် သေသွားနိုင်သည်မို့ ညီထိုက်က ဝင် ပြီး တားသည်။

"ဟေ့လူ. . တော်ပါတော့ဗျာ. . ဒီလောက်လုပ်ရရင် ကျေနပ် ပါတော့. . သူ့ကို ကျွန်တော်ခေါ်လာတာပါ၊ အသင်္ချေ့အတွက် အမှု အတန်းပေးဝေချင်လို့ ခွင့်ပြုပါဗျာ"

ကိုပေါက်ရဲ့ဒေါသက သူ့ဘက်ကိုလှည့်လာသည်။

"မင်းက ဘာကောင်လဲ၊ ဒီကောင့်အကြောင်း ဘယ်လောက် သိလို့ ဒီကိုခေါ်လာရတာလဲ"





"သူက စွဲမြတ်ပြောထားတဲ့ ကိုညီထိုက်ပဲ ကိုပေါက်၊ အသင်္ချေ့ ကို သူကူညီပေးနေတာ"

စွဲမြတ် အချိန်မီရောက်လာပြီး ဝင်ရှင်းပြလို့သာ တော်တော့ သည်။ နို့မို့ဆို ဟိုလူက သူ့ကိုပါ ဆွဲထိုးတော့မှာ. .

အခုတောင်မှ လင်းညိုကို မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေး လိုက်သည်။

လင်းညို တော်တော်ခံလိုက်ရသည်။ကိုပေါက်က သူ့ကိုအား ဘုံ့အားနာဖြင့် ကြည့်လာကာ

"sorryပဲဗျာ. , ကျွန်တော့်ညီမလေးအတွက်. . ကျွန်တော် ပေါက်ကွဲသွားလို့ပါ"

"ရပါတယ်ဗျာ. . မသိလို့မှားကြတာပဲ. . တစ်လက်စတည်း ကျွန်တော် တောင်းပန်ချင်တာက ခင်ဗျား ကိုလင်းညိုကို ခွင့်လွှတ်ပေး လိုက်ပါ. . သူ့မှာ အပြစ်မရှိပါဘူး. . အသင်္ချေဆုံးတာတောင် သူ့ခမျာ ဘာမှသိရှာတာ မဟုတ်ဘူး၊ ပြီးတော့. . "

ညီထိုက်က သူ့စကားကို ရပ်ပြီး ခြံထောင့်က ဆိတ်ဖလူးပန်း ပင်အောက်ကို စိတ်မကောင်းခြင်းကြီးစွာဖြင့် ကြည့်ကာ

"ဟိုး. . မှာ. . အသင်္ချေ ရပ်ပြီးကြည့်နေတယ်. . သူက သူ့ ကိုကိုလင်းညိုကို သိပ်ပြီးချစ်ရှာတာ. . ကိုပေါက်ညီမလေးရှေ့မှာ သူ့

ချစ်သူကို ထိုးကြိတ်နေရင် သူ နောင်ဘဝကို စိတ်ဖြောင့်ဖြောင့်နဲ့ သွား နိုင်မှာ မဟုတ်ဘူး"

ကိုပေါက်က ဆိတ်ဖလူးပင်အောက်ကို ပြေးသွားပြီး အရူး တစ်ယောက်လို အော်ဟစ်နေသည်။

"ညီမလေး. . ညီမလေးရေ. . ကိုကိုနဲ့မေမေ့ကို ဘာဖြစ်လို့ အစောကြီးခွဲသွားရတာလဲကွာ. . . ကိုကိုတို့သားအမိနှစ်ယောက် ညီ မလေးကို အမြဲလွမ်းနေမှာ၊ ညီမလေး ဘယ်ဘဝရောက်ရောက် ကိုကို တို့ အမြဲသတိရနေမယ်နော်. . ညီမလေး. . ညီမလေးရေ ကိုကိုပြော တာ ကြားတယ် မဟုတ်လား. . အီး. . ဟီး. . "

ကိုပေါက်က မျက်ရည်တွေနဲ့ အော်ပြီးငိုနေသည်။ အသင်္ချေ မျက်နှာလေး ညှိုးငယ်နေသည်။

ကောင်မလေးရယ်. . . မင်း မငိုပါနဲ့တော့ကွာ. . မင်းချစ်တဲ့ သူတွေအားလုံးကို ထားခဲ့ရလို့ မင်း ဝမ်းနည်းနေတာ အစ်ကို သိပါ တယ်. . ဒါပေမယ့် မင်းမျက်ရည်တွေကို ငါ မကြည့်ရက်တော့ဘူး။

စွဲမြတ်လည်း ငိုနေသည်။ လင်းညိုက အံကိုတင်းတင်းကြိတ် ပြီး မျက်ရည်တွေ စီးကျနေသည်။ ထိုစဉ် အိမ်ထဲက တစ်ယောက်လှမ်း အော်တာ ကြားလိုက်ရသည်။

"ဟိုမှာ ဘုန်းကြီးတွေ ကြွလာပြီ"





ညီထိုက်. . အသင်္ချေ့နားမှာရပ်ကာ တိုးတိုးလေး ပြောလိုက် သည်။

"ညီမလေး. . တရားလာနာနော်. . ပြီးရင် ဝမ်းမြောက်ဝမ်း သာနဲ့ သာဓုခေါ်ပြီး ဘဝသစ်တစ်ခုကို သွားပါတော့. . ဘာမှ. . အစွဲ မထားနဲ့တော့. . ကြားလား၊ အစ်ကိုတို့အားလုံးက သေလူတွေပဲ. . တစ်နေ့ကျရင် ဒီလမ်းကို အားလုံးသွားကြရမှာ"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အမေ့ကို ဂရုစိုက်ဖို့ ကိုပေါက် ကို ပြောပေးပါနော်. . စွဲမြတ်ကိုလည်း ညီမလေး နှုတ်ဆက်ပါတယ်"

ညီထိုက်က ခေါင်းညိတ်ပြလိုက်သည်။ စွဲမြတ်နဲ့လင်းညိုက

"ကိုညီထိုက်. . သူ. . သူ ဘာပြောနေတာလဲဟင်"

သိချင်စိတ်ကြီးစွာ ဝိုင်းမေးကြသည်။

"သူ အားလုံးကိုနှုတ်ဆက်နေတာ. . ကဲ. . လာပါ၊ အားလုံး တရားနာရအောင်"

ဆရာတော်ငါးပါးက နေရာယူကြပြီး တရားနာမည့် ဧည့်ပရိ သတ်တွေ နေရာယူကြသည်။

ရှေ့ဆုံးမှာ အသင်္ချေ့မေမေရယ်၊ ကိုပေါက်ရယ်၊ သူရယ်၊ လင်းညိုရယ် ထိုင်ပြီး. . လင်းညိုနံဘေးမှာ နေရာတစ်နေရာ သီးသန့် ထားပေးထားသည်။ အသင်္ချေ့အတွက်ပေါ့။

အသခ်ျေ ဝင်ထိုင်တာကို သူတွေ့သည်။ အဲဒီအတွက် ရင်ထဲမှာ ဖော်မပြနိုင်အောင် ဝမ်းသာသွားသည်။

ငါးပါးသီလခံယူပြီးနောက် ဆရာတော်ဘုရားမှ

"လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးရက်. . ဆယ့်တစ်လ. . နှစ်ထောင့်ဆယ့်နှစ်က ဘဝဟောင်းကိုစွန့်၍ ဘဝသစ်သို့ ကူးပြောင်းသွားသော မအသခ်ျေ. . အသက် ဆယ့်ရှစ်နှစ်သည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကို ရပါစေခြင်း၊ ရောက်ပါစေခြင်းအကျိုးငှာ ဆိုပြီးတော့ ကျန်ရစ်သောမိသားစုနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းက သေသူကို အကြောင်းပြု၍ အားလုံးရေစက်သွန်းချ အမျှအတန်းပေးဝေကြရအောင်. . လိုက်ဆို. . အရှင်ဘုရား. . "

"အရှင်ဘုရား"

"ဘုရားတပည့်တော် တပည့်တော်မတို့ဂသည်"

"ဘုရားတပည့်တော် တပည့်တော်မတို့သည်"

"ဘုရားဂုဏ်"

"ဘုရားဂုဏ်"

"တရားဂုဏ်"

"တရားဂုဏ်"

"သံဃာဂုဏ်ကို ရည်မှန်း၍. . "





"သံဃာဂုဏ်ကို ရည်မှန်း၍. . "

"သရဏဂုံသုံးပါးနှင့်တကွ. . "

"သရဏဂုံသုံးပါးနှင့်တကွ. . "

"အင်္ဂါငါးပါးနှင့်ပြည့်စုံသော. . "

"အင်္ဂါငါးပါးနှင့်ပြည့်စုံသော. . "

"သီလတော်မြတ်ကို. . "

"သီလတော်မြတ်ကို. . "

"ကျင့်သုံးခံယူဆောက်တည်ပါ၏ အရှင်ဘုရား"

"ကျင့်သုံးခံယူဆောက်တည်ပါ၏ အရှင်ဘုရား"

"ထိုမှတစ်ပါး. . "

"ထိုမှတစ်ပါး. . "

"ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး. . . "

"ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး. . . "

"ပြည့်စုံစွာ. . "

"ပြည့်စုံစွာ. . "

"ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား"

"ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား"

"သဗ္ဗဝတ္ထုအစုစုတို့ကို. . "

"သဗ္ဗဝတ္ထုအစုစုတို့ကို. ."

"ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား. ."

"ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား. ."

"ထိုမှတစ်ပါး. ."

"ထိုမှတစ်ပါး. ."

"မအသချေ်သည် ရောက်ရာဘဝ. . ရောက်ရာဌာန၌"

"မအသချေ်သည် ရောက်ရာဘဝ. . ရောက်ရာဌာန၌"

"လူ၊ နတ်၊ နိဗ္ဗာန်. ."

"လူ၊ နတ်၊ နိဗ္ဗာန်. ."

"သုံးတန်သော ချမ်းသာမြတ်ကို"

"သုံးတန်သော ချမ်းသာမြတ်ကို"

"ရပါစေခြင်း၊ ရောက်ပါစေခြင်း. ."

"ရပါစေခြင်း၊ ရောက်ပါစေခြင်း. ."

"အကျိုးငှာ. ."

"အကျိုးငှာ. ."

"ဘုရားတပည့်တော်. . တပည့်တော်မတို့သည်. ."

"ဘုရားတပည့်တော်. . တပည့်တော်မတို့သည်. ."

"ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း. ."





"ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း. ."

"ယုံကြည်၍. ."

"ယုံကြည်၍. ."

"လှူဒါန်းကြပါကုန်၏ အရှင်ဘုရား. ."

"လှူဒါန်းကြပါကုန်၏ အရှင်ဘုရား, ."

"ထိုကောင်းမှုကံ စေတနာတို့၏. ."

"ထိုကောင်းမှုကံ စေတနာတို့၏. ."

"အဖို့ဘာဂကို. ."

"အဖို့ဘာဂကို. ."

"ကြွရောက်လာသော ဧည့်ပရိသတ်တို့အား. ."

"ကြွရောက်လာသော ဧည့်ပရိသတ်တို့အား. ."

"သစ္စာထား၍. ."

"သစ္စာထား၍. ."

"ကိုယ်စောင့်နတ်"

"ကိုယ်စောင့်နတ်"

"အိမ်စောင့်နတ်"

"အိမ်စောင့်နတ်"

"ဝင်းစောင့်နတ်"

"ဝင်းစောင့်နတ်"

"လမ်းစောင့်နတ်"

"လမ်းစောင့်နတ်"

"အစရှိသော. ."

"အစရှိသော. ."

"နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့နှင့်တကွ"

"နတ်မြတ်၊ နတ်ကောင်း၊ နတ်အပေါင်းတို့နှင့်တကွ"

"ဘဝဟောင်းကို စွန့််၍ ဘဝသစ်သို့ပြောင်းရွှေ့"

"ဘဝဟောင်းကို စွန့််၍ ဘဝသစ်သို့ပြောင်းရွှေ့"

"ကွယ်လွန်ရှာပြီဖြစ်သော"

"ကွယ်လွန်ရှာပြီဖြစ်သော"

"မအသချော်. ."

"မအသချော်. ."

"ဆယ့်ရှစ်နှစ်သည်. ."

"ဆယ့်ရှစ်နှစ်သည်. ."

"ရောက်ရာဘ၀၊ ရောက်ရာဌာနမှ. ."

"ရောက်ရာဘ၀၊ ရောက်ရာဌာနမှ. ."

"သာဓုနုမော်. ."





"သာဓုနုမော်. ."

"ခေါ် ဆိုနိုင်ရန်. ."

"ခေါ် ဆိုနိုင်ရန်. ."

"ကျန်ရစ်သောမိသားစုတို့က. ."

"ကျန်ရစ်သောမိသားစုတို့က. ."

"အမျှအတန်း. ."

"အမျှအတန်း. ."

"ပေးဝေပါ၏. ."

"ပေးဝေပါ၏. ."

"အရှင်ဘုရား. ."

"အရှင်ဘုရား. ."

"ထိုကောင်းမှုကံ စေတနာတို့ကြောင့်"

"ထိုကောင်းမှုကံ စေတနာတို့ကြောင့်"

"ဒုက္ခခပ်သိမ်း. ."

"ဒုက္ခခပ်သိမ်း. ."

"ကင်းငြိမ်းရာမှန်. ."

"ကင်းငြိမ်းရာမှန်. ."

"ပြည်နိဗ္ဗာန်ကို. ."

"ပြည်နီဗွာန်ကို. . "

"ရောက်ရပါလို၏. . "

"ရောက်ရပါလို၏. . "

"အရှင်မြတ်ဘုရား. . "

"အရှင်မြတ်ဘုရား. . "

"ဤကောင်းမှုကံစေတနာတို့၏အဖို့ဘာဂကို"

"ဤကောင်းမှုကံစေတနာတို့၏အဖို့ဘာဂကို"

"၃၁ဘုံ. . "

"၃၁ဘုံ. . "

"ကျင်လည်ကုန်သော. . "

"ကျင်လည်ကုန်သော. . "

"အလုံးစုံသော သတ္တဝါအပေါင်းတို့အား"

"အလုံးစုံသော သတ္တဝါအပေါင်းတို့အား"

"အမျှပေးဝေပါ၏. . . "

"အမျှပေးဝေပါ၏. . . "

"အမျှပေးဝေပါ၏. . . "

"အမျှပေးဝေပါ၏. . . "

"အမျှပေးဝေပါ၏. . . "

*ဆောင်းညပြာသို့စာလေ*



"အမျှပေးဝေပါ၏. . . "

"အားလုံးသောသတ္တဝါအပေါင်းတို့သည်. . "

"အားလုံးသောသတ္တဝါအပေါင်းတို့သည်. . "

"အမျှရ၍. . "

"အမျှရ၍. . "

"ကိုယ်စိတ်နှစ်ဖြာ. . "

"ကိုယ်စိတ်နှစ်ဖြာ. . "

"ကျန်းမာကြသည်. . "

"ကျန်းမာကြသည်. . "

"ချမ်းသာကြသည်. . "

"ချမ်းသာကြသည်. . "

"ဖြစ်ပါစေသော်. . . "

"ဖြစ်ပါစေသော်. . . "

"အားလုံး ကြားကြားသမျှ အမျှ. . အမျှ. . အမျှ. . ယူတော်မူကြပါကုန်လော့"

ညီထိုက်. . အသချေ့ကို လှမ်းကြည့်သည်။ အသချေ့နှုတ်ခမ်းလေး လှုပ်နေတာကို သူတွေ့လိုက်ရသည်။

ညီမလေး သာခုခေါ် နိုင်ပြီနော်. . အစ်ကို ကျေနပ်ပါပြီကွာ။

*ဆောင်းညပြာသို့စာလေ*

"သာခု. . သာခု. . သာခု. . "

"အားလုံး ကြားကြားသမျှ အမျှ. . အမျှ. . အမျှ. . ယူတော်မူကြပါကုန်လော့"

"သာခု. . သာခု. . သာခု. . "

သူမ မျက်နှာလေး ပြုံးနေသည်။

"အားလုံး ကြားကြားသမျှ အမျှ. . အမျှ. . အမျှ. . ယူတော်မူကြပါကုန်လော့"

"သာခု. . သာခု. . သာခု. . "

မျက်ဝန်းထောင့်မှာ မြင်နေရတဲ့ အသခ်ျေ့အရိပ်ကလေး. . တဖြည်းဖြည်း ကွယ်ပျောက်၍သွားသည်။ ညီမလေး သွားပြီပေါ့. . .

ယောကျ်ားတန်မဲ့ သူ မျက်ရည်စို့ပါသည်။ အသခ်ျေအတွက် သူခံစားနေတုန်း တရားနာနေတဲ့ဧည့်ပရိသတ်တွေ ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။

သူ. . ကြည့်လိုက်တော့ လင်းညိုအမေနှင့်ရဲတွေ အိမ်ထဲဝင်လာကြသည်။ ဒေါ်တင်တင်လတ်က ညီထိုက်ကို လက်ညှိုးထိုးပြီး

"သူ့ကို ဖမ်းကြပါရှင်၊ သူ ကျွန်မတို့အိမ်ထဲလည်း ခိုးဝင်တယ် ဆေးရုံပေါ်က ကျွန်မသားလေးကို သူ အတင်းခေါ်ထုတ်သွားတာ"

"မေမေ. . . စကားကို လွယ်လွယ်မပြောပါနဲ့၊သူ လူကောင်း





သူ ကျွန်တော့်ကို ကူညီနေတာ. . သူ့ကြောင့်သာ မဟုတ်ရင် မေမေလိမ်သမျှ ကျွန်တော် ခံနေရဦးမှာ"

လင်းညိုက မိခင်ဖြစ်သူကို နာကြည်းစွာပြောသည်။ရဲတွေက

"ကဲ. . ညီလေး. . စခန်းကို လိုက်ခဲ့ပါ. . အစ်ကိုတို့ တာဝန်အရ လုပ်ရတာပါ"

"ခင်ဗျားတို့တာဝန်ကို နားလည်ပါတယ်. . ဒါပေမယ့် အဲဒီမိန်းမကြီး အတ္တအရမ်းကြီးတယ်ဗျ၊ သူ့ကြောင့်. . သူ့ရဲ့အတ္တကြောင့် အသခ်ျေ သေခဲ့ရတာ၊ မနက်ဖြန်ကျရင် ကျွန်တော်ကိုယ်တိုင် ရဲစခန်းလာခဲ့ပါ့မယ်. . ခုတော့ မရဘူး"

ပြောပြီး ညီထိုက်သည် အိမ်ဘေးပြတင်းပေါက်မှ ခုန်ချကာ ထွက်ပြေးသွားသည်။

ဒီည. .

အသခ်ျေ ဟိုနေရာလေးမှာ ရှိ မရှိ သေချာအောင် သူသွားကြည့်ရဦးမည်။

ဟိုင်းဝေးလမ်းပေါ်မှာ. . ပြိုင်ကားလေး တစ်စီး၊ ကားပေါ်မှာ ကောင်လေးတစ်ယောက်. . . မျက်ရည်များစွာနဲ့. .

ညရဲ့လေနုအေးတွေက ကားပြတင်းမှတစ်ဆင့် သူ့ကို ကျီစယ်နေသည်။ လျှောင်နေတာလား ညလေလေးရယ်. .

သူ့နားထဲမှာ သီချင်းလေးတစ်ပုဒ်ကို ကြားနေရသည်။

ရိန်မိုး ဆိုထားတဲ့ သီချင်းလေးတစ်ပုဒ်. . အသခ်ျေ့ဘဝနှင့် ထပ်တူကျနေသည်။

အသခ်ျေ စောင့်နေကျနေရာလေးမှာ ပြိုင်ကားလေးကိုရပ်ပြီး ကားပေါ်မှဆင်းကာ လ,မဲ့နေသော ကောင်းကင်ကြီးကို သူ ငေး ကြည့်နေမိသည်။

♬ ဝိုးတဝါး × × သက်သက် အသံကြား သီချင်းသံလေ လား × × × တိုက်ခတ်လေညင်းလား × × × ထင်ယောင် မှား × × × ကြားတစ်ချက် × ×သံစဉ်အပိုင်းအစတချို့ × × အတွေးထဲဝင်ရောက်မိတယ်× × ခဏတာလေး× × သူ. . ယောင်မယ်လား × × ရုတ်တရက် တို့မေးစဉ်မှာ စိတ်ထဲက × × အိပ်မက်လား × × စိတ်ထင်မှား × × အတွေးကို သူ ဖမ်းစားခိုက် × × အသိမဲ့ရင်မှာ ငေးမောနေမိခဲ့ × × ခန္ဓာ ရုပ်ကြွေခဲ့သောသူ့အတွက် × × တကယ်တော့ သနား. . . စရာ့အဖြစ်လား × × × ဝိညာဉ်ငယ်လေး× ×ဘဝသို့ × × ပြောင်းလဲနေသူ× ×မိန်းကလေးရယ် အဖြစ်ဆိုး× × ×စာနာ နားလည်နိုင်ခဲ့ရတဲ့ ကိုယ့်အဖြစ်များ× × ×ကိုယ်သာ ဝိညာဉ် ငယ်လေးဘဝအတွက် အဖြေရှာရင်း× ×ကိုယ်သာ ဝိညာဉ်





ငယ်× × ×အတွက် ပေါင်းကူးပေးသူပါ× ×စာနာနားလည် ခဲ့သော သနားစရာ့ဝိညာဉ်ပါ × × × ♬

အသခ်ျေ. . ညီမလေး အစ်ကို့ဆီကို ဘယ်တော့မှ လာနိုင် မှာ မဟုတ်တော့ဘူးနော်. . အစ်ကိုလေ. . ဒီနေရာလေးကို ရောက် ဘိုင်း ညီမလေးကို သတိရနေမှာပါ. .

အသခ်ျေနဲ့ ဆုံခဲ့ရတဲ့ ပုံရိပ်လေးတွေကို သူ့မျက်လုံးထဲမှာ ဘရေးရေးပြန်မြင်နေမိသည်။

တကယ်တော့ အသခ်ျေဟာ သနားစရာကောင်းတဲ့ ဝိညာဉ် ငယ်လေးပါ။ ဟိုင်းဝေးလမ်းက လိပ်ပြာဖြူလေးအတွက် သူဟာ ပေါင်း ကူးပေးတဲ့သူပါပဲ။

အဲဒီဝိညာဉ်လေးကို သူ စာနာသည်။ သနားသည်။

ပြီးတော့. . ချစ်သည်. .

သူ့မျက်ရည်လေးတစ်စက် ဟိုင်းဝေးလမ်းပေါ်မှာ ကျသွားခဲ့ ပြီ။ မင်း မြင်မှာ မဟုတ်တော့ဘူးနော်. . မင်းအတွက်ကျတဲ့ ကိုယ့်ရဲ့ သံယောဇဉ်မျက်ရည်လေးပါ. . .

မှုပိုင်နှင်းဆီ

3:46 P.M.(Thursday)

11th, July, 2013

## မြို့ မိုင်းနှင်းဆီ ၏ထွက်ရှိပြီးစာအုပ်များ

၁။ ပင်လယ်ရေချမ်းနွေမှာခန်း (DVD ဇာတ်ကားကြီး)
နေတိုး၊ သက်မွန်မြင့် – ဒါရိုက်တာ ဝင်းထွန်းထွန်း)
၂။ ဖူးစာလူးလာဒူးကာလို့မရ(ဗွီဒီယို)
မင်းမော်ကွန်း၊ ရဲအောင်၊ ဗေလုဝ၊ စိုးမြတ်သူဇာ၊ ခင်လေးနွယ်၊
ဒါရိုက်တာ ကိုဇော်–အရုဏ်ဦး)
၃။ ဒါရိုက်တာ ၂၀၀၉
၄။ စပ်မထိဘုံဗေါင်
၅။ ဇာသုံးဇာ(ဗွီဒီယို)
မင်းမော်ကွန်း၊ ရဲအောင်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ နီဘာယ်ကျော်ကျော်
ဒါရိုက်တာ ဝင်းထွန်းထွန်း)
၆။ တူညီ. . ပိုးလ် . .မိုက်
၇။ နောက်ကြည့်အစိတ်. . ရှေ့ကြည့်လေးဆယ်(ဗွီဒီယို)
မင်းမော်ကွန်း၊ မိုးဟေကို၊ ဒါရိုက်တာ ကိုဇော် အရုဏ်ဦး
၈။ ရွှံ့ရုပ်(ရုပ်ရှင်ကားကြီး)
၉။ ပင်လယ်ရေမျက်နှာပြင်ထက်ကမွန်းချယ်ရီ (ဗွီဒီယို)
(မြင့်မြတ်၊ နဝရတ်၊ မင်းဦး၊ ဒါရိုက်တာ–နေပိုင်)
၁၀။ လက်မှတ်
၁၁။ ပုလင်းကွဲ (ဗွီဒီယို)
မင်းမော်ကွန်း၊ မိုးဟေကို၊ ဒါရိုက်တာ–နေပိုင်)
၁၂။ အားအားယားယား (DVD ဇာတ်ကားကြီး)
ရန်အောင်၊ ရဲအောင်၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ ခင်လေးနွယ်၊
ဒါရိုက်တာ ကိုဇော်–အရုဏ်ဦး)
၁၃။ ကျွန်တော်နဲ့ဟာသမယ်များ(ဗွီဒီယို)
(မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊
အိန္ဒြာကျော်ဇင်၊ ဒါရိုက်တာ – ကုသိုလ်)
၁၄။ ဘဝသောင်ယံကမ်းစပ်လှိုင်းထန်
၁၅။ ဟိုးတောင်ခြေမှာရောင်နီတွေပျို့ပြီလွှာ
၁၆။ တောင်ပေါ်မြို့ရဲ့ရစ်သမ်ပျို
၁၇။ မယားကြီး FC Vs မယားငယ် FC
၁၈။ ဘူဇွာဟိုတယ် (ဗွီဒီယို)
၁၉။ နွေထနောင်းဆောင်းသက်သေ
၂၀။ အသိုက်ဖြိုငှက်
၂၁။ ဝိညာဉ်ဆိုတဲ့သီချင်းသံ (ဗွီဒီယို)
ပြေတီဦး၊ ဝတ်မှုန်ရွှေရည်၊ ပိုင်းစုခိုင်သိန်း၊ ဒါရိုက်တာ–နေပိုင်)
၂၂။ ဝမ်းတွင်းအောင်သွယ်တော် (ဗွီဒီယို)
စည်ဖြိုး၊ စိုးပြည့်သဇင်၊ ဗေလုဝ၊ ဒါရိုက်တာ–နေပိုင်)
၂၃။ သေတွင်းဝကIVY (အိုင်ဗီ)
၁၄။ မိုးကုပ်စက်ဝိုင်းရဲ့ နံနက်ခင်းနေရောင်
၁၅။ ပေရယ်ညွှန်းစာဖွဲ့

**NEXT BOOK**

- **ဆရာမကြီးလို့တံဆိပ်လာမတပ်နဲ့**
- **သားအသက်လေး ပြန်ပေးပါ**